ကြေးမုံ
The Mirror

၁၃၆၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (6-9-2004) (၄၃၄၈)

တပေါ် စ
တော် မင်္ဂလ မုတ္တမ်။

ဖြိုးခြိုးစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သော မင်္ဂလာ မည်၏။

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆိုအကအရေးအတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက် ဆွေးနွေးမှာကြားစဉ်။ (သတင်းစဉ်)

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ရည်ရွယ်ချက်များ

(က) မိမိတို့ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတွင် မျိုးချစ်စိတ်ဓာတ်နှင့် ဇာတိသွေး၊ ဇာတိမာန် ထက်မြက်မြင့်မားရေး။
(ခ) မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ရေး။
(ဂ) မြန်မာ့ဂီတ၊ မြန်မာ့အကနှင့် မြန်မာတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာစစ်စစ် ဆက်လက်ထွန်းကား ပြန့်ပွားရေး။
(ဃ) မြန်မာတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများ ထိန်းသိမ်းရေး။
(င) လူငယ်ထု၏ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုဖြစ်ထွန်းရေး။
(စ) တိုင်းတစ်ပါးယဉ်ကျေးမှု လွှမ်းမိုးခြင်းမှ ကာကွယ်တားဆီးရေး။

နိုင်ငံအချို့ ရုပ်ပိုင်းဆိုင်ရာခေတ်မီတိုးတက်မှုနောက် အလောတကြီးလိုက်ပါရင်း ရိုးရာယဉ်ကျေးမှု တိမ်ကောပပျောက်နေ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး မပြတ်သောအမျိုးသားရေးသတိဖြင့် ဆက်လက်ကြိုးပမ်းဆောင်ရွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အကျိုးရလဒ်ကောင်းများကို ထိန်းသိမ်းမြှင့်တင် ရာမာယဏဇာတ်တော်ကြီး ယခင်နှစ်များထက် ပိုမိုအဆင့်မြင့်မားစွာ ကပြယှဉ်ပြိုင်နိုင်ကြမည်ဟု မျှော်လင့် ရုပ်သေးသဘင်ပြိုင်ပွဲတွင် မဟော်သဓာဇာတ်တော်ကြီးကို သမားစဉ်များနှင့်အညီ တင်ဆက်ကပြမည်ဟု ယုံကြည်

ရန်ကုန် စက်တင်ဘာ ၅

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် ရန်ကုန်မြို့ ပြည်လမ်းရှိ အမျိုးသားပြတိုက်၌ ကျင်းပရာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်း သာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေး ကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ် လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်း အနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက် အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီး နိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်း သား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့် စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

တက်ရောက်

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ ဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး ဦးစီးကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ အဆို၊အက၊ အရေး၊ အတီးပညာရှင်ကြီးများ၊ ပြိုင်ပွဲကျင်းပရေး လုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီအသီးသီးတို့မှ ဥက္ကဋ္ဌများ၊ ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ *

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ
The Mirror
၆-၉-၂၀၀၄
(တနင်္လာနေ့)

မြန်မာ့ကျန်းမာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက် အသည်းအစားထိုး ခွဲစိတ်ကုသမှုအောင်မြင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် နိုင်ငံတော်၏ ရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကြီးပေါ်ထွန်းလာရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက် (၁၂)ရပ် ချမှတ်ပြီး နေ့မအားညမနား ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ ဘက်စုံ၊ ကဏ္ဍစုံ၌ အခြေခံကောင်းများ ဖြစ်ထွန်းလာသည်ကို တွေ့ရသည်။

နိုင်ငံတော်က ချမှတ်ဖော်ဆောင်လျက်ရှိသည့် ဦးတည်ချက် (၁၂)ရပ်အနက် လူမှုရေးဦးတည်ချက် (၄)ရပ်တွင် **တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး** ဟူသည့် ဦးတည်ချက်တစ်ရပ်ပါရှိသည်။

ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုတစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လွှမ်းခြုံဆောင်ရွက်နိုင်ရန်အတွက် နိုင်ငံတော်က နိုင်ငံတစ်ဝန်း၌ ဆေးရုံ၊ ဆေးပေးခန်းများတိုးချဲ့ခြင်း၊ အဆင့်မြှင့်တင်ပေးခြင်း၊ အထူးကုဆေးရုံကြီးများ တိုးချဲ့ဖွင့်လှစ်ပေးခြင်း၊ ခေတ်မီကုသမှုအထောက်အကူပြု ပစ္စည်းကိရိယာများဖြည့်ဆည်းပေးခြင်း၊ အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်၊ သူနာပြုများ တိုးချဲ့ခန့်ထားခြင်း၊ ဆေးပညာရှင်များအား ပြည်ပသို့ပညာတော်သင်စေလွှတ်ခြင်းစသည့် ကဏ္ဍအသီးသီးတွင် ပံ့ပိုးဖြည့်ဆည်းပေးလျက်ရှိသည်။

ယင်းကဲ့သို့ နိုင်ငံတော်ပိုင်းက ပံ့ပိုးဖြည့်ဆည်းအားပေးမှုနှင့်အတူ ဆေးပညာရှင်များ၏ ကြိုးပမ်းစွမ်းဆောင်မှုကြောင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ တစ်နေ့တခြားတိုးတက်အောင်မြင်မှုများ ရရှိနေသည်ကိုတွေ့ရသည်။

သာဓကအားဖြင့် ခွဲစိတ်ကုသမှုအပိုင်းတွင် ရင်ချင်းဆက်အမြွှာကလေးငယ်များအား အောင်မြင်စွာခွဲစိတ်ကုသခြင်း၊ ကျောက်ကပ်အစားထိုးခွဲစိတ်ကုသခြင်း၊ ပြတ်နေသောလက်ကို အနုစိတ်ခွဲစိတ်ကုသခြင်း စသည့်အဆင့်မြင့်ခွဲစိတ်ကုသမှုများကို အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

ယခုတစ်ဖန် ကမ္ဘာ့ဆေးပညာလောကတွင် ခက်ခဲနက်နဲသော ဆေးပညာရပ်ဆိုင်ရာဖြစ်ပြီး ခွဲစိတ်ကုသမှုစရိတ်အနေဖြင့် အနောက်နိုင်ငံများ၌ ဒေါ်လာတစ်သိန်းမှ ခုနစ်သောင်းအထိ ကုန်ကျမှုရှိသည့် အသည်းအစားထိုး ခွဲစိတ်ကုသမှုကိုနိုင်ငံတော်၏ ပံ့ပိုးမှုဖြင့်မြန်မာနိုင်ငံတွင်ပထမဆုံးအကြိမ်အဖြစ် မြန်မာ့ဆေးပညာရှင်ကြီးများက ဩဂုတ်လ ၂၅ ရက်၌ အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့သည်။

အသည်းအလှူရှင်ထံမှ အသည်းကို ခွဲစိတ်အထူးကုဆရာဝန်ကြီး ဒေါက်တာသန့်ဇင်ဦးဆောင်သောအဖွဲ့က အောင်မြင်စွာထုတ်ယူနိုင်ခဲ့ပြီး အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ခွဲစိတ်အထူးကုဆရာဝန်ကြီး ပါမောက္ခဒေါက်တာနော်မန်လှဦးဆောင်သောအဖွဲ့က အောင်မြင်စွာ ဆောင်ရွက်ခဲ့ရာ ခွဲစိတ်ကုသမှုအချိန် ၁၃ နာရီခွဲ ကြာမြင့်ခဲ့သည်။ ကုသမှုခံယူသူကိုခင်ဇော်ထက်၏ကျန်းမာရေးအခြေအနေမှာ တိုးတက်ကောင်းမွန်လာလျက်ရှိသည်။

အမျိုးသားကျန်းမာရေးကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဩဂုတ်လ ၂၅ ရက်တွင် အသည်းအစားထိုး ခွဲစိတ်ကုသမှုကို ကြည့်ရှုအားပေးပြီးနောက် စက်တင်ဘာလ ၃ ရက်၌ ခွဲစိတ်ကုသမှုခံယူခဲ့သည့် ဝေဒနာရှင်၏ ကျန်းမာရေးအခြေအနေကို ကြည့်ရှုအားပေးကာ လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းပေးခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသနိုင်ရန်အတွက် ခွဲစိတ်ကုသမှုခံယူသူလူနာနှင့်အသည်းအလှူရှင်တို့ ကိုက်ညီမှုရှိရမည်ဖြစ်ပြီး အလှူရှင်၏အသည်းမှာလည်း ကောင်းမွန်ရန်လိုအပ်ကာ အကြောင်းဖြစ်စဉ်များ တိုက်ဆိုင်မှုရှိမှသာ အောင်မြင်စွာဆောင်ရွက်နိုင်မည်ဖြစ်သည်။

မြန်မာ့ဆေးပညာရှင်များသည် အသည်းအစားထိုးခွဲစိတ်ကုသမှုကို လွန်ခဲ့သောခြောက်လက စီစဉ်ခဲ့သော်လည်း လူနာရှိပြီး အသည်းအလှူရှင်မရှိသေးသဖြင့် ဆောင်ရွက်ခွင့်မရဘဲရှိခဲ့သည်။

အသည်းအစားထိုးခွဲစိတ်ကုသမှု ဆောင်ရွက်နိုင်ရန် နိုင်ငံတော်က ကျောက်ကပ်အစားထိုးခွဲစိတ်ကုသမှုအောင်မြင်ပြီးသည့်နောက် မြန်မာ့ဆေးပညာလောက အောင်မြင်မှုတစ်ဆင့်တက်လှမ်းနိုင်ရေးအတွက် ၂၀၀၂ ခုနှစ်ကတည်းက စီစဉ်ခဲ့ခြင်းဖြစ်သည်။

သို့ဖြစ်ရာ ကမ္ဘာ့ဆေးပညာလောကတွင် ခက်ခဲနက်နဲသော အသည်းအစားထိုးခွဲစိတ်ကုသမှုကို နိုင်ငံတော်၏ ပံ့ပိုး ဖြည့်ဆည်းမှုနှင့်အညီ မြန်မာ့ဆေးပညာရှင်များက အောင်မြင်စွာဆောင်ရွက်နိုင်ခဲ့ခြင်းသည် မြန်မာ့ဆေးပညာလောက အောင်မြင်မှုတစ်ဆင့် တက်လှမ်းနိုင်ခြင်းဖြစ်ပြီး မြန်မာနိုင်ငံကျန်းမာရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုကို သက်သေသာဓကပြသလိုက်ခြင်းပင်ဖြစ်ကြောင်း ကြေးမုံက ရှုမြင်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ရန်ကုန်မြို့တော် ရေပေးဝေရေးစီမံကိန်း ဒုတိယမြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် စက်တင်ဘာ ၅

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါသည် ယမန်နေ့နံနက်က ရန်ကုန်မြို့တော်ရေပေးဝေရေးစီမံကိန်း (ငမိုးရိပ်) လုပ်ငန်းများဆောင်ရွက်နေမှုကိုလိုက်လံကြည့်ရှုစစ်ဆေးသည်။ **(အောက်ပုံ)**

ဒုတိယမြို့တော်ဝန်အား ငမိုးရိပ်ရေလှောင်တမံမှ သောက်သုံးရေသွယ်ယူရေး လုပ်ငန်းကော်မတီအတွင်းရေးမှူး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဝင် ဗိုလ်မှူးကြီးတင်စိုး၊ လုပ်ငန်းကော်မတီတွဲဖက်အတွင်းရေးမှူး ရာပြတ်ဌာန ဌာနမှူး ဒေါက်တာထွန်းသန်းထွန်း၊ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု) ဌာနမှူး ဦးသောင်းရင်တို့က လှည်းကူးမြို့နယ် ချောင်းဝကျေးရွာနှင့် ကျောက်အိုင်ကျေးရွာအနီးတို့၌ ရန်ကုန်မြို့တော် ရေပေးဝေရေး ဆောင်ရွက်နေမှုများကို လိုက်လံရှင်းလင်းပြသသည်။ (၁၉)

ဗဟိုအလုပ်အမှုဆောင် ဒုတိယဝန်ကြီး ဦးသိန်းစိန် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် လက်တွေ့အောင်မြင်စွာ ဖော်ဆောင်မှုဟောပြောပို့ချ

ရန်ကုန် စက်တင်ဘာ ၅

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိန်းစိန်သည် ယနေ့မွန်းတည့် ၁၂ နာရီမှ ညနေ ၄ နာရီအထိ ရန်ကုန်တိုင်းမြောက်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်းက ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးဆင့်ပွားသင်တန်းအမှတ်စဉ်(၂၀/၂၁)တို့မှ သင်တန်းသား ၂၀၀ တို့အား နိုင်ငံတော်မူဝါဒနှင့် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် လက်တွေ့အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နေပုံနှင့်စပ်လျဉ်း၍ဟောပြောပို့ချသည်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ် ၄၆၆ ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

နိုင်ငံတကာသတင်းဂျာနယ် အမှတ် (၄၆၆)ကို ယနေ့ (တနင်္လာနေ့)တွင် ဖြန့်ချိလိုက်ပြီဖြစ်သည်။ **(အပေါ်ပုံ)**

"မီဒီယာခေတ်မကျန်ရစ်ဖို့"ဟူသော ဂျာနယ်ဦးတည်ချက် ဆောင်ပုဒ်ဖြင့် နိုင်ငံတကာသတင်းများနှင့် သတင်းဆောင်းပါးများကို ဦးဦးဖျားဖျား၊ ထူးထူးခြားခြားတင်ဆက်နေသောနိုင်ငံတကာသတင်းဂျာနယ်၏ ယခုအပတ်ထုတ်တွင် ချေချင်းညှာသူပုန်များ ရုရှားနိုင်ငံအတွင်း အကြမ်းဖက်နေ၊ အဘူဂါရိုပ်အကျဉ်းထောင်အရှုပ်တော်ပုံ အမေရိကန်ကာကွယ်ရေးဝန်ကြီးတာဝန်မကင်း၊ အက်စ်တိုးနီးယား နိုင်ငံအကြောင်းသိကောင်းစရာ၊ ကြက်ငှက်တုတ်ကွေးဗိုင်းရပ်ဝက်များ၌တွေ့ရခြင်း၊ ဥရောပ၏သမိုင်းသင်ခန်းစာ၊ပါကစ္စတန်ဝန်ကြီးချုပ်သစ်၊ နီပေါ ၁၂ဦး အီရတ်၌ အသတ်ခံရမှု၊ ရုရှားတောင်ပိုင်းစာသင်ကျောင်း ဓားစာခံဖမ်းဆီးခံရမှု၊ အီရတ်တွင် ပြန်ပေးဆွဲခံထားရသော ပြင်သစ်သတင်းထောက်များ၊ အစ္စရေးအတွက်သူလျှိုလုပ်ခဲ့ဖွယ်ရှိသည့်ပင်တဂွန်အရာရှိ၊ နေ့စကြဝဠာပြင်ပတွင် တွေ့ရသောဂြိုဟ်ကမ္ဘာသစ်နှစ်လုံး၊ နိုင်ငံတကာဟာသ၊ ယုံချင်ယုံမယုံချင်နေ၊ ဖရန်းစစ်လေကြမ်း၊ နှလုံးရောဂါအတွက်သတိပြုရမည့်အချက်များ၊ အကြမ်းဖက်ရန်ပြင်ဆင်နေသော အဘူဆေယက်၊ ပါကစ္စတန်က အလိုရှိနေသော အကြမ်းဖက်သမားများ၊ ယူရေနီယံခွဲထုတ်သန့်စင်မှု တောင်ကိုရီးယားစမ်းသပ်ခဲ့ စသည့် သတင်းများနှင့် သတင်းဆောင်းပါးများကို ဝေဝေဆာဆာ ဖော်ပြထားသည်။ (က-ပ)

မြန်မာ့စီးပွားရေးဘဏ် လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲ ကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန မြန်မာ့စီးပွားရေးဘဏ် ပြည်နယ်နှင့်တိုင်းမန်နေဂျာများ၏ ၂၀၀၃-၂၀၀၄ ဘဏ္ဍာရေးနှစ် နှစ်ချုပ်နှင့် ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ် ဘဏ်လုပ်ငန်းဆိုင်ရာ ညှိနှိုင်းဆွေးနွေးပွဲအခမ်းအနားကို ယနေ့နံနက် ၉နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် ဘဏ်ခွဲ(၁)အပေါ်ထပ် သင်တန်းခန်းမ၌ ကျင်းပရာ မြန်မာ့စီးပွားရေးဘဏ် ဦးဆောင်ညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးဆန်းထွန်း တက်ရောက် အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အခမ်းအနားသို့ မြန်မာ့စီးပွားရေးဘဏ် အထွေထွေမန်နေဂျာများ၊ ဒုတိယ အထွေထွေ မန်နေဂျာများ၊ ပြည်နယ်နှင့်တိုင်းမန်နေဂျာများနှင့် မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်) ဌာနများမှ အရာထမ်းများ စုစုပေါင်း ၃၆ဦးတို့ တက်ရောက်ကြသည်။ (သတင်းစဉ်)

အငြိမ်းစား အဆစ်ပညာရှင် သက်ကြီးပူဇော်ပွဲ

ရန်ကုန် စက်တင်ဘာ ၅

ဆေးရုံကြီးများနှင့် ဆေးဘက်ပညာသည်တက္ကသိုလ်ရှိ Physio Therapist ဌာနမှ အငြိမ်းစားယူသွားကြသော အကြောအဆစ်ပညာရှင် ဆရာ၊ ဆရာမကြီးများအား ပထမအကြိမ် သက်ကြီးပူဇော်ပွဲကို စက်တင်ဘာ ၁၁ ရက် (စနေနေ့) နံနက်၉နာရီတွင် ရွှေတိဂုံဘုရား တောင်ဘက်မုခ် ရွှေကျင်ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ လက်ရှိတာဝန်ထမ်းဆောင်နေဆဲ အကြောအဆစ်ပညာရှင်များအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက ဆေးဘက်ဆိုင်ရာ ပညာသည်တက္ကသိုလ် ဖုန်း-၅၂၆၀၂၅၊ ဒေါ်အေးအေးအောင် ဖုန်း-၀၉-၈၀၃၃၉၉၄ နှင့် ဦးတင်မြင့် ဖုန်း-၅၆၁၆၁၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

(က-ပ)

အာဆီယံစီးပွားရေးဝန်ကြီးများ ဒေသတွင်း စီးပွားရေးကိစ္စများ ဂျကာတာ၌ ဆွေးနွေး

ဂျကာတာ စက်တင်ဘာ ၄

အာဆီယံအဖွဲ့ဝင် ၁၀ နိုင်ငံတို့မှ စီးပွားရေးဝန်ကြီးများ၏ (၃၆) ကြိမ်မြောက် အစည်းအဝေးကို စက်တင်ဘာ ၃ ရက်က အင်ဒိုနီးရှားနိုင်ငံ ဂျကာတာမြို့၌ ကျင်းပလျက်ရှိသည်။ ထိုအစည်းအဝေးတွင် အာဆီယံဒေသတွင်း စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုမြှင့်တင်ရေး၊ ကုန်သွယ်မှုတိုးချဲ့ရေးကိစ္စများကို အရှိန်တိုးမြှင့်ဆောင်ရွက်သွားနိုင်ရန် နှီးနှောဆွေးနွေးကြမည်ဖြစ်သည်။

ဝန်ကြီးများသည် ဒေသတွင်း စီးပွားရေးတိုးချဲ့မြှင့်တင်ရာ၌ ဦးစားပေးကဏ္ဍကြီး ၁၁ ခုတို့နှင့်ပတ်သက်၍ အလေးထား နှီးနှောကြမည်ဖြစ်ကြောင်း ယူဆရသည်။ ထိုဦးစားပေးကဏ္ဍများတွင် ယာဉ်ရထားများလုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ အီလက်ထရွန်နစ်လုပ်ငန်း၊ အိုင်တီနည်းပညာလုပ်ငန်း၊ ကျန်းမာရေး ဝန်ဆောင်မှုလုပ်ငန်း၊ ရော်ဘာ အခြေခံထွက်ကုန်လုပ်ငန်း၊ သစ်အခြေခံထွက်ကုန်လုပ်ငန်း၊ ခရီးသွား ဧည့်ကြိုလုပ်ငန်း၊ စိုက်ပျိုးရေးလုပ်ငန်း၊ ငါးပုစွန်လုပ်ငန်းနှင့် လေကြောင်းဆိုင်ရာ လုပ်ငန်းများပါဝင်သည်။

ထိုကဏ္ဍများသည် အခြားသောနိုင်ငံများနှင့်စာလျှင် အာဆီယံနိုင်ငံများအနေဖြင့် အားသာချက်ရှိသည့် ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးနယ်ပယ်များတွင် အကျုံးဝင်သည်ဟု ဆိုသည်။

ထိုအစည်းအဝေးအပြီးတွင် စီးပွားရေးအငြင်းပွားမှု ပြဿနာများ ဖြေရှင်းရေးအတွက် ထိရောက်သော ယန္တရားတစ်ရပ်ဖော်ထုတ်နိုင်ခြင်း၊ ကုန်သွယ်ရေးနှင့်တစ်ပြေးညီ စံနှုန်းများထားရှိကျင့်သုံးနိုင်ခြင်းနှင့် တူညီသော ရင်းနှီးမြှုပ်နှံမှု လုပ်ထုံးလုပ်နည်းများ ချမှတ်နိုင်ခြင်း အကျိုးရလဒ်များ ပေါ်ထွက်လာလိမ့်မည်ဟု မျှော်လင့်ထားကြကြောင်း သိရသည်။

ထိုအစည်းအဝေးတွင် အာဆီယံနိုင်ငံအချင်းချင်း သက်သက်သာ ဆွေးနွေးနှီးနှောကြသည် မဟုတ်ဘဲ အခြားသော မိတ်ဖက်နိုင်ငံများနှင့်လည်း တွေ့ဆုံဆွေးနွေးမှုများ ရှိမည်ဖြစ်၍။ ထိုအစည်းအဝေးအတွင်း စီးပွားကုန်သွယ် ဆက်ဆံဖက်များဖြစ်ကြသော ဩစတြေးလျ၊ တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် ဥရောပသမဂ္ဂတို့နှင့်လည်း ထိတွေ့ဆွေးနွေးခွင့်ရကြမည်ဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ဂျကာတာ၌ ကျင်းပသော အာဆီယံစီးပွားရေးနှင့် ကုန်သွယ်ရေးဝန်ကြီးများ အစည်းအဝေး အပြီးတွင် အင်ဒိုနီးရှား ကုန်သွယ်ရေးနှင့်စက်မှုဝန်ကြီး ရီနီဆူဝမ်ဒီအား တောင်ကိုရီးယား၊ ဂျပန်နှင့် တရုတ် ကုန်သွယ်ရေးနှင့် စက်မှုဝန်ကြီးများနှင့်အတူ တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အာဆီယံနိုင်ငံများ၏ စီးပွားရေးကို ကမ္ဘာ့စီးပွားရေးနှင့်ပါ လမ်းဖွင့်ထားသင့်

ဂျကာတာ စက်တင်ဘာ ၄

အင်ဒိုနီးရှားနိုင်ငံသမ္မတမယ်ဂါဝတီဆူကာနိုပူထရီက စက်တင်ဘာ ၃ ရက်တွင် ကျင်းပသော အာဆီယံ စီးပွားရေးဝန်ကြီးများအစည်းအဝေး၌ တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ သူမက အာဆီယံနိုင်ငံများသည် ကမ္ဘာ့စီးပွားရေးနှင့်ပါ လမ်းဖွင့်ဆောင်ရွက်သွားကြရန်လိုအပ်ကြောင်းကို အလေးပေးပြောကြားခဲ့သည်။

စီးပွားရေး တိုးချဲ့မြှင့်တင်ရေးကိစ္စကို ဆောင်ရွက်ရာတွင် အဖွဲ့အတွင်းကိုသာကွက်၍ အင်အားကောင်းမွန်လာအောင်ဆောင်ရွက်ပြီး ကမ္ဘာနှင့်အဆက်အသွယ်ဖြတ်ကာ သီးသီးသန့်သန့် လုပ်ဆောင်သွားရမည်ဟု မဆိုလို။ အာဆီယံအဖွဲ့အစည်းအနေဖြင့် ကမ္ဘာ့စီးပွားရေး အဆက်အသွယ်များကိုပါ လမ်းဖွင့်ဆောင်ရွက်သွားကြရမည်သာဖြစ်ကြောင်း အင်ဒိုနီးရှားသမ္မတက အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေး အဖွင့်မိန့်ခွန်းတွင် ထည့်သွင်းပြောကြားသည်။

အာဆီယံအဖွဲ့သည် စီးပွားဖက်များဖြစ်သည့် တရုတ်၊ အိန္ဒိယ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဩစတြေးလျနှင့် နယူးဇီလန်နိုင်ငံများနှင့်ပါ ကုန်သွယ်စီးပွားအဆက်အသွယ်များ တိုးတက်ကောင်းမွန်ရေးကို ဆက်လက်ဆောင်ရွက်သွားကြရန် သမ္မတဆူကာနိုပူထရီက တိုက်တွန်းသွားသည်။

အာဆီယံထွက်ကုန်ပစ္စည်းများ၏ ဈေးကွက်တိုးချဲ့ရေးမှာ အဓိက ရည်မှန်းချက်ဖြစ်သည်။ သို့ဖြစ်သည့်အလျောက် အာဆီယံသည် အရေးပါသော ကမ္ဘာ့စီးပွားရေး အသိုင်းအဝိုင်းများနှင့်လည်း လွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက်များကို ရယူဆောင်ရွက်သွားရေးကိစ္စကို ထောက်ခံအားပေးကြောင်း အင်ဒိုနီးရှားသမ္မတက ထည့်သွင်းမိန့်ကြားခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အာဆီယံစီးပွားရေးဝန်ကြီးများ အစည်းအဝေးတွင် အင်ဒိုနီးရှား သမ္မတမယ်ဂါဝတီဆိုကာနိုပူထရီ(ယာ၀စွန်)**အား အာဆီယံနိုင်ငံများမှ စီးပွားရေးဝန်ကြီးများနှင့် အတူ တွေ့ရစဉ်။** (ဓာတ်ပုံ-အင်တာနက်)

ထုတ်ကုန်တွင် ပြည်တွင်းထွက်ကုန်ကြမ်းပစ္စည်းများ ပါဝင်ရေး အာဆီယံဝန်ကြီးများ ဂျကာတာတွင် တွေ့ဆုံဆွေးနွေးမည်

ဂျကာတာ စက်တင်ဘာ ၄

ဒေသအတွင်း ကုန်သွယ်ရေးကို တိုးချဲ့မြှင့်တင်ရန် အာဆီယံဝန်ကြီးများသည်ထုတ်ကုန်တွင်ပြည်တွင်းထွက်ကုန်ကြမ်းနှင့် ပစ္စည်းများပါဝင်ရေးစည်းမျဉ်း ပြင်ဆင်ရေးအဆိုပြုချက်ကို ထောက်ခံ အတည်ပြုလိုက်ကြောင်း အင်ဒိုနီးရှား စာနယ်ဇင်းများက ရေးသားဖော်ပြခဲ့ကြသည်။

အာဆီယံဒေသအတွင်း ထုတ်လုပ်သောကုန်ပစ္စည်းများသည် ဒေသတွင်းရှိ အခြားနိုင်ငံတစ်ခုခုသို့ တင်ပို့ရာတွင် နည်းပါးသော အကောက်အခွန်နှုန်းထားဖြင့် ကောက်ခံသည့် အကျိုးခံစားခွင့် ပေးထားသည်။ ထိုအခွင့်အရေးကို ရယူလိုလျှင် ထုတ်ကုန်တွင် ပြည်တွင်းထွက်ကုန်ကြမ်းနှင့်ပစ္စည်းအစိတ်အပိုင်းများ ပါဝင်ရေး စည်းကမ်းနှင့်အညီဖြစ်မှသာအကျိုးခံစားခွင့်ရမည်ဖြစ်ကြောင်း ဂျကာတာပို့စ် သတင်းစာက ရေးသားသည်။ အာဆီယံဒေသ ထွက်ကုန်များတွင် ထိုဒေသမှထွက်ရှိသော ကုန်ကြမ်း ပစ္စည်း သို့မဟုတ် ဒေသမှထွက်သည့် ပစ္စည်း အစိတ်အပိုင်း အနည်းဆုံး ၄၀ ရာခိုင်နှုန်း ပါဝင်သုံးစွဲထုတ်လုပ်ရမည်ဟု ထုတ်ကုန်တွင် ပြည်တွင်းထွက်ကုန်ကြမ်းနှင့်ပစ္စည်းများ ပါဝင်ရေးစည်းမျဉ်းက ပြဋ္ဌာန်းသတ်မှတ်ထားသည်။

ထုတ်ကုန်တွင် ပြည်တွင်းထွက်ကုန်ကြမ်းနှင့် ပစ္စည်းများပါဝင်ရေး စည်းမျဉ်းသည် အာဆီယံလွတ်လပ်စွာ ကုန်သွယ်ရေး သဘောတူညီချက် (အက်ဖ်တာ) အကောင်အထည်ဖော်နိုင်ရန် လုပ်ဆောင်မှု၏တစ်စိတ်တစ်ဒေသပင်ဖြစ်သည်။ အက်ဖ်တာသဘောတူညီမှုအရ အကောက်ခွန်နှုန်းကို သုညမှ ၅ ရာခိုင် နှုန်းအတွင်းသာ သတ်မှတ်ထားမည်ဖြစ်သည်။

ထုတ်ကုန်တွင် ပြည်တွင်းထွက်ကုန်ကြမ်းနှင့် ပစ္စည်းများပါဝင်ရေး စည်းမျဉ်းတွင် မူလက ဒေသမှထွက်ရှိသော ကုန်ကြမ်းအနည်းဆုံး ၄၀ရာခိုင်နှုန်း ပါဝင်သုံးစွဲရမည်ဟုသတ်မှတ်ထားသည်။ ထိုသတ်မှတ်ချက်ကို ကုန်ကြမ်း ၄၀ ရာခိုင်နှုန်းပါဝင်ရမည်ဆိုသော အချက် အစား ၂၀ ရာခိုင်နှုန်းသာ ပါဝင် ရမည်ဟု ပြင်ဆင်သတ်မှတ်ရန် အဆို ပြုထားခြင်းဖြစ်သည်။ ထိုသို့ သတ်မှတ်ခြင်းမှာသီအိုရီသဘောတရားအရ ဒေသတွင်း ကုန်သွယ်မှုကို မြှင့်တင်နိုင်ရန် ပြုလုပ်ခြင်းဖြစ်သည်ဟု ဆိုသည်။ ယခုပြင်ဆင်ထားသော ထုတ်ကုန်တွင်ပြည်တွင်းထွက်ကုန်ကြမ်း ၂၀ ရာခိုင်နှုန်း ပါဝင်ရမည်ဆိုသော သတ်မှတ်ချက်ကိုလည်းနောက်လာမည့် နှစ်များတွင် ၁၀ ရာခိုင်နှုန်းအထိ ဆက်လက်လျှော့ချ သွားနိုင်စရာ အကြောင်းရှိမရှိကို ဆက်လက် စဉ်းစားကြမည်ဖြစ်ကြောင်းကိုပါ အင်ဒိုနီးရှားသတင်းစာက ကိုးကားဖော်ပြခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

လုပ်ငန်းကဏ္ဍ ၁၀ခု၌ ဈေးကွက်ဖွင့်လှစ်ပေးမည် အာဆီယံစီးပွားရေးဝန်ကြီးများ သဘောတူညီ

ဂျကာတာ စက်တင်ဘာ ၄

အရှေ့တောင်အာရှနိုင်ငံများအသင်း(အာဆီယံ) စီးပွားရေးဝန်ကြီးများသည် အစောဆုံး ၂၀၀၇ ခုနှစ်တွင် ဦးစားပေးလုပ်ငန်းကဏ္ဍ ၁၁ ခုအနက်မှ ၁၀ ခုကို ဈေးကွက်ဖွင့်လှစ်ပေးရန် သောကြာနေ့က သဘောတူညီခဲ့ကြသည်။

ဖော်ပြပါ လုပ်ငန်းကဏ္ဍ ၁၀ ခုမှာ မော်တော်ယာဉ်လုပ်ငန်း၊ အထည်အလိပ်လုပ်ငန်း၊ အီလက်ထရွန်နစ် လုပ်ငန်း၊ သတင်းအချက်အလက် ဆက်သွယ်ရေး နည်းပညာလုပ်ငန်း၊ ကျန်းမာရေးလုပ်ငန်း၊ ရော်ဘာအခြေစိုက် ထုတ်ကုန်များလုပ်ငန်း၊ သစ်သားအခြေပြု ထုတ်ကုန်များလုပ်ငန်း၊ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းနှင့်ရေလုပ်ငန်းတို့ ဖြစ်ကြသည်။

အဆိုပြုခဲ့

သုံးရက်ကြာ အစည်းအဝေးတစ်ရပ်အတွက် ဂျကာတာမြို့တွင် စုဝေးရောက်ရှိနေကြသော အာဆီယံ စီးပွားရေးဝန်ကြီးများသည် လာအိုနိုင်ငံ ဗီယန်ကျင်းမြို့တော်တွင် ကျင်းပမည့် ထိပ်သီးဆွေးနွေးပွဲအတွင်း အာဆီယံခေါင်းဆောင်များက အတည်ပြုချမှတ်မည့် လုပ်ငန်းကဏ္ဍ ၁၀ ခု၏ ဈေးကွက်များ ဖွင့်လှစ်ပေးရန် အဆိုပြုခဲ့ကြသည်။

ကြိုးပမ်း

အစည်းအဝေးတွင် မိမိတို့ ပွင့်ပွင့်လင်းလင်း ဆွေးနွေးခဲ့ကြကြောင်း၊ မိမိတို့ရင်ဆိုင်နေကြရသော ပြဿနာများအားလုံးကို ဖြေရှင်းနိုင်စေရန် ကြိုးပမ်းခဲ့ကြကြောင်း၊ အစည်းအဝေးတွင် ရလဒ်ကောင်းများကို မိမိတို့ရရှိခဲ့ကြပြီး ဗီယန်ကျင်း၌ ကျင်းပမည့် အာဆီယံထိပ်သီးအစည်းအဝေးအတွက် ဆွေးနွေးရန် အစီအစဉ်အများအပြားကို ချမှတ်နိုင်ခဲ့ကြောင်း စီးပွားရေးဝန်ကြီးများ အစည်းအဝေး၏ သဘာပတိ အင်ဒိုနီးရှား ကုန်သွယ်ရေးနှင့်စက်မှုလုပ်ငန်း ဝန်ကြီး ရီနီဆူဝမ်ဒီက ပြောကြားသည်။

စတင်မည်

ဦးစားပေးလုပ်ငန်းကဏ္ဍများ၏ ဈေးကွက်လွတ်လပ်ခွင့်ပေးရေးသည် အာဆီယံ၏ မူလအဖွဲ့ဝင်နိုင်ငံများ ဖြစ်ကြသော စင်ကာပူ၊ ထိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်၊ အင်ဒိုနီးရှားနှင့် ဘရူနိုင်းနိုင်ငံတို့တွင် ၂၀၀၇ ခုနှစ်တွင် လည်းကောင်း၊ အဖွဲ့ဝင်နိုင်ငံသစ်များဖြစ်ကြသော လာအို၊ ကမ္ဘောဒီးယား၊ ဗီယက်နမ်နှင့် မြန်မာနိုင်ငံတို့တွင် ၂၀၁၂ ခုနှစ်တွင်လည်းကောင်း စတင်မည်ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ပိုလန်တပ်ဖွဲ့များ အီရတ်သို့စေလွှတ်မှု ပြည်တွင်း၌ ဆန့်ကျင်ကန့်ကွက်လျက်ရှိ အီရတ်ရောက် ပိုလန်တပ်ဖွဲ့အင်အား လျှော့ချရန် စီစဉ်နေရ

ရှေ့ကြည့်မှန် The Mirror နိုင်ငံတကာ သတင်းများ

ဝါဆော စက်တင်ဘာ ၃

အီရတ်သို့ စေလွှတ်ထားသော ပိုလန်တပ်ဖွဲ့ကို ရှေ့နှစ်ဆန်းတွင် လျှော့ချသွားရန် စီစဉ်ထားသည်။ ထိုသို့ အစီအစဉ်ရှိသည်နှင့်အညီ အီရတ်ရှိ ပိုလန်တပ်ဖွဲ့များ တာဝန်ယူထားသော ဇုန်နယ်မြေကို အခြားတာဝန်ယူမည့် အဖွဲ့အစည်းလက်သို့ လွှဲပြောင်းပေးသွားမည်ဖြစ်ကြောင်း ပိုလန်ကာကွယ်ရေးဝန်ကြီး ဂျာရူဇမာဇင်စကီးက ပြောကြားသည်။

ပိုလန်တပ်ဖွဲ့ဝင်များသည် အီရတ်နိုင်ငံ တောင်ဘက်အလယ်ပိုင်းဒေသကို အပေါင်းပါတပ်ဖွဲ့ဝင်အင်အား ၆၅၀၀ ဖြင့် လုံခြုံရေး၊ အုပ်ချုပ်ရေးကိစ္စများကို တာဝန်ယူထားသည်။ ပိုလန်နိုင်ငံကိုယ်တိုင်ကမူ တပ်ဖွဲ့ဝင်အင်အား ၂၅၀၀ ကို အီရတ်သို့ စေလွှတ်ထားပြီး အပေါင်းပါတပ်ဖွဲ့များနှင့်အတူ တာဝန်ထမ်းဆောင်လျက်ရှိသည်။ ပိုလန်တို့က တာဝန်လွှဲပြောင်းပေးမည့် ဇုန်နယ်မြေမှာ ကာဘာလာဒေသဖြစ်သည်ဟု ဂျာရူဇမာဇင်စကီးက ဆိုသည်။

မိမိတို့ ပိုလန်တပ်ဖွဲ့များအနေဖြင့် ကာဘာလာဒေသကို အခြားတပ်ဖွဲ့များလက်သို့ တာဝန်လွှဲပေးမည်။ သို့ရာတွင် ပိုလန်တပ်ဖွဲ့များကို ဘာဘီလ်၊ ဝါဆစ်နှင့် အယ်ကာဒီစီယာ ဒေသများ၌ ဆက်လက် တပ်စွဲထားမည်ဖြစ်ကြောင်း ထရီဗျူနာ သတင်းစာနှင့် တွေ့ဆုံ မေးမြန်းခန်း၌ ပိုလန်ကာကွယ်ရေးဝန်ကြီးက ပြောကြားခဲ့သည်။

ပိုလန်တပ်ဖွဲ့များနေရာတွင် မည်သူတို့က တာဝန်လွှဲပြောင်း လက်ခံမည်ဆိုသောကိစ္စကို ကာကွယ်ရေးဝန်ကြီးက အမည်ဖော်ထုတ် ပြောကြားခြင်း မပြုပေ။

ပြီးခဲ့သော လအတွင်းကလည်း ပိုလန်တပ်ဖွဲ့များသည် ၎င်းတို့တာဝန်ယူထားသော နယ်မြေအချို့၏ တာဝန်ကို အမေရိကန် တပ်ဖွဲ့များလက်သို့ လက်လွှဲပေးခဲ့သည်။ ယင်းသို့လက်လွှဲခဲ့သော နယ်မြေများတွင် နာဂျက်ဖ်မြို့ဒေသလည်း ပါဝင်သည်။ နာဂျက်ဖ်အရပ်သည် အမေရိကန်တပ်ဖွဲ့များနှင့် ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါ၏ လက်နက်ကိုင်များအကြား အပြင်းအထန် တိုက်ပွဲများဖြစ်ပွားခဲ့ရာ နယ်မြေဖြစ်သည်။

ရှေ့လာမည့်နှစ် ဇန်နဝါရီလတွင် အီရတ်နိုင်ငံ၌ ရွေးကောက်ပွဲ ကျင်းပသွားရန်ရှိသည်။ ထိုရွေးကောက်ပွဲပြီးချိန်တွင် အီရတ်ရောက် ပိုလန်တပ်ဖွဲ့အင်အားကို လျှော့ချသွားမည်ဖြစ်၏။

ထို့အပြင် ပိုလန်တပ်ဖွဲ့ဝင်များ ဌာနချုပ်ရုံးစိုက်ထားသော ဘာဘီလုံမြို့ရှိ တပ်စခန်းကိုလည်း ဆက်လက်လွှဲပြောင်းပေးသွားမည် ဖြစ်ကြောင်း ကာကွယ်ရေးဝန်ကြီး ဂျာရူဇမာဇင်စကီးက အတည်ပြု ပြောကြားသည်။

ဘာဘီလုံမြို့ရှိ ပိုလန်တပ်စခန်းဌာနချုပ်ကို အီရတ်များလက်သို့ လွှဲပြောင်းပေးမည်ဖြစ်ပြီး ပိုလန်တပ်၏ ဌာနချုပ်ရုံးအသစ်ကို ဘဂ္ဂဒက်တောင်ပိုင်းရှိ အယ်ကာဒီစီယာအရပ်သို့ ပြောင်းရွှေ့ဖွင့်လှစ်ကောင်း ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရသည်။

အထက်ဖော်ပြပါ အကြောင်းအရာ အချက်အလက်များကို ပိုတန်တပ်ဖွဲ့ဝင်များ လျှော့ချရေးနှင့် ပတ်သက်၍ ၁၁ နိုင်ငံ ပါဝင်သည့် ကာကွယ်ရေးကျွမ်းကျင်သူများ အစည်း အဝေးတွင် ပြောကြားသွားခြင်းဖြစ်၏။ ထိုအစည်းအဝေးမှာ ပိုလန်နိုင်ငံ ဝါဆောမြို့၌ နှစ်ရက်တာကျင်းပသည့် အစည်းအဝေးဖြစ်သည်။

လာမည့် ဇန်နဝါရီလတွင် အီရတ်ရောက် ပိုလန်တပ်ဖွဲ့ဝင်အဟောင်းများကို တပ်ဖွဲ့ဝင်အသစ်များနှင့် လဲလှယ်တာဝန်ချထားမည်ဖြစ်သည်။ လဲလှယ်မည့် ပိုလန်တပ်ဖွဲ့ အသစ်များ၏ အင်အားနှင့် ပတ်သက်၍ အခုအချိန်အထိ မဆုံးဖြတ်ရသေးဟုဆိုသည်။ အသစ်လဲမည့် တပ်ဖွဲ့အင်အား အနည်းအများမှာ အီရတ်ကာကွယ်ရေးတပ်ဖွဲ့အသစ်များ မည်မျှဖွဲ့စည်းလေ့ကျင့်ပြီး ဖြစ်သည်ဆိုသော အခြေအနေနှင့် အီရတ်နိုင်ငံ၏ နိုင်ငံရေးအခြေအနေ တိုးတက်ဖြစ်ထွန်းလာမှုများပေါ်တွင် တည်မှီနေကြောင်း ပိုလန်ဝန်ကြီးက ပြောကြားသည်။

အီရတ်၌ မငြိမ်မသက်မှုများ ဆက်လက်ဖြစ်ပွားနေသော အခြေအနေနှင့် ပိုလန်ပြည်တွင်း၌ အီရတ်သို့ ပိုလန်တပ်ဖွဲ့များ စေလွှတ်သည်ကို ပြင်းပြင်းထန်ထန် ဆန့်ကျင်မှုများနှင့် ကြုံတွေ့နေရသည်။ သို့ဖြစ်၍ အီရတ်သို့ ပို့ရမည့် ပိုလန်တပ်အင်အားကို လျှော့ချရမည့် အခြေအနေရှိကြောင်း သိရသည်။

အင်တာနက်။

အီရတ်နိုင်ငံတွင် ကယ်ကွတ်မြို့တွင် စက်တင်ဘာ ၄ရက်က ကားဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် လုံခြုံရေးစောင့်ကြပ်နေသော အမေရိကန်တပ်ဖွဲ့ဝင်များကို တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ပြင်သစ်သတင်းထောက်များ လွတ်မြောက်ရေး ဆက်လက်ကြိုးပမ်းမည်ဟု ဂျက်ရှီရက် ပြောကြား

ပါရီ စက်တင်ဘာ ၃

အီရတ်နိုင်ငံတွင် ဓားစာခံအဖြစ် ဖမ်းဆီးခံထားရသည့် ပြင်သစ်နိုင်ငံသား သတင်းထောက်နှစ်ဦး ပြန်လည် လွတ်မြောက်ရေးအတွက် ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ပြင်သစ်သမ္မတ ဂျက်ရှီရက်က ပြောကြားသည်။

ခက်ခဲသည့် နေ့ရက်များနှင့် ရင်ဆိုင်နေရချိန်အတွင်း ပြည်သူ့အာဏာပိုင် ပုဂ္ဂိုလ်များအနေဖြင့် ချက်စနော့သ်နှင့် မာဘရူနော့သ် အမည်ရှိ သတင်းထောက်နှစ်ဦးလွတ်မြောက်ရေးအတွက် ဖြစ်နိုင်သမျှ နည်းမျိုးစုံသုံးကာ ဦးစီးဦးဆောင် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း ဝန်ကြီးအဆင့် အစည်းအဝေး ကျင်းပအပြီးတွင် ရှီရက်က ပြောကြားသည်။

ဘဂ္ဂဒက်မှ နာဂျက်ဖ်မြို့သို့ သွားရောက်ခဲ့သည့် အဆိုပါ ဓားစာခံနှစ်ဦး၏ ကံကြမ္မာနှင့် ပတ်သက်၍ ဗုဒ္ဓဟူးနေ့အထိ မရေရာသည့် အခြေအနေအတိုင်းသာ ရှိနေသေးသည်။

ပြင်သစ်ပြည်သူလူထု အနေဖြင့် ခြောက်ပြစ်ကင်းသဲလဲစင်သည့်ညီညွတ်စည်းလုံးမှုတို့ဖြင့် လက်တွေ့စမ်းသပ်ပြခဲ့ပြီးဖြစ်ကြောင်း၊ ယင်းသတင်းထောက်နှစ်ဦးနှင့် စပ်လျဉ်း၍ နောက်ထပ်သတင်းများ ထုတ်ပြန်မှု မပြုခဲ့ကြောင်း ပြင်သစ်အစိုးရ၏ ပြောရေးဆိုခွင့်ရှိသူ ဂျင်းဖရန်ကွိုက်ကုပ်က ရှီရက်အား ကိုးကား၍ အစည်းအဝေးအပြီးတွင် ပြောကြားသည်။

အီရတ်အစ္စလမ္မစ်တပ်မတော်အမည်ရှိ အုပ်စုမှ ပြန်ပေးသမားများက ပြင်သစ်နိုင်ငံကျောင်းများတွင်အစ္စလမ္မစ် ထုံးစံအရ ခေါင်းစည်းပဝါ အသုံးပြုမှုကို တားမြစ်ထားသည့် ဥပဒေများ ဖျက်သိမ်းပေးရန် ပြင်သစ်အစိုးရအား အချိန် ၄၈ နာရီ ပေးထားသည်။

ပြင်သစ်အစိုးရက ယင်းတောင်းဆိုချက်ကို တနင်္လာနေ့က ပယ်ချလိုက်၍ ပြန်ပေးသမားများက ၎င်းတို့၏ ရာဇသံကို အင်္ဂါနေ့ညအထိ ၂၄ နာရီ တိုးမြှင့်ခဲ့သည်။

ကောလာဟလ

အဆိုပါသတင်းထောက် ဓားစာခံနှစ်ဦးတို့သည် တိုးမြှင့်သတ်မှတ်ထားသည့် ရာဇသံရက် မကုန်ဆုံးမီ နာရီပိုင်းအတွင်း ပြန်လည်လွတ်မြောက်တော့မည်ဖြစ်ကြောင်း အယ်လ်ဂျာဇီယာ ရုပ်မြင်သံကြားဌာနက ဖော်ပြသော်လည်း ပြင်သစ်နိုင်ငံခြားရေးဝန်ကြီးက ယင်းသတင်းမှာ ကောလာဟလသာ ဖြစ်ကြောင်း ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါအား ထောက်ခံသူများ ကူဖာမြို့တွင် စက်တင်ဘာ ၃ ရက်က စုရုံးနေသည်ကိုတွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အီရတ်၌ တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ် နာဂျက်ဖ်နှင့် ကူဖာမြို့တို့ကို ရဲတပ်ဖွဲ့ဝင်များ ဝိုင်းရံပိတ်ဆို့ထား

နာဂျက်ဖ် စက်တင်ဘာ ၄

ရှီးယိုက်ခေါင်းဆောင် မိုတာဒါအယ်လ်ဆာဒါက အမေရိကန်တပ်ဖွဲ့ဝင်များအား တိုက်ခိုက်မှု အဆုံးသတ်ခဲ့ပြီး ရက်သတ္တ တစ်ပတ်ကြာမြင့်ခဲ့ပြီးနောက် တိုက်ခိုက်မှုများ ထပ်မံဖြစ်ပွားမည်ကို စိုးရိမ်နေစဉ်မှာပင် နာဂျက်ဖ်မြို့နှင့် အနီးတစ်ဝိုက် ကူဖာမြို့တို့ကို အီရတ်ရဲတပ်ဖွဲ့ဝင်များက ပိတ်ဆို့ဟန့်တားခဲ့ကြသည်။

သောကြာနေ့မတိုင်မီ လူအုပ်ကြီးက စစ်ဆေးရေးစခန်းများအနီးသို့ ချဉ်းကပ်လာသည့်အတွက် ရဲတပ်ဖွဲ့ယာဉ်များသည် အဓိက လမ်းမကြီးပေါ်တွင် ပိတ်ဆို့လိုက်ကြပြီး ရဲအရာရှိများကလည်း သေနတ်ဖြင့် လေထဲသို့ ပစ်ဖောက်ကြသည်။

ကူဖာမြို့သို့ ဝတ်ပြုဆုတောင်းသူများ လာရောက်ပြီးနောက်တွင် တိုက်ခိုက်မှုများ ဖြစ်ပွားမည်ကို မိမိတို့ စိုးရိမ်မိကြောင်း ရဲအရာရှိတစ်ဦးက ပြောကြားသည်။ ကူဖာမြို့သည် ဆာဒါ၏ ခြေကုပ်စခန်းဖြစ်သည်။

နာဂျက်ဖ်မြို့တွင် အချိန်အတန်ကြာ တင်းမာမှုများ နောက်ထပ်ဖြစ်ပွားသည့် အရိပ်လက္ခဏာအနေဖြင့် နာဂျက်ဖ်မြို့သူ၊ မြို့သား ၂၅၀ ခန့်က ဆာဒါ၏ မီဒီလက်နက်ကိုင်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့မှ ထွက်ခွာသွားရန် ဆန္ဒပြတောင်းဆိုကြသည်။ မီဒီလက်နက်ကိုင်များနှင့် အမေရိကန်တပ်ဖွဲ့ဝင်များ သီတင်းပတ်အနည်းငယ်ကြာအောင် တိုက်ပွဲများ အပြင်းအထန် ဖြစ်ပွားမှုကြောင့် နာဂျက်ဖ်မြို့မှာ အကြီးအကျယ် ပျက်စီးခဲ့ရသည်။

အီရတ်ကို အမေရိကန်တို့ကျူးကျော်ဝင်ရောက်ခဲ့ပြီးနောက် အမေရိကန်တပ်ဖွဲ့ဝင်များအား အပြင်းအထန် ဆန့်ကျင်တိုက်ခိုက်ရာတွင် ပါဝင်ခဲ့ကြသော တိုက်ခိုက်သူ အများအပြားမှာ ဘဂ္ဂဒက်မြို့ ဆာဒါစီးတီးဒေသမှ ဖြစ်ကြပြီး တိုက်ပွဲများကြောင့် ပျက်စီးခဲ့ရသော မြို့ခံများမှာ ဆာဒါ၏ မီဒီလက်နက်ကိုင်သမားများအပေါ် ဒေါသထွက်ကြသည်။

နာဂျက်ဖ်မြို့၏ ရှေးဟောင်းမြို့ဒေသတွင် အိမ်အနည်းငယ်မျှသာ တိုက်ပွဲများကြောင့် မပျက်မစီးဘဲ ဖြစ်ခဲ့ရသည်။ ရေနှင့် လျှပ်စစ်ဓာတ်အားပေးရေးလုပ်ငန်းများမှာလည်း ဆိုးဆိုးရွားရွား ပျက်စီးခဲ့ရသည်။ ဈေးများမှာ လုံးဝနီးပါး မီးလောင်ပျက်စီးခဲ့ရပြီး သန့်ရှင်းရေး လုပ်ငန်းများမှာ ဆိုးဆိုးရွားရွား ထိခိုက်ခဲ့ရသည်။

အင်တာနက်။

အီရတ်ကို တိုက်ခိုက်မှုသည် ရာဇဝတ်ပြစ်မှုဟုဆို

ဘာလင် စက်တင်ဘာ ၄

အီရတ်စစ်ပွဲသည် ရာဇဝတ်ပြစ်မှုဖြစ်သည်ဆိုသော ဂျာမန်ဝန်ကြီးတစ်ဦး၏ ဝေဖန်ပြောကြားချက်ကြောင့် အမေရိကန်နှင့် ဂျာမနီနိုင်ငံတို့ အကြား ဆက်ဆံရေးတင်းမာမှု ပြန်လည်ဖြစ်ပေါ်စေနိုင်ကြောင်း တာဝန်ရှိသူတစ်ဦးက သောကြာနေ့တွင် ဝေဖန်ပြောကြားလိုက်သည်။

ဝန်ကြီးချုပ်ဂါဟတ်ရှရိုးဒါးသည် အထက်ပါအတိုင်း ဝေဖန်ပြောကြားခဲ့သော စီးပွားရေးပူးပေါင်းဆောင်ရွက်မှုနှင့် ဖွံ့ဖြိုးရေးဆိုင်ရာဝန်ကြီး ဟိုင်ဒမ်မာရီဝီစီဇိုရက်ဇူယယ်အား ပြင်းထန်စွာ သတိပေးသင့်ကြောင်း ဂျာမနီကွန်ဆာဗေးတစ်အတိုက်အခံများက ပြောကြားခဲ့ကြသည်။

ဝီစီဇိုရက်ဇူယယ်သည် ဗုဒ္ဓဟူးနေ့က မိန့်ခွန်းတစ်ရပ် ပြောကြားခဲ့ရာ အီရတ်စစ်ပွဲသည် ပြည်သူလူထုဒုက္ခရောက်စေသော ကြောက်မက်ဖွယ်ရာ ပြစ်မှုကြီး ဖြစ်ကြောင်း ဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

လေကြောင်းပို့ဆောင်ရေးအဆင့်အတန်း တိုးတက်မြင့်မားလာရေး အရှိန်အဟုန်မြှင့်ဆောင်ရွက် လေယာဉ်ကွင်း ၃၂ကွင်း အထိတိုးတက်လာပြီး ၂၄ကွင်းမှာ ဂျက်လေယာဉ်ကြီးများဆင်းတက်နိုင်

မှတ်တမ်းတင်ဓာတ်ပုံ

(၅–၉–၂၀၀၄) နေ့က နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့် ပခုက္ကူလေဆိပ် ဖွင့်ပွဲ အခမ်းအနားတွင် ဒေသခံပြည်သူများနှင့် အတူ မှတ်တမ်းတင် ဓာတ်ပုံ ရိုက်ကြစဉ်။

(ဓာတ်ပုံ–သတင်းစဉ်)

(၁၀–၇–၂၀၀၄) ရက်နေ့က ဖွင့်လှစ်လိုက်သည့် မကွေးတိုင်း ဆောမြို့နယ်ရှိ ကျောက်ထုလေယာဉ်ကွင်းသစ်ကြီးကိုတွေ့ရစဉ်။ လေယာဉ် ပြေးလမ်းမှာ အရှည်ပေ ၆၅၀၀နှင့် အကျယ်ပေ ၁၀၀ရှိပြီး ဖော့ကာ အက်ဖ် ၂၈ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည်။

(ဓာတ်ပုံ–သတင်းစဉ်)

(၄–၈–၂၀၀၃)နေ့က ဖွင့်လှစ်ခဲ့သည့် စစ်ကိုင်းတိုင်း ဟုမ္မလင်းမြို့နယ် ဟုမ္မလင်းလေဆိပ် လေယာဉ်ပြေးလမ်းသစ်ကြီးကို တွေ့ရစဉ်။ (လေယာဉ်ပြေးလမ်းမှာပေ ၉၀၀၀ ရှည်ပြီး အကျယ်ပေ ၂၁၀ရှိကာ ဂျက်လေယာဉ်ကြီးများ ဆင်းတက်နိုင်သည်။

(ဓာတ်ပုံ–သတင်းစဉ်)

အမေရိကန်အစိုးရရဲ့ ကျား–ကျား မီးယပ်ကုထုံးနည်းကို ရပ်ဆိုင်းသင့်ပါပြီ

အောင်မိုးစံ

(ယမန်နေ့ကအဆက်)

၁၉၈၈ မှ ယနေ့ကာလတိုင်အောင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေး၊ လူထုတိုက်ပွဲနဲ့ အာဏာရယူရေး၊ လုပ်ဆောင်ချက်တွေနဲ့ အမေရိကန်အစိုးရရှေ့ဆောင် အနောက်အုပ်စုဝင်နိုင်ငံတွေက စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့ဖိအားပေးမှုတွေဖြင့် မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ တစ်ဖက်စောင်းနင်း ဝင်ရောက်စွက်ဖက် ဖိအားပေးဆောင်ရွက်မှုတွေဟာ ဘယ်အကျိုးသက်ရောက်မှုတွေ ဖြစ်စေပါသလဲ။

တပ်မတော်နဲ့ တပ်မတော်အစိုးရအပေါ် မယ်မယ်ရရ ပြောပလောက်တဲ့ အကျိုးသက်ရောက်မှုလည်းမရှိ၊ တိုင်းပြည်မှာ ဒီမိုကရေစီဖြစ်ပေါ်လာရေး အတွက် ဘာအကျိုးသက်ရောက်မှုမျှလည်း မရှိသော်လည်း တိုင်းပြည်နဲ့ လူထုအတွက်မှာတော့ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ လာသင့်သလောက် မလာတဲ့အတွက် နိုင်ငံတော်ရဲ့ စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးမှာ နှောင့်နှေးမှုတွေ ရှိနေရတယ်။ နိုင်ငံခြားကုမ္ပဏီတွေ ဖိအားပေးခံရမှုကြောင့် ပြန်လည်ရုပ်သိမ်းသွားမှု၊ မြန်မာနိုင်ငံပြည်တွင်းလုပ် အထည်အလိပ်တွေ မရောင်းရအောင် ပိတ်ပင်တားမြစ်မှုတွေကြောင့် စက်ရုံအလုပ်ရုံတချို့ ပိတ်လိုက်ရတဲ့အတွက် အလုပ်သမားတွေ သောင်းနဲ့သိန်းနဲ့ချီပြီး အလုပ်လက်မဲ့ ဖြစ်ကြရတယ်။ ဘဏ်တွေအချင်းချင်း ငွေကြေးဆက်ဆံမှုတွေ တားမြစ်ပိတ်ပင်မှုကြောင့် နိုင်ငံခြားကုန်သွယ်ရေးလုပ်ငန်းတွေ လျော့နည်းကျဆင်းကုန်ပြီး တိုင်းရင်းသားလုပ်ငန်းရှင်များနဲ့ သက်ဆိုင်ရာလုပ်ငန်းများမှ အလုပ်သမားတွေရဲ့ အကျိုးစီးပွားတွေ ထိခိုက်နစ်နာကြရတယ်။

"ပြုမှုတိုင်းမှာ ညီမျှတဲ့တုံ့ပြန်မှုရှိတယ်"၊ "ကိုယ်လုပ်တဲ့တရား ကိုယ့်ကို ပြန်စိုးမိုးတယ်"ဆိုတဲ့ သိပ္ပံပညာရှင် နျူတန်ရဲ့ နိယာမတရားအရ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လမ်းစဉ်ကို အလေးအနက် ယုံကြည်အကောင်အထည်ဖော်သူတွေဟာ ထိပ်တိုက်ရင်ဆိုင်ရေး၊ အာဏာဖီဆန်ရေး အကျိုးတရားတွေ၊ တည်ဆဲဥပဒေများကို ဆန့်ကျင်တဲ့ အကျိုးတရားတွေ ခံစားသူခံစားကြရ၊ ပြည်ပသို့ ထွက်ပြေးသူထွက်ပြေးကြရ၊ အဖွဲ့ချုပ်လမ်းစဉ်ကို ဘဝအရ မှားမှန်းသိပြီး လက်တွေ့လုပ်ဆောင်မှုမရှိသူ၊ ပြန်လှန်ဝေဖန် တင်ပြမိသူတွေကို ပါတီက ထုတ်ပစ်ခံကြရနဲ့ ကမောက်ကမဖြစ်နေကြပါတယ်။ အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ်က (၁၉၉၃)ခု အမျိုးသားညီလာခံ တက်ရောက်ပါဝင်ခဲ့သူ ခြောက်ဦးဟာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ရဲ့ လမ်းစဉ်ကို ဆန့်ကျင်ပြီး မိမိတို့ဆန္ဒအလျောက် အဖွဲ့ချုပ်မှနုတ်ထွက်ကာ လက်ရှိကျင်းပနေဆဲ အမျိုးသား ညီလာခံကို တစ်သီးပုဂ္ဂလ ရွေးချယ်ခံကိုယ်စားလှယ်တွေအဖြစ်နဲ့ ဆက်လက်ပါဝင် တက်ရောက်နေကြပါတယ်။

ဒါကြောင့် အာဏာရှင်စနစ် တိုက်ဖျက်ရေး၊ ဒီမိုကရေစီဖော်ဆောင်ရေးဆိုပြီး လူထုတိုက်ပွဲနဲ့ အာဏာရယူရေးလမ်းစဉ်ရယ်၊ ဒီလမ်းစဉ်ကို ထောက်ခံအားပေးသောအားဖြင့် စီးပွားရေး၊ နိုင်ငံရေးပိတ်ဆို့ ဒဏ်ခတ်မှုဆိုတာတွေနဲ့ မြန်မာနိုင်ငံရဲ့ ပြည်တွင်းရေးမှာ စွက်ဖက်ဖိအားပေးနေမှုတွေဟာ မြန်မာနိုင်ငံရဲ့ စီးပွားရေးဒီမိုကရေစီဖြစ်တဲ့ ဈေးကွက်စီးပွားရေး ပီပြင်တိုးတက်ရေးကို နှောင့်ယှက်ဟန့်တားနေတဲ့ လုပ်ရပ်ရယ်။ မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီရေး ရုပ်အခြေခံတွေဖြစ်တဲ့ ကုန်လုပ်စွမ်းအားစုတွေကို ကျဆင်းစေတဲ့ လုပ်ရပ်တွေဖြစ်တဲ့အတွက် ဒီမိုကရေစီရေးဆန့်ကျင်တဲ့၊ လူ့အခွင့်အရေးချိုးဖောက်တဲ့လုပ်ရပ်တွေ သက်သက်သာဖြစ်နေပါတယ်။

ယနေ့မြန်မာနိုင်ငံရဲ့ တကယ့်အခြေအနေဟာ ပြည်တွင်းပြည်ပအစိုးရဆန့်ကျင်ရေးဝါဒီတွေ၊ အနောက်အုပ်စုနိုင်ငံတွေနဲ့ ၎င်းတို့ရဲ့ မီဒီယာတွေက မြန်မာနိုင်ငံနဲ့ မြန်မာပြည်သူတွေ ဘယ်လောက်ဆင်းရဲမွဲတေနေပါတယ်လို့ နေ့စဉ်နဲ့အမျှ ဘယ်လိုပဲ ဝါဒဖြန့်ချိနေပေမယ့်–

ကုလသမဂ္ဂအဖွဲ့ချုပ်က ထုတ်ဝေလိုက်တဲ့ လူသားဖွံ့ဖြိုးမှု အစီရင်ခံစာ (Human Development Report 2001) မှာ အဖွဲ့ဝင်နိုင်ငံများရဲ့ အာဟာရစားသုံးမှု မပြည့်ဝသူ ရာခိုင်နှုန်း (Under Nourished People Percentage of Total Population) အရ ထိုင်း ၂၁ ရာခိုင်နှုန်း၊ ဖိလစ်ပိုင် ၂၁ ရာခိုင်နှုန်း၊ သီရိလင်္ကာ ၂၅ ရာခိုင်နှုန်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ၁၁ ရာခိုင်နှုန်း၊ ဗီယက်နမ် ၂၂ ရာခိုင်နှုန်း၊ အိန္ဒိယ ၂၁ ရာခိုင်နှုန်း၊ မြန်မာ ၇ ရာခိုင်နှုန်း၊ ကမ္ဘောဒီးယား ၃၃ ရာခိုင်နှုန်း၊ ပါကစ္စတန် ၂၀ ရာခိုင်နှုန်း၊ ဘင်္ဂလားဒေ့ရှ် ၃၈ ရာခိုင်နှုန်း၊ နီပေါ ၂၈ ရာခိုင်နှုန်း၊ လာအို ၂၉ ရာခိုင်နှုန်း ဆိုပြီး ဖော်ပြထားမှုကိုကြည့်လျှင် မြန်မာနိုင်ငံမှာ အာဟာရသုံးစွဲမှု မပြည့်ဝသူဟာ ခုနစ်ရာခိုင်နှုန်းသာ ရှိတာတွေ့ရှိနိုင်ပါတယ်။ ဒါဟာ ပတ်ဝန်းကျင်တိုင်းပြည်တွေနဲ့စာရင် လူ့အခွင့်အရေး ဘယ်လောက်ရှိတယ်ဆိုတာကိုလည်း သိရှိနိုင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူ့အခွင့်အရေးရဲ့ ပန်းတိုင်ဟာ ငြိမ်းချမ်းစွာ အသက်ရှည်တည်မြဲရေး ဖြစ်ပါတယ်။

ဒါတွင်မကပါ၊ ဒီနေ့ လက်တွေ့ဘဝမှာ လယ်သမားတွေ၊ ကုန်ထုတ်လုပ်သူတွေဟာ မိမိတို့ ထုတ်ကုန်တွေ၊ ကောက်ပဲသီးနှံတွေကို ကြိုက်ရာဈေးမှာ လွတ်လပ်စွာ တင်ပို့ရောင်းချနိုင်တဲ့အနေအထား၊ နိုင်ငံခြားသို့ ပုဂ္ဂလိက ကုန်သည်များ ကုန်သွယ်ခွင့်ပြုထားတဲ့အနေအထားတို့ကြောင့် ထုတ်ကုန်တွေနဲ့ ကောက်ပဲသီးနှံတွေကို နိုင်ငံခြားပေါက်ဈေးနှင့်ယှဉ်ပြီး ဈေးကောင်းရောင်းကြရတဲ့အတွက် ထရံကာကြမ်းခင်းမှ ပျဉ်ထောင်သွပ်မိုးအိမ်နဲ့ တိုက်နဲ့နေနိုင်သူတွေ၊ စက်ဘီးမှဆိုင်ကယ်၊ ရေဒီယိုမှ ရုပ်မြင်သံကြားစက်၊ ဗီဒီယိုစက်၊ ဗီစီဒီစက်တွေအထိ ဝယ်ယူသုံးစွဲနိုင်နေတာ၊ နွားလှည်းမှ ထော်လာဂျီ၊ သစ်သားထွန်ထယ်မှ လက်တွန်းထွန်စက်နဲ့ ထွန်စက်ကြီးတွေ၊ တလင်းပျောက်စနစ်နဲ့ စပါးခြွေလှေ့စက်တွေအထိ သုံးစွဲလာနေကြတာ၊ ကျေးလက်တောရွာတွေမှာ ဟာလာစက်တွေ၊ ငါးပုံစက်ကလေးတွေ၊ ဆီစက်ကလေးတွေ မှိုလိုပေါက်နေတဲ့ အခြေအနေတွေ။

ပညာရေးတွေ ဘယ်လောက်နိမ့်ကျနေပါတယ်လို့ ဝါဒဖြန့် အပုပ်ချနေကြပေမယ့် မြန်မာပြည်သူ၊ ပြည်သား ၉၃ ရာခိုင်နှုန်းကျော် စာတတ်မြောက်နေတာ၊ ရှေးယခင်ကာလတွေက တက္ကသိုလ်၊ ကောလိပ်ဆိုတာ ဘာမှန်းမသိကြတဲ့ ကျေးလက်တောရွာတွေက တောင်သူလယ်သမား သား၊ သမီးတွေဟာ တက္ကသိုလ်၊ ကောလိပ်တွေမှာ တက်ရောက်ပညာသင်ကြားနေကြတာ၊ ပြည်နယ်၊ ပြည်မ တောကြိုတောင်ကြားကျေးရွာ မှန်သမျှ မူလတန်းကျောင်းမရှိတဲ့ ရွာမရှိလောက်အောင် တိုးတက်နေတဲ့အနေအထားတွေ။

ကျန်းမာရေးနဲ့ပတ်သက်လို့ ဘယ်လိုနိမ့်ကျနေပါတယ်လို့ ဝါဒဖြန့်ချိနေစေကာမူ ကျေးလက်တောရွာ၊ တိုက်နယ်၊ မြို့နယ်မှန်သမျှ လိုအပ်တဲ့နေရာတိုင်းမှာ ဆေးရုံဆေးခန်းတွေ ဖွင့်လှစ်ထူထောင်ပေးပြီး မြို့နယ်ကြီးတွေ၊ ခရိုင်တွေ၊ တိုင်းတွေမှာ ဆေးရုံတွေ အဆင့်မြှင့်တင်ပေးနေတာ၊ မြို့နယ်/ခရိုင်/တိုင်းအစရှိတဲ့ မြို့တွေမှာ ပုဂ္ဂလိကဆေးခန်းတွေ၊ အထူးကုဆေးခန်းတွေ မှိုလိုပေါက်နေတာတွေ။

လမ်းပန်းဆက်သွယ်ရေးမှာလည်း ယခင်က မီးရထား၊ မော်တော်ကားနှင့် ခရီးသွားလျှင် ဘယ်နေရာက ဗုံးထောင်ခွဲလိုက်ပါ့မလဲ။ ဘယ်နေရာက ချုံခိုအတိုက်ခံလိုက်ရမလဲဆိုတာမျိုး၊ ရေလမ်းက မော်တော်၊ သင်္ဘောတွေနဲ့ သွားပြန်လျှင်လည်း ဘယ်ကမ်းပါး ဘယ်ကွေ့မှာများ ပစ်ခတ်တိုက်ခိုက်တာခံရမလဲနဲ့ သည်းထိတ်ရင်ဖို သက်စွန့်ဆံဖျားသွားလာနေကြရတဲ့ လမ်းခရီးတွေဟာ ယခုအခါမှာတော့ ဘေးမသီရန်မခ စိတ်အေးချမ်းသာ နေ့ရောညပါ သွားလာနေနိုင်တာ၊ ယခင်တုန်းက တစ်လမ်းတည်းသွားနိုင်တဲ့ ဒေသတွေမှာ ယနေ့ ရေလမ်း၊ ကုန်းလမ်း၊ ကား၊ ရထားတွေနဲ့ သွားလာနိုင်တဲ့ အနေအထားတွေ ရောက်နေတာတွေ။

ယခင်က လျှပ်စစ်မီးမရှိတဲ့ မြို့ရွာတွေ ယခု လျှပ်စစ်မီးသုံးစွဲလာနိုင်တာစတဲ့ အခြေအနေတွေဟာ တပ်မတော်အစိုးရရဲ့ မနေမနား ကြိုးစားအားထုတ်မှုရဲ့ ရလဒ်တွေ ဖြစ်ပါတယ်။

ယနေ့မြန်မာနိုင်ငံကို ဝိုင်းပယ်ဘေးဖယ်ထားပြီး အာဆီယံနိုင်ငံတွေမှာ စီးပွားရှာလိုတဲ့ ဥရောပသမဂ္ဂဟာလည်း အကြံရခက်နေပါပြီ။ ကာယကံရှင်ကိုယ်တိုင်က စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေး အလုပ်အကျွေးပြုမှုတွေ လုံလောက်စွာမရှိဘဲ အင်အားကြီး တိုင်းပြည်တစ်ပြည်က ဖိအားပေး နန်းတင်ထားသော်လည်း ရာဇပလ္လင်နဲ့မမြဲနိုင်ကြောင်း ဟေတီသမ္မတဖြစ်ရပ်က သက်သေပြခဲ့ပါပြီ။

တစ်ချိန်တစ်ခါမှာ တစ်စုံတစ်ခုသော အကြောင်းကြောင့် ကြီးမားတဲ့ လူထုထောက်ခံမဲနဲ့ နိုင်ငံတော်ကို အစိုးရအဖြစ် အုပ်ချုပ်ရှေ့ဆောင်ခွင့်ရခဲ့သော်လည်း မှန်ကန်တဲ့နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအလုပ်အကျွေးပြုမှုတွေ လုံလောက်စွာ မရှိရင် မတည်မြဲနိုင်ကြောင်း ဖဆပလအစိုးရရဲ့ ဖြစ်ရပ်က သက်သေပြခဲ့ပါပြီ။

တံလျှပ်ကိုရေထင်ပြီး လူထုအထင်ကြီးခံရမှုကြောင့် သမ္မတအဖြစ် ရွေးကောက်တင်မြှောက်ခံခဲ့ရသော်လည်း လက်တွေ့ဘဝနယ်ပယ်မှာ ရှိသင့်တဲ့ အရည်အချင်းနဲ့ ရှေ့မဆောင်နိုင်မှုကြောင့် တစ်နှစ်လောက်အတွင်းမှာပင် ပြည်သူလူထုက ပြန်လည်ဖြုတ်ချတာခံလိုက်ရတဲ့ အိမ်နီးချင်းတိုင်းပြည်က သမ္မတနှစ်ဦးရဲ့ ဖြစ်ရပ်တွေက သက်သေပြခဲ့ပါပြီ။

လူပုဂ္ဂိုလ်တစ်ယောက်၊ ပါတီအဖွဲ့အစည်းတစ်ခု အာဏာရရှိရေးနဲ့ အာဏာတည်မြဲရေးဆိုတာ အဲဒီပုဂ္ဂိုလ်နဲ့ ပါတီတို့ဟာ ပြည်သူတွေက အလေးအနက် ယုံကြည်အားထားလောက်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအလုပ်အကျွေးပြုမှုတွေမှ သက်ရောက်လာတဲ့ အကျိုးတရားအရမဟုတ်ဘဲ တည်ဆဲအစိုးရကို အချို့က ယာယီအမြင်လွဲမှားနေမှုအပေါ် ချက်ကောင်းယူပြီး အစိုးရဆန့်ကျင်ရေးသွေးထိုး လှုံ့ဆော်မှုမျိုးနဲ့လည်း မရနိုင်ပါ။ အင်အားကြီးတိုင်းပြည်ရဲ့ ထောက်ခံအားပေးမှုကို အထင်ကြီးကာ ဒီမိုကရေစီတို့၊ လူ့အခွင့်အရေးတို့ဆိုပြီး ကာလအလိုက် လူကြိုက်များတဲ့ ဝေါဟာရတွေနဲ့ တန်ဆာဆင်ထားတဲ့ အပေါ်ယံရွှေမှုန်ကြဲ အသွင်ကို အထင်ကြီးပြီး တံလျှပ်ကိုရေထင်တဲ့ အချို့သောသူတွေရဲ့ ထောက်ခံမှုမျိုးနဲ့လည်းမရနိုင်ပါ။

ကုလသမဂ္ဂအခြေခံမူတွေနဲ့ အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွေကို စက္ကူစုတ်လိုသဘောထား၊ ကမ္ဘာ့အတိုင်းတိုင်း အပြည်ပြည်က ဝေဖန်ကန့်ကွက်နေပါလျက် အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေး လှည့်စားချက်ဖြင့် ဩဇာခံအစိုးရကိုမွေးပြီး ရေနံကိုလက်ဝါးကြီး အုပ်နိုင်ရေးလုပ်ရပ်မျိုးဟာလည်း မအောင်မြင်နိုင်ကြောင်း အီရတ်စစ်ပွဲက သက်သေပြနေပါပြီ။ ဒုတိယကမ္ဘာစစ်ပြီးစက စစ်ကြောင့် စီးပွားတက်ခဲ့ရတဲ့အဖြစ်ကို "အိပ်မက်" မက် တမ်းတပြီး စစ်နဲ့ အီရတ်ရေနံကိုအရယူဖို့ ကြိုးပမ်းချက်ဟာ အမေရိကန် စီးပွားရေးနာလန်ထူမှုကို အကျိုးမပြုနိုင်ရုံမက အကျဘက်ကိုသာ ညွှန်ပြနေပြီး တစ်ချိန်က မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများနဲ့ သွေးကွဲ၊ ကမ္ဘာ့ အလယ်မှာ ဂုဏ်သိက္ခာနဲ့ ဩဇာတွေကျဆင်း ဆုံးရှုံးနေရကြောင်းကို ကမ္ဘာကျော်ပညာရှင် ၁၀၀ ရဲ့ ဝေဖန်မှုက ထောက်ပြနေပါပြီ။

ဒီလို နိုင်ငံတော် တည်ငြိမ်အေးချမ်းအောင် နေ့၊ ညမနား ကာယကံမြောက် လှုပ်ရှားသွားလာ ကြိုးပမ်းလုပ်ဆောင်ပေးနေတဲ့ တပ်မတော်အစိုးရနဲ့ တပ်မတော်ခေါင်းဆောင်တွေကို လူထုတိုက်ပွဲနဲ့ အပြုတ်တိုက်ပြီး အာဏာရယူရေး၊ နိုင်ငံခြားဖိအားပေးမှုတွေနဲ့ အာဏာရယူရေးဆိုတဲ့ စိတ်ကူးယဉ် လုပ်ဆောင်မှုမျိုးတွေ၊ အခြေခံတရားမဲ့တဲ့ အစွဲအလမ်းဟောင်းတွေကို အသေဆုပ်ကိုင်ရင်ဝယ်ပိုက်ထားသူတွေ၊ ကိုယ့်ကြမ္မာ ကိုယ်သာဖန်တီးနိုင်တယ်ဆိုတဲ့ သစ္စာတရားကို နားမဝင်နိုင်တဲ့ ပုဂ္ဂိုလ်ရေးကိုးကွယ်မှု ဝါဒီတွေရှိနေသေးပါတယ်။ ဒီပုဂ္ဂိုလ်တွေကလွဲပြီး ကျန်ပြည်သူ၊ ပြည်သားအားလုံးကတော့ တပ်မတော်အစိုးရရဲ့ အကျိုးသက်ရောက်မှုရှိတဲ့ လက်တွေ့လုပ်ဆောင်ချက်တွေကို မျက်ဝါးထင်ထင် တွေ့မြင်ခံစားနေကြရပြီဖြစ်ပါတယ်။ နိုင်ငံနှင့် ပြည်သူအတွက် အလုပ်အကျွေးပြုမှုမပါဘဲ အခြေခံတရားမဲ့တဲ့ ဒီမိုကရေစီရေး၊ လူ့အခွင့်အရေးချိုးဖောက်မှု စွပ်စွဲချက်တွေနဲ့ တည်ဆဲအစိုးရကို စဉ်ဆက်မပြတ်ဝေဖန် ပုတ်ခတ်နေရုံဖြင့် ၎င်းတို့အာဏာရရေးအတွက် ရိုးသားဖြူစင်တဲ့ ပြည်သူတွေက ထောင်ချခံ၊ အဖမ်းခံ၊ အသေခံတိုက်ပွဲဝင်ပေးကြလိမ့်မယ်လို့ မျှော်လင့်နေတဲ့ သဘောထားဟာ ဖိုးလမင်းကို ထမင်းဆီဆမ်းရွှေလင်ပန်းနဲ့ပေးပါလို့ တောင်းဆိုနေတဲ့စိတ်ကူးယဉ်မှုမျိုးသာ ဖြစ်ပါလိမ့်မယ်။

ယနေ့ကမ္ဘာကြီးဟာ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်တဲ့ အပြုသဘောဆက်ဆံရေးနဲ့ မိမိအကျိုးစီးပွားဖြစ်ရေးကို ကြိုးစားတာမျိုးမဟုတ်ဘဲ ကိုလိုနီအုပ်စိုးမှုနဲ့ရယူဖို့ ကြိုးစားတာကို လက်မခံကြောင်း ဒုတိယကမ္ဘာစစ်အပြီး ဗီယက်နမ်စစ်ပွဲက သက်သေပြခဲ့ပါပြီ။

ကုလသမဂ္ဂအခြေခံမူတွေနဲ့ အထွေထွေညီလာခံ ဆုံးဖြတ်ချက်တွေကို စက္ကူစုတ်လိုသဘောထား၊ ကမ္ဘာ့အတိုင်းတိုင်းအပြည်ပြည်က ဝေဖန်ကန့်ကွက်နေပါလျက် အာဏာရှင်စနစ်တိုက်ဖျက်ရေး၊ ဒီမိုကရေစီထူထောင်ရေး လှည့်စားချက်ဖြင့် ဩဇာခံအစိုးရကိုမွေးပြီး ရေနံကိုလက်ဝါးကြီး အုပ်နိုင်ရေးလုပ်ရပ်မျိုးဟာလည်း မအောင်မြင်နိုင်ကြောင်း အီရတ်စစ်ပွဲက သက်သေပြနေပါပြီ။ ဒုတိယကမ္ဘာစစ်ပြီးစက စစ်ကြောင့် စီးပွားတက်ခဲ့ရတဲ့အဖြစ်ကို "အိပ်မက်" မက် တမ်းတပြီး စစ်နဲ့ အီရတ်ရေနံကို အရယူဖို့ ကြိုးပမ်းချက်ဟာ အမေရိကန် စီးပွားရေးနာလန်ထူမှုကို အကျိုးမပြုနိုင်ရုံမက အကျဘက်ကိုသာ ညွှန်ပြနေပြီး တစ်ချိန်က မိတ်ဆွေအပေါင်းအသင်း ရောင်းရင်းများနဲ့ သွေးကွဲ၊ ကမ္ဘာ့အလယ်မှာ ဂုဏ်သိက္ခာနဲ့ ဩဇာတွေကျဆင်း ဆုံးရှုံးနေရကြောင်းကို ကမ္ဘာကျော်ပညာရှင် ၁၀၀ ရဲ့ ဝေဖန်မှုကထောက်ပြနေပါပြီ။

ဒါကြောင့်–

(၁) အမေရိကန်အစိုးရနဲ့ အနောက်အုပ်စုနိုင်ငံတွေဟာ မြန်မာနိုင်ငံမှာ ဒီမိုကရေစီ တိုးတက်ဖြစ်ပေါ်ရေးကို အမှန်တကယ်လိုလားလျှင်၊ ကမ္ဘာ့ဈေးကွက်ကျယ်ကြီးတစ်ခုဖြစ်တဲ့ အာဆီယံဈေးကွက်မှာ စီးပွားရှာလိုပါလျှင်–

မြန်မာနိုင်ငံအပေါ် စီးပွားရေး၊ နိုင်ငံရေး တစ်ဖက်စောင်းနင်း ဖိအားပေးမှုတွေနဲ့ ဩဇာခံ အစိုးရထူထောင်ရေးကို စွန့်လွှတ်ကာ စီးပွားရေး၊ နိုင်ငံရေး မမှန်မကန် ဖိအားပေးမှုတွေကို ရပ်ဆိုင်းပြီး အာဆီယံ နည်းတူ အပြန်အလှန် အကျိုးတူပူးပေါင်းဆောင်ရွက်ရေး၊ အပြုသဘောဆက်ဆံရေး (Constructive Engagement) လမ်းကို ပြောင်းသင့်ပါပြီ။

(၂) ပြည်တွင်း၊ ပြည်ပမှ အစိုးရဆန့်ကျင်ရေးဝါဒီတွေဟာလည်း မိမိတို့ကိုယ်ကို စစ်မှန်သော ဒီမိုကရေစီဝါဒီတွေဖြစ်ရေးနဲ့ တိုင်းပြည်မှာ စစ်မှန်ခိုင်မာသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်ရေးကို အမှန်တကယ် လိုလားပါလျှင်–

ယနေ့ကာလ မြန်မာနိုင်ငံရဲ့ အနေအထားအရ တည်ဆဲ တပ်မတော်အစိုးရကို မဟာမိတ်အဖြစ် လက်တွဲပူးပေါင်းပြီး လက်တွေ့ကျတဲ့ တပ်မတော်အစိုးရရဲ့ နိုင်ငံရေး၊စီးပွားရေး၊ လူမှုရေး၊ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေးလုပ်ရပ်တွေကို ကာယကံမြောက် ပူးပေါင်း ပါဝင်လုပ်ဆောင်နည်းမှလွဲ၍ အခြားနည်းလမ်းမရှိနိုင်ပါ။

ဒါ့ကြောင့် တည်ဆဲအစိုးရကျဆုံးမှ ဒီမိုကရေစီရမယ်ဆိုတဲ့ သဘောတရားအမှားဖြင့် လူထုတိုက်ပွဲနဲ့ အာဏာရယူရေးလမ်းစဉ်ကို စွန့်လွှတ်သင့်ပါပြီ။

မြန်မာနိုင်ငံရဲ့ ကာလဒေသ ပယောဂနဲ့ ကြောင်းကျိုးဆက်စပ်မှု ကင်းမဲ့တဲ့ "အမေရိကန်ရဲ့ ကျား–ကျား မီးယပ်ကုထုံးနည်းများကို ရပ်ဆိုင်းသင့်ပါပြီ"

နိုင်ငံတော်အစိုးရ (တပ်မတော်)ရဲ့ ပြည်သူ့အကျိုးပြု စီမံကိန်းများတွင် စေတနာမှန်ဖြင့် ပူးပေါင်းပါဝင်ကူညီဆောင်ရွက်သင့်ပါကြောင်း ရေးသားတင်ပြလိုက်ရပါတယ်။ ။

ခရီးသွား လက်ဆောင်မွန်

တင်သန်းယု
(မြန်မာ့ခရီးသွား)

The Golden Land ဟု ကမ္ဘာကျော်ထင်ရှားလူသိများသော မြန်မာနိုင်ငံသည် အရှေ့တောင်အာရှတွင်တည်ရှိပြီး ထေရဝါဒဗုဒ္ဓဘာသာသာသနာတော် ထွန်းကား စည်ပင်ရာနိုင်ငံဖြစ်သည်။ မြန်မာနိုင်ငံသည် မြောက်ဘက် နှင်းဖုံးလွှမ်းသော တောင်တန်းကြီးများမှစတင်ကာ အလယ်ပိုင်းမြေပြန့်လွင်ပြင်ခြောက်သွေ့သောဒေသနှင့် တောင်ဘက်တွင် စိမ်းလန်းသာယာစိုပြည်သော တောတောင်လယ်ကွင်း၊ ယာမြေတို့အပြင် အရှေ့ဘက်နှင့်အနောက်ဘက်ရှိ မြင့်မားလှပသော တောင်ကုန်း၊ တောင်တန်းကြီးများမှသည် တောင်ဘက်ပင်လယ်ကမ်းခြေသို့တိုင် သဘာဝအလှတရားကို ပိုင်ဆိုင်ထားသည်။

မုံရွာမြို့ရှိ သမ္ဗုဒ္ဓေစေတီတော် တစ်ဆူတည်းတွင်ပင် ဗုဒ္ဓရုပ်ပွားတော်ငါးသိန်းကျော်ရှိခြင်း၊ မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အနုပညာအမွေအနှစ်များ၏ နယ်မြေဖြစ်သော ပုဂံဒေသတစ်ခုတည်းတွင်လည်း အရွယ်အစား၊ ပုံသဏ္ဌာန်မျိုးစုံသောဘုရားပုထိုးစေတီများတည်ရှိနေခြင်း၊ စစ်ကိုင်းတောင်ဒေသ တစ်မြို့တည်းတွင်လည်း ကျောင်းတိုက်ပေါင်း ၆၀၀ကျော် ရှိခြင်းစသည်တို့ကို ကြည့်ပါက မြန်မာနိုင်ငံသည် ဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပရာဒေသဖြစ်ကြောင်း အထင်အရှားပြဆိုလျက်ရှိသည်။

နှစ်ပေါင်းတစ်ထောင်ကျော်ကတည်းက ထွန်းကားတည်ရှိခဲ့သော ဗုဒ္ဓသာသနာတော်နှင့် ယဉ်ကျေးမှုဆိုင်ရာဓလေ့ထုံးစံ အမွေအနှစ်များကို ပိုင်ဆိုင်ထားရှိပြီး တိုင်းရင်းသားလူမျိုးများ စုစည်းနေထိုင်လျက်ရှိသော ပြည်နယ်နှင့်တိုင်းအသီးသီး၏ ဒေသန္တရဗဟုသုတများ လေ့လာမကုန်နိုင်အောင် တည်ရှိနေသဖြင့် မြန်မာနိုင်ငံသို့ နိုင်ငံအသီးသီးမှ ကမ္ဘာလှည့်ခရီးသည်များနှစ်စဉ်သိန်းနှင့်ချီ၍ တကူးတက လာရောက်လေ့လာလျက်ရှိသည်။

ထို့အတူ မြန်မာနိုင်ငံသူ၊နိုင်ငံသားများအနေဖြင့်လည်း မိမိတို့တိုင်းပြည်အတွင်းရှိ ရှေးဟောင်းယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးစံများ၊ အမျိုးသားရေး စရိုက်လက္ခဏာများကို ကိုယ်တိုင်ကိုယ်ကျ သွားရောက်၍ မျက်ဝါးထင်ထင် ကြည့်ရှုခံစားနိုင်သော အခွင့်အရေးများကို ရယူသင့်ကြပေသည်။

ထိုသို့သောအခွင့်အရေးများကို မြန်မာနိုင်ငံသူ၊ နိုင်ငံသားများ ရရှိလာစေရေးအတွက် နိုင်ငံတော်၏လမ်းညွှန်မှုနှင့်အညီ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက အားထုတ်ကြိုးပမ်းခဲ့ရာ ယခုလာမည့် ပွင့်လင်းရာသီမှစ၍ ပြည်တွင်းခရီးသွားလိုသူများအတွက် ခရီးစဉ်အမျိုးမျိုး မြန်မာပြည်အနှံ့ ရေတိုရေရှည် စီမံကိန်းများဖြင့် စတင်အကောင်အထည်ဖော် ဆောင်ရွက်ပေးတော့မည်ဖြစ်သည်။

မြန်မာ့သမိုင်းဦးတကောင်းခေတ်တွင် မောင်ပေါက်ကျိုင်းဆိုသူသည် "သွားပါများခရီးရောက်၊ မေးပါများစကားရ၊ မအိပ်မနေအသက်ရှည်"ဟူသော စာချိုးအတိုင်း သွားပါများခရီးစဉ်ကို လိုက်နာခဲ့ရာမှ နောင်အခါ တကောင်းပြည်ကြီးကို အုပ်ချုပ်စိုးစံရသော နဂါးနိုင်မင်းရာဇာဖြစ်လာခဲ့သည်။

အေဒီ ၁၃ရာစုတွင် အီတလီနိုင်ငံ ဗင်းနစ်မြို့သား မာကိုပိုလိုသည်လည်း အရှေ့တိုင်းသို့ ခရီးထွက်ရာမှ သူရေးသားခဲ့သောခရီးသွားမှတ်တမ်းများကြောင့် ပထမမြန်မာနိုင်ငံတော် ဖြစ်ထွန်းခဲ့ရာ ပုဂံပြည်ကြီးသည် ကမ္ဘာ့သမိုင်းစာမျက်နှာပေါ်တွင် ထင်ပေါ်ကျော်ကြားခဲ့သည်။

မြန်မာ့သမိုင်းတွင်စာဆိုတော်ရှင်မဟာရဋ္ဌသာရစပ်ဆိုခဲ့သော "ရွှေစက်တော်သွားတောလား"သည် ဘုရားဖူးခရီးစဉ်တစ်ခုတွင် တောပျော်သားရဲတိရစ္ဆာန်များနှင့် ကျေးငှက်သာရကာတို့၏ ကျင်လည်ကျက်စားကြပုံများနှင့် တောတောင်စိမ့်စမ်းတို့၏ သဘာဝအလှအပများကိုပါ ပေါင်းဆုံစုစည်းခံစားသိရှိနိုင်သည့် ပြည်တွင်းခရီးသွားမှတ်တမ်းတစ်ခုအဖြစ် မြန်မာစာပေသမိုင်းတွင် ထင်ရှားကျော်ကြားခဲ့သည်။

ခရီးထွက်ခြင်း၏ရည်ရွယ်ချက်အမျိုးမျိုးတို့တွင် အပန်းဖြေခြင်း၊ ဘုရားဖူးခြင်း၊ ဒေသန္တရဗဟုသုတရှာဖွေခြင်း၊ စွန့်စားခန်းပြုခြင်း၊ ခြေလျင်နှင့်တောင်တက်ခြင်း၊ သဘာဝတောတောင်အလှအပများကိုခံစားခြင်း၊ သမိုင်းကိုသုတေသနပြုလုပ်ခြင်းများလည်း အကျုံးဝင်နေသဖြင့် ခရီးသွားခြင်း၏ဘက်စုံအရသာကို ခရီးသွားသူများ မွေ့လျော်ခံစားနိုင်ကြသည်။

ခရီးသွားခြင်းကို ကျန်းမာရေးကောင်းစဉ်၊အခွင့်အရေးရစဉ်၊ ငွေကြေးရှိစဉ်၊ ဘေးအန္တရာယ်ကင်းရှင်းလုံခြုံစဉ်၊ အချိန်ရှိစဉ်နှင့် ပျိုရွယ်သန်မာစဉ်တို့တွင်သာ ဆောင်ရွက်နိုင်ပါသည်။

ခရီးသွားခြင်းအပြောင်းအလဲကြောင့် စိတ်ရွှင်လန်းတက်ကြွခြင်း၊ အတွေ့အကြုံ ဗဟုသုတတိုးပွားခြင်း၊ လူမှုရေး၊ ပညာရေး၊ စီးပွားရေးနှင့် ဘာသာသာသနာအရေးတို့တွင် တိုးတက်ကြီးပွားရာ ကြီးပွားကြောင်း အထောက်အကူများစွာပြုနိုင်ပါသည်။

မြန်မာနိုင်ငံအတွင်း၌ လှည့်လည်ကြည့်ရှုလေ့လာဖွယ်ရာ ခရီးစဉ်ပြုရမည့် ဒေသများကား သွား၍မကုန်နိုင်အောင် ပေါများကြွယ်ဝလှပါသည်။ ဒေသအသီးသီးရှိ လေ့လာ၍မကုန်နိုင်သော စိတ်ဝင်စားဖွယ်ရာ ဗဟုသုတများက ခရီးသွားလိုသောစိတ်ဆန္ဒကိုပိုမိုလှုံ့ဆော်တွန်းအားပေးလျက်ရှိသည်။ မျက်မှောက်ခေတ် ဆယ့်ခြောက်နှစ်တာကာလအတွင်း မြန်မာနိုင်ငံအဝန်း လျင်မြန်သော အရှိန်အဟုန်ဖြင့် ပေါ်ပေါက်လာသော လမ်းသစ်၊ တံတားသစ်များက ကွန်ရက်သဖွယ် ဆက်နွှယ်လျက်ရှိရာ ပြည်တွင်းခရီးသွားခြင်းကို ပံ့ပိုးပေးနေသော အခွင့်အရေးကောင်းတစ်ခုဖြစ်ပါသည်။

ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာသော တည်းခိုနားနေစရာအဆင့်မြင့်နေရာထိုင်ခင်းများပေါများလာခြင်း၊ ခေတ်မီယာဉ်၊ ကား၊ ရထားများ တိုးချဲ့ပြေးဆွဲပေးလာနိုင်ခြင်း၊ ကျန်းမာရေးနှင့်ညီညွတ်ပြီး သန့်ရှင်းသော အစားအသောက်ရောင်းချပေးမှုများပေါများလာခြင်းတို့ကလည်း ခရီးသွားများအတွက် သက်သောင့်သက်သာရှိမှုနှင့် စိတ်ကျေနပ်ချမ်းမြေ့မှုများ ရရှိစေမည်ဖြစ်ပါသည်။

ခရီးသွားခြင်းကို မြည်းစမ်းကြည့်ပြီးသူများက ခရီးသွားခြင်း၏ အကျိုးရလဒ်များကို သိမြင်ကာ မိမိတို့တတ်နိုင်သလောက်ကြိုတင်၍ ငွေကြေးသီးသန့်စုဆောင်းထားကြပြီး အခွင့်အရေးကြုံသည်နှင့် ခရီးထွက်ခြင်းကို အမြဲပြုလေ့ရှိနေကြပြီဖြစ်သည်။

မြန်မာနိုင်ငံအတွင်း ခရီးစဉ်ဒေသများသို့ ကိုယ်ပိုင်အစီအစဉ်ဖြင့်လည်းကောင်း၊ ဘုရားဖူးကားများဖြင့်လည်းကောင်း၊ ရထား၊ လေယာဉ်တို့ဖြင့်လည်းကောင်း သွားရောက်လည်ပတ်ရန်အတွက် ကိုယ်တိုင် တကူးတက အပင်ပန်းခံစီစဉ်စရာမလိုအောင် မြန်မာ့ခရီးသွားလုပ်ငန်း(ဟိုတယ်နှင့်ခရီး)က ဆက်သွယ်စီစဉ်ပေးလျက်ရှိပါသည်။

ခရီးသွားလာရာတွင် အဓိကလိုအပ်သော အချက်(၄)ချက်မှာ–

- ဆွဲဆောင်မှုရှိသောဒေသနှင့် ခရီးစဉ်ဖြစ်ရန်။
- လမ်းပန်းဆက်သွယ်မှုကောင်းမွန်၍ လုံခြုံစိတ်ချနိုင်ရန်။
- လှည့်လည်ကြည့်ရှုခြင်းနှင့် နေထိုင်စားသောက်ရေးပြည့်စုံကောင်းမွန်မှုရှိရန်။
- ဒေသခံအာဏာပိုင်တို့က လိုအပ်သလိုကူညီပံ့ပိုးမှုပေးရန်စသည်တို့ဖြစ်ပါသည်။ သို့မှသာ ပြည့်စုံပျော်ရွှင် အောင်မြင်သော ခရီးစဉ်များဖြစ်လာနိုင်ပေလိမ့်မည်။

အထက်ပါအာမခံချက်များကို အခြေခံထား၍ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက တိုင်းရင်းသားပြည်သူများအတွက် "ရေကန်အသင့်၊ ကြာအသင့်"ဖြစ်စေရန် ပြည်တွင်းခရီးစဉ်များ စီစဉ်ရေးဆွဲလျက်ရှိပါသည်။

ပြည်တွင်းခရီးစဉ်များရေးဆွဲရာတွင် အဆင့်မြင့်ခရီးစဉ်၊ အလတ်တန်းခရီးစဉ်နှင့် သာမန်ခရီးစဉ်ဟူ၍ စီစဉ်ထားပြီး လေယာဉ်၊ ရထား၊ သင်္ဘောနှင့် မော်တော်ယာဉ်များဖြင့်သော် လည်းကောင်း၊ တည်းခိုနေထိုင်ရာတွင်လည်း ဟိုတယ်၊ စားသောက်ဆိုင်များနှင့် မိမိတို့အစီအစဉ်ဖြင့် စားသောက်နိုင်စေရေးအတွက်လည်းကောင်း နှစ်သက်ရာရွေးချယ်နိုင်ရန် စီစဉ်ပေးထားပါသည်။

ခရီးစဉ်များနှင့်ပတ်သက်၍ ရန်ကုန်မြို့၊ ဆူးလေဘုရားလမ်း၊ အမှတ်–၇၇/၉၁ရှိ မြန်မာ့ခရီးသွားလုပ်ငန်း၏ သတင်းနှင့်ပြန်ကြားရေး၊ ခရီးစဉ်ရောင်းချရေးဌာန၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် သတင်းပြန်ကြားရေးဌာနနှင့် ရန်ကုန်ဘူတာကြီး သတင်းပြန်ကြားရေးဌာနတို့တွင် စုံစမ်းမေးမြန်းဝယ်ယူနိုင်ကြပါသည်။

ပြည်တွင်းခရီးစဉ်များကို ရန်ကုန်မြို့၌သာမက ဒေသအသီးသီးမှ ခရီးသွားလိုသူများအတွက်ပါ အဆင်ပြေစေရန် နယ်ရုံးခွဲများတွင်လည်း လိုအပ်သော ခရီးစဉ် စီစဉ်ဆောင်ရွက်ပေးလျက်ရှိပါသည်။

နယ်ခရီးစဉ်များကို မြစ်ကြီးနား၊ ဗန်းမော်၊ မူဆယ်၊ ပုဂံ၊ မန္တလေး၊ တောင်ကြီး၊ တာချီလိတ်နှင့် ကော့သောင်းမြို့များရှိ မြန်မာ့ခရီးသွားလုပ်ငန်းရုံးခွဲများတွင် စုံစမ်းဝယ်ယူနိုင်ကြပါသည်။

အုပ်စုခရီးစဉ် (Package Tour)များတွင် မြန်မာ့ခရီးသွားလုပ်ငန်းမှ ဧည့်လမ်းညွှန် (Tour Guide)တစ်ဦး ကြီးကြပ်လိုက်ပါဆောင်ရွက်ပေးမည်ဖြစ်ပြီး နယ်ရုံးခွဲများမှ ခရီးစဉ်များအတွက်လည်း သက်ဆိုင်ရာရုံးခွဲရှိဝန်ထမ်းများက အဆင်ပြေချောမွေ့အောင် ကြီးကြပ်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

ပြည်တွင်းခရီးစဉ်ဒေသအမျိုးမျိုးတို့တွင် ရန်ကုန်တိုင်းနှင့် အနီးဝန်းကျင်ဒေသများ၊ မန္တလေးတိုင်း၊ ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ မကွေးတိုင်း၊ မွန်ပြည်နယ်၊ တနင်္သာရီတိုင်း အနီးဝန်းကျင်ဒေသများစသည်တို့ပါဝင်ပြီး စီစဉ်ပို့ဆောင်ပေးမည့် အချိန်ကာလနေ့ရက်အလိုက်နှင့် ဈေးနှုန်းများကို လာမည့်ပွင့်လင်းရာသီအမီ စတင်အကောင်အထည်ဖော် ရောင်းချပေးသွားမည်ဖြစ်ပါသည်။

မြန်မာ့ခရီးသွားလုပ်ငန်းအနေဖြင့် ပြည်တွင်းခရီးသွားပြည်သူများ၏ လိုလားချက်၊ အကြံပြုချက်များကို အလေးအနက်ထားလက်ခံရယူကာ ပြည်တွင်းခရီးစဉ်များကို တစ်နှစ်ထက်တစ်နှစ်ပိုမိုတိုးချဲ့၍ အကောင်းဆုံးဖြစ်အောင် စီစဉ်ပေးသွားရန်လည်း ရည်မှန်းချက်ထားရှိ ဆောင်ရွက်လျက်ရှိနေပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

ပခုက္ကူနိကာယအဖွဲ့သို့ မော်တော်ယာဉ်လှူဒါန်း

ရန်ကုန် စက်တင်ဘာ ၅

ပဲခူးတိုင်း(အနောက်ပိုင်း)ပြည်ခရိုင် ရွှေတောင်မြို့နယ် အတွင်းရှမ်းတန်းသရက်တောရပ်ကွက်နေ အလှူရှင် ဒါယိကာမ ဒေါ်အေးမြင့်၊ ဒေါ်အုန်းမြင့် ညီအစ်မတို့က ပခုက္ကူမြို့ မဟာဝိသုတာရာမကျောင်းတိုက်ကြီးနှင့် ပခုက္ကူနိကာယအဖွဲ့သို့ ၎င်းတို့ပိုင်ဆိုင်သည့် ငွေကျပ်သိန်း ၄၀တန် မော်တော်ယာဉ်တစ်စီး၊ ရွှေ ၁၅ကျပ်သား အပါအဝင် ငွေကျပ်ရှစ်သိန်းတို့ကို သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ရည်မှန်း၍ လှူဒါန်းပေးအပ်ပွဲ အခမ်းအနားကို ဩဂုတ် ၃၁ရက်တွင် ရွှေတောင်မြို့ မြို့နယ် သံဃနာယကအဖွဲ့ရုံး၌ ကျင်းပသည်။ အခမ်းအနားတွင် မူလတက္ကသိုလ် ကျောင်းတိုက်ကြီး၏ ဦးစီးပဓာန နာယက မဟာသဒ္ဓမ္မဇောတိကဓဇ ရှင်တစ်ထောင်ဆရာတော် ဘဒ္ဒန္တ ကုလာသဘထံမှ အလှူရှင်နှင့် ဧည့်ပရိသတ်တို့က ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ပေးအပ်လှူဒါန်း

ထို့နောက် သာသနာတော်ထွန်းကားပြန့်ပွားရေးအတွက် ငွေကျပ်သိန်း ၄၀တန် မော်တော်ယာဉ် တစ်စီး၊ ရွှေ ၁၅ကျပ်သား အပါအဝင် ငွေကျပ်ရှစ်သိန်းတို့ကို အလှူရှင် ဒေါ်အေးမြင့်နှင့် ဒေါ်အုန်းမြင့်ညီအစ်မတို့က ပေးအပ်လှူဒါန်းရာ ပခုက္ကူနိကာယ ဂေါပကအဖွဲ့ဝင်များက လက်ခံကြသည်။

(အပေါ်ပုံ) (သတင်းစဉ်)

ဗုဒ္ဓဒေသနာသင်တန်း

ရန်ကုန် စက်တင်ဘာ ၅

ဆရာကြီး ဦးဌေးအောင် (မိုးလေဝသ) တွဲဖက်ဌာနမှူး၊ ဗုဒ္ဓဒေသနာ ပြန့်ပွားရေးပညာဌာန၊ နိုင်ငံတော် ပရိယတ္တိ သံဃာ့တက္ကသိုလ် (မန္တလေးမြို့)၊ ဗုဒ္ဓဒေသနာနှင့် ဝိပဿနာ ပြန့်ပွားရေးအသင်း၏ ဦးဆောင်ပဓာန နာယကသည် စက်တင်ဘာ ၁၁ရက်(စနေနေ့)မှစတင်၍ နိုဝင်ဘာလကုန်အထိ အပတ်စဉ် စနေနေ့နှင့် တနင်္ဂနွေနေ့တိုင်း ညနေ ၃နာရီမှ ၅နာရီအထိ ဗုဒ္ဓဒေသနာများကို ရန်ကုန်မြို့ အာဇာနည်လမ်း သာမဏေဗိမာန်တော်တွင် သင်ကြားပို့ချမည်ဖြစ်သည်။

(က–ပ)

ရန်ကုန်ရောက် အင်းမနယ်သူ၊ နယ်သားများ၏ အင်းမနွယ်ဖွား ဆရာတော်ကြီးများအား ပထမအကြိမ် ဝါဆိုသင်္ကန်း ဆက်ကပ်လှူဒါန်းပွဲနှင့် ပညာရည်ချွန် ဆုပေးပွဲ အခမ်းအနားကို ဩဂုတ် ၂၂ရက်က စမ်းချောင်းမြို့နယ် ဗားကရာလမ်း အနောက်ဥယျာဉ်တိုက် သုခုမကျောင်းတွင်ကျင်းပရာ အကျိုးတော်ဆောင် ဦးလှရွှေက တက္ကသိုလ်ဝင်တန်း ခြောက်ဘာသာဂုဏ်ထူးရ ကျောင်းသူတစ်ဦးအား ပညာရည်ချွန်ဂုဏ်ပြုဆု ချီးမြှင့်စဉ်။ (၅၀၆)

ကွယ်လွန်သူ ဒေါ်အုန်းလှိုင် Mrs. Olive Pun အား ရည်စူး၍ အမှတ် (၁) Finger Lake, FMI City နေ ကျန်ရစ်သူမိသားစုက အလှူငွေကျပ်သုံးသိန်းကို နာရေးကူညီမှုအသင်း(ရန်ကုန်)သို့ ဩဂုတ် ၂၈ ရက်က လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူနှင့် ဇနီး တွဲဖက်ဘဏ္ဍာရေးမှူး ဒေါ်မြင့်မြင့်ခင်ဖေ (ဒေါ်ရွှေဇီးကွက်)တို့က လက်ခံစဉ်။ (က–ပ)

ပေးအပ်လှူဒါန်း

ဒဂုံမြို့သစ်အရှေ့ပိုင်းမြို့နယ် (၁၂)ရပ်ကွက် ယုဇနတီလမ်း အမှတ်(၃၆၄)နေ ကွယ်လွန်သူ သား ကိုမျိုးမင်းအား ရည်စူး၍ မိဘများဖြစ်သော ဦးထွေး၊ ဒေါ်စိုးစိုးရှိန်မိသားစုနှင့် မားစ်သူငယ်ချင်းများက ဆွမ်းပဒေသာပင်အတွက် ငွေကျပ်တစ်သိန်းတစ်သောင်းကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ဗိုလ်မှူးအောင်သန်း(ငြိမ်း)သို့ ဩဂုတ် ၂၇ရက်က ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

*** ရှေ့ဖုံးမှ**

ရွှေဦးစွာ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေး ဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာလူမျိုးတို့ နှစ်ပေါင်းထောင်ချီ၍ ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်လာခဲ့သည့် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များဖြစ်သည့် အဆို၊အက၊အရေး၊ အတီးအနုပညာရပ်များကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ပေးခြင်းအားဖြင့် မြန်မာလူမျိုးတို့၏ အမျိုးသားရေးဂုဏ်သိက္ခာနှင့် အမျိုးသားရေး စရိုက်လက္ခဏာတို့ကို ပိုမိုတိုးတက်မြင့်မား ခိုင်ကျည်စေရမည်ဆိုသည့် မွန်မြတ်မြင့်မားသော ရည်မှန်းချက်များဖြင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများကို နှစ်စဉ်မပျက် ကျင်းပလာခဲ့ရာ ယခုဆိုလျှင် (၁၂)နှစ်တိုင် ပြည့်မြောက်တော့မည်ဖြစ်ကြောင်း။

အောင်မြင်ဖြစ်ထွန်း

ယဉ်ကျေးမှုအနုသုခုမပညာရပ်များဖြစ်သည့် အဆို၊ အက၊ အရေး၊ အတီး ပညာရပ်များသည် မျိုးဆက်တစ်ဆက်မှတစ်ဆက်သို့ လက်ဆင့်ကမ်းသယ်ဆောင်ထိန်းသိမ်းမြှင့်တင်ပေးရသည့် အစဉ်အလာရှိသည်နှင့်အညီ ယခုကဲ့သို့ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လူငယ်လူရွယ်များအပါအဝင် တစ်မျိုးသားလုံး ပူးပေါင်းပါဝင်ဆင်နွှဲသော မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အောင်မြင်ဖြစ်ထွန်းလျက် ရှိနေပြီဖြစ်ကြောင်း၊ ယင်းကဲ့သို့သော အစဉ်အလာကောင်းတစ်ရပ်ဖြစ်ထွန်းနေခြင်းကြောင့် အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရိုးရာအနုပညာရပ်များကို မြတ်နိုးထိန်းသိမ်းသော မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များကို လက်ဆင့်ကမ်း ထိန်းသိမ်းစောင့်ရှောက်မြှင့်တင်ပေးခြင်းဆိုသည့် အမျိုးသားရေး လက္ခဏာဆောင်သော အခြေခံကောင်းတစ်ရပ် မိမိတို့နိုင်ငံ၌ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေခြင်းပင်ဖြစ်ကြောင်း။

ဤကဲ့သို့ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အောင်မြင်ဖြစ်ထွန်းနေမှုနှင့်အတူ ပြိုင်ပွဲကြီးများကို နှစ်စဉ်အောင်မြင်စွာ ကျင်းပပေးခြင်းအားဖြင့် နိုင်ငံတော်၏အနာဂတ်ကာလကို တာဝန်ယူသွားကြမည့် ယနေ့ မျိုးဆက်သစ်လူငယ်များအတွက် ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ၊ ယဉ်ကျေးမှုဓလေ့စရိုက် အစဉ်အလာများ၏ အဆင့်အတန်းမြင့်မားမှု၊ သိမ်မွေ့နက်ရှိုင်းမှု၊ အမျိုးသားရေး အနှစ်သာရဖြင့် ပြည့်ဝမှုတို့ကို သိမြင်ခံစားနိုင်စေခြင်းဖြင့် မိမိနိုင်ငံ၊ မိမိလူမျိုးအပေါ် ဂုဏ်ယူဝင့်ကြွား အားထားစိတ်နှင့် အမျိုးသားရေးစိတ်ဓာတ်၊ အမျိုးစောင့်တရားဖြစ်သည့် ဝံသာနုရက္ခိတစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်စသည့် မွန်မြတ်သော စိတ်ဓာတ်များ ပိုမိုထက်သန်မြင့်မားခိုင်မာစွာ ဖြစ်ထွန်းလာစေမှာ အမှန်ပင်ဖြစ်ကြောင်း။

ရိုးရာယဉ်ကျေးမှုတိမ်ကော

ယနေ့ နိုင်ငံတကာမြင်ကွင်းကိုကြည့်လျှင် နိုင်ငံအချို့အနေဖြင့် ရုပ်ပိုင်းဆိုင်ရာ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုများနောက်ကို အလောတကြီးလိုက်ပါရင်း မိမိတို့၏ ဘိုးဘေးဘီဘင်များလက်ထက်က ထိန်းသိမ်းစောင့်ရှောက်လာခဲ့ကြသော ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များ၊ ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ တဖြည်းဖြည်းချင်း တိမ်ကောပပျောက်လာသဖြင့် မိမိတို့၏ အမျိုးသားရေး စရိုက်လက္ခဏာများပါ ယိုယွင်းပျောက်ကွယ်လာနေသည်ကို

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ရုပ်သေးပညာရှင် ဦးရဲခွေးက အာရှရာမာယဏ ဇာတ်တော်ကြီးနှင့် ပတ်သက်သည့် မှတ်တမ်းစာအုပ်နှင့် ဂန္ထဝင်ဂီတနှင့်ပတ်သက်သည့် ဗီဒီယိုအခွေများကို ပေးအပ်စဉ်။ (သတင်းစဉ်)

တွေ့ရသကဲ့သို့ မိမိတို့၏ အမျိုးသားယဉ်ကျေးမှုနှင့် အမျိုးသားရေးစရိုက်လက္ခဏာများ တိမ်ကောပပျောက်ပြီး အနာဂတ်ကာလတွင် မိမိနိုင်ငံ၊ မိမိလူမျိုး၏ အမျိုးသားရေးအကျိုးစီးပွား ထိခိုက်ပျက်ပြားကာ သူတစ်ပါးသြဇာအာဏာအောက် ကျရောက်သွားမည်ကိုစိုးရိမ်သဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှုထိန်းသိမ်းရေးကို အလေးထားဆောင်ရွက်နေကြသည့် နိုင်ငံများလည်းရှိကြောင်း။

ယင်းသို့ ကမ္ဘာ့နိုင်ငံအသီးသီးသည် Globalization ခေါ်သည့် ဆက်စပ်ဆက်နွှယ် ပြောင်းလဲဖြစ်ပေါ်မှုများကြောင့် အမျိုးသားရိုးရာယဉ်ကျေးမှုများ ယိုယွင်းပျောက်ကွယ်လုဖြစ်နေသည့်အချိန်အခါတွင် မြန်မာနိုင်ငံအနေဖြင့် အဆင့်အတန်းမြင့်မားလှသည့် ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်အစဉ်အလာများ၊ အမျိုးသားရေး စရိုက်လက္ခဏာများ၊ အမျိုးသားရေးတန်ဖိုးများကို ယနေ့ထက်တိုင် မပျောက်မပျက်မယိုမယွင်း ထိန်းသိမ်းစောင့်ရှောက်ထားနိုင်ခြင်းသည် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ အပါအဝင် မြန်မာ့ရိုးရာယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ကြိုးပမ်းစွမ်းဆောင်မှုများ၏ အကျိုးရလဒ်ကောင်းများကြောင့် ဖြစ်သည်မှာ ထင်ရှားနေပြီဖြစ်ကြောင်း။

ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ ကောဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အတွေ့အကြုံနှင့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြစဉ်။ (သတင်းစဉ်)

လူငယ်အစိတ်အပိုင်းအချို့တွင် ရိုးရာယဉ်ကျေးမှုကို လျစ်လျူရှု
ယင်းသို့သော သဘောထားများ တိုးပွားမလာစေရအောင် လူင

ထိုးဖောက်လွှမ်းမိုး

သို့ရာတွင် နိုင်ငံတကာ၌ ခနအင်အားနှင့် နည်းပညာအရ အသာစီးရရှိနေသည့် အနောက်နိုင်ငံကြီးအချို့က ၎င်းတို့၏ ဓလေ့စရိုက်များကို စီးပွားရေးနှင့် ယဉ်ကျေးမှုတံခါးပေါက်များမှတစ်ဆင့် မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံများအပေါ် သွတ်သွင်းထိုးဖောက် လွှမ်းမိုးနိုင်စေရန် ကြိုးပမ်းလုပ်ဆောင်လျက်ရှိနေရာ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကဲ့သို့သော ဖွံ့ဖြိုးဆဲနိုင်ငံများအနေဖြင့် မိမိတို့၏ အမျိုးသားယဉ်ကျေးမှု ထိန်းသိမ်းမြှင့်တင်ရေး ကြိုးပမ်းဆောင်ရွက်မှုများကို မပြတ်သော အမျိုးသားရေးသတိဖြင့် အရှိန်အဟုန်မပျက် ဆက်လက်ကြိုးပမ်း ဆောင်ရွက်သွားကြရန် လိုအပ်ဦးမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မျိုးချစ်စိတ်ဓာတ်၊ အမျိုးသားစိတ်ဓာတ်နှင့် ရိုးရာ

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု၊ အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ အလှူငွေကျပ် ၁၀သိန်းကို ဥက္ကဋ္ဌ အကော်ဒီယံဦးအုန်းကျော်က ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ယဉ်ကျေးမှု ထိန်းသိမ်းရေးစိတ်ဓာတ်တို့ကို နိုင်ငံရေးအမြင်အရသော်လည်းကောင်း၊ စီးပွားရေးအရသော်လည်းကောင်း ဖျက်လိုဖျက်ဆီး လုပ်ဆောင်နေကြသည့် အနောက်နိုင်ငံကြီးများ၊ မသမာသူ အဖျက်သမားများနှင့် ဝိသမလောဘ စီးပွားရေးသမားများက ခေတ်ရေစီးကြောင်းတွင် သတိလက်လွတ်မျောပါလိုသော လူငယ်အစိတ်အပိုင်းအချို့ကို မလျော်မကန် သွေးဆောင်ဖြားယောင်းပြီး တလွဲအသုံးချနေမှုကြောင့် အချို့သော လူငယ် အစိတ်အပိုင်းအချို့တွင် ရိုးရာယဉ်ကျေးမှုကို လျစ်လျူရှုလိုသည့် သဘောထားများ ဖြစ်ပေါ်နေသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် ယင်းသို့သော သဘောထားများ တိုးပွားမလာစေရအောင် လူငယ်လူရွယ်များအား ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရင်း ပညာပေးစည်းရုံးသွားကြရန် အထူးလိုအပ်လျက်ရှိကြောင်း။

ထို့ကြောင့် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ အောင်မြင်ဖြစ်ထွန်းမှု အရှိန်အဟုန်ဖြင့် ရရှိဖြစ်ထွန်းနေသည့် အကျိုးရလဒ်ကောင်းများကို ဆက်လက်ထိန်းသိမ်း မြှင့်တင်ပေးနိုင်စေရအောင် ဦးစီးကော်မတီ၊ ဆပ်ကော်မတီများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ပညာရှင်ကြီးများက အဘက်ဘက်က မလျော့သော ဇွဲ၊ လုံ့လဖြင့် ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

ရှေးမှုမပျက်

ယခုဒွါဒသမအကြိမ်(၁၂ကြိမ်)မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး အောင်မြင်ဖြစ်ထွန်းရေးအတွက်လည်း ဦးစီးကော်မတီနှင့် ကော်မတီအဆင့်ဆင့်အနေဖြင့် ယခင် အတွေ့အကြုံများအပေါ် မူတည်ပြီး ကြိုတင်စီမံ ဆောင်ရွက်ထားကြပြီးဖြစ်သည်ကို တွေ့ရကြောင်း၊ ယခုနှစ် ဇာတ်သဘင်ပြိုင်ပွဲအနေဖြင့် ရာမာယဏဇာတ်တော်ကြီးကို ကပြယှဉ်ပြိုင်ရန် စီစဉ်ထားပြီးဖြစ်ကြောင်း၊ ရာမာယဏဇာတ်တော်ကြီး ကပြယှဉ်ပြိုင်မှုများအနေဖြင့် ယခုနှစ်သည် စတုတ္ထအကြိမ်

ယှဉ်ပြိုင်ခြင်းဖြစ်ရာ ယခင်နှစ်များထက် ပိုမိုအဆင့်အတန်းမြင့်မားစွာ ကပြယှဉ်ပြိုင်နိုင်ကြလိမ့်မည်ဟု မျှော်လင့်ထားပြီးဖြစ်ကြောင်း၊ ရာမာယဏဇာတ်တော်ကြီးသည် ရှေးယခင်အခါက ရက်ပေါင်းများစွာ တင်ဆက်ကပြရသော ဇာတ်လမ်းဇာတ်အိမ် ကြီးမားကျယ်ပြန့်လှသည့် မြန်မာ့ဂန္ထဝင်ဇာတ်တော်ကြီးဖြစ်သည့်အတွက် မိမိတို့၏ ပြိုင်ပွဲကြီးတွင် ရာမာဏဇာတ်တော်ကြီး၏ ဇာတ်ဝင်ခန်းများကို တစ်နှစ်ထက်တစ်နှစ် ပိုမိုပြည့်စုံလာအောင် အစဉ်အဆက် ကပြလာခဲ့ကြသော ဇာတ်ဝင်ခန်းများ ပျောက်ပျက်မသွားစေရေးအတွက် သင့်လျော်လျောက်ပတ်သည့် ဇာတ်ဝင်ခန်းများ အခါအားလျော်စွာ ထည့်သွင်းကပြနိုင်စေရအောင် စီစဉ်ဆောင်ရွက်ထားသည်ကို တွေ့ရကြောင်း၊ ယင်းသို့ စီစဉ်ဆောင်ရွက်ထားခြင်းသည် အထူးသင့်လျော်ပြီး ရာမာယဏ ဇာတ်တော်ကြီးကို ရှေးမှုမပျက် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် များစွာ အထောက်အကူဖြစ်စေလိမ့်မည်ဟု ယုံကြည်ထားကြောင်း။

ရုပ်သေးသဘင်ပြိုင်ပွဲတွင်လည်း မဟော်သဓာဇာတ်တော်ကြီးကို ကပြယှဉ်ပြိုင်ရန် စီစဉ်ထားပြီးဖြစ်ရာ မြန်မာလူမျိုးတို့၏ ဉာဏ်ပညာကြီးမားခံ့ထည်မှု၊ အမှန်တရားကိုမြတ်နိုးမှု၊ တရားမျှတမှုကို လိုလားမှု၊ ယဉ်ကျေးမှုအဆင့်အတန်း မြင့်မားမှုဂုဏ်ရည်တို့ကို ထင်ရှားပေါ်လွင်စေရအောင် ရုပ်သေးသဘင်၏ သမားစဉ်များနှင့်အညီ

တင်ဆက်ကပြသွားကြမည်
ကြောင်း။

အလားတူပင် အဆိုပြို
များတွင်လည်း မြန်မာ့ရိုးရ
အရေး၊ အတီး အနုပညာ
မြင့်မားမှု၊ သိမ်မွေ့နက်နဲခ
သီးသီးသန့်သန့် ဖြစ်ထွန်း
ရအောင် ကြိုးပမ်းယှဉ်ပြိုင်က
ကထက် ပိုမိုအဆင့်အတန်းမြ
လိမ့်မည်ဟု ယုံကြည်ထား

သို့ဖြစ်၍ ဒွါဒသမအ
ယဉ်ကျေးမှု အဆို၊ အက၊
မွန်မြတ်မြင့်မားသော မျှော်မှန်
စွာ ကျင်းပနိုင်ရေး၊ အမျိုးသ
အရည်အသွေးမြင့်မားစွာဖြ
စေရေးနှင့် ရရှိဖြစ်ထွန်းနေ
အကျိုးရလဒ်ကောင်းများ၊ အ
တည်တံ့ခိုင်မြဲစေရေးတို့အ
တာဝန်ရှိသူများအားလုံးက
စီမံဆောင်ရွက်သွားကြရန်

ထို့နောက် ပြိုင်ပွဲကျင်
ရန်ကုန်တိုင်း အေးချမ်းသာ
ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်
(၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်
အတီးပြိုင်ပွဲ အောင်မြင်စွာ
ပြိုင်ပွဲအတွေ့အကြုံများနှင့်
ဒွါဒသမအကြိမ် (၁၂ ကြိ
အဆို၊ အက၊ အရေး၊ အတီး
နိုင်ရေး ဆောင်ရွက်မည့်လုပ်
တင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်
ရေးမှူး အမှတ်(၃) စစ်ဒေသ
ဒွါဒသမအကြိမ် (၁၂ ကြိ
အဆို၊ အက၊ အရေး၊ အတ
ကော်မတီနှင့် ဆပ်ကော်မတီ
အဖွဲ့များ ဖွဲ့စည်းထားမှုနှင့်
သည်။

ဆက်လက်၍ ပြိုင်ပွဲကျ
အနုပညာဦးစီးဌာန ညွှန်ကြ
ဒွါဒသမအကြိမ် (၁၂ ကြိ
အဆို၊ အက၊ အရေး၊ အ
ပြိုင်ပွဲများ ကျင်းပမည့်နေရာ၊
ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာရ
ပြိုင်ပွဲ၌ ပညာရှင်အဆင့်တွင်
ကြီး ရွေးချယ်ရေး၊ ဇာတ်တေ
ဇာတ်တော်ကြီး ယှဉ်ပြိုင်ခွင့်
စပ်လျဉ်း၍ ရှင်းလင်းတင်ပြ

ယင်းနောက် ဘာသာ
အဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့
အရေး၊ အတီးပညာရှင်ကြီး
ဘာသာရပ်အလိုက် ဖြည့်စွ

ထို့နောက် ဒွါဒသမအ
ရိုးရာ ယဉ်ကျေးမှု အဆို၊
ကျင်းပရေးဦးစီးကော်မတီနာ

အမျိုးသားယဉ်ကျေးမှု၊ အမျိုးသားရိုးရ
ရပ်များကို မြတ်နိုးထိန်းသိမ်းသော မျိုးဆ
ပေါ်ထွန်းလာရေးနှင့် မြန်မာ့ရိုးရာယဉ်
ပညာရပ်များကို လက်ဆင့်ကမ်း ထိန်း
ရှောက် မြှင့်တင်ပေးခြင်းဆိုသည့် အ
လက္ခဏာဆောင်သော အခြေခံကောင်းတ
နိုင်ငံ၌ ခိုင်ခိုင်မာမာ ဖြစ်ထွန်းနေ။

...မှုကို လျစ်လျူရှုလိုသည့် သဘောထားများဖြစ်ပေါ်နေ ...စေရအောင် လူငယ်လူရွယ်များအား ပညာပေးစည်းရုံး

တင်ဆက်ကပြသွားကြမည်ဟု ယုံကြည်ထားပြီး ဖြစ်ကြောင်း။

အလားတူပင် အဆိုပြိုင်ပွဲ၊ အကပြိုင်ပွဲ၊ အတီးပြိုင်ပွဲများတွင်လည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး အနုပညာရပ်များ၏ အဆင့်အတန်းမြင့်မားမှု၊ သိမ်မွေ့နက်နဲခက်ခဲမှု၊ အမျိုးသားရေးမူဟန်သီးသီးသန့်သန့် ဖြစ်ထွန်းနေမှုတို့ ပေါ်လွင်ထင်ရှားစေရအောင် ကြိုးပမ်းယှဉ်ပြိုင်ကြခြင်းအားဖြင့် ယခင်နှစ်များကထက် ပိုမိုအဆင့်အတန်းမြင့်မားသည့် ပြိုင်ပွဲများဖြစ်လာလိမ့်မည်ဟု ယုံကြည်ထားပြီးဖြစ်ကြောင်း။

သို့ဖြစ်၍ ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို မွန်မြတ်မြင့်မားသော မျှော်မှန်းချက်များနှင့်အညီ အောင်မြင်စွာ ကျင်းပနိုင်ရေး၊ အမျိုးသားရေး အနှစ်သာရပြည့်ဝစွာ၊ အရည်အသွေးမြင့်မားစွာဖြင့် ယှဉ်ပြိုင်တင်ဆက်နိုင်စေရေးနှင့် ရရှိဖြစ်ထွန်းနေပြီးဖြစ်သော ပြိုင်ပွဲကြီး၏ အကျိုးရလဒ်ကောင်းများ၊ အခြေခံကောင်းများ ဆက်လက်တည်တံ့ခိုင်မြဲစေရေးတို့အတွက် ပညာရှင်ကြီးများနှင့် တာဝန်ရှိသူများအားလုံးက စနစ်တကျ ဦးဆောင်ဦးရွက်ပြုစီမံဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ဧကာဒသမအကြိမ် (၁၁ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့သည့်အခြေအနေ၊ ပြိုင်ပွဲအတွေ့အကြုံများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ဆောင်ရွက်မည့်လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ပြိုင်ပွဲကျင်းပရေးဦးစီးကော်မတီ အတွင်းရေးမှူး အမှတ်(၃) စစ်ဒေသမှူး ဗိုလ်မှူးကြီး တင့်ဆန်းက ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးလုပ်ငန်းကော်မတီနှင့် ဆပ်ကော်မတီများနှင့် အကဲဖြတ်လုပ်ငန်းအဖွဲ့များ ဖွဲ့စည်းထားမှုနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ပြိုင်ပွဲကျင်းပရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ အနုပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဝင်းက ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပမည့်ရက်၊ ပြိုင်ပွဲများ ကျင်းပမည့်နေရာ၊ ပြိုင်ပွဲအဆင့် သတ်မှတ်ချက်၊ ယှဉ်ပြိုင်ခွင့်ပြုမည့် ဘာသာရပ်များသတ်မှတ်ရေး၊ ရုပ်သေးပြိုင်ပွဲ၌ ပညာရှင်အဆင့်တွင် ကပြယှဉ်ပြိုင်မည့် ဇာတ်တော်ကြီး ရွေးချယ်ရေး၊ ဇာတ်တော်ကြီးပြိုင်ပွဲတွင် ရာမာယဏ ဇာတ်တော်ကြီး ယှဉ်ပြိုင်ခွင့်ပြုရေး၊ ဆုချီးမြှင့်ရေးတို့နှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဘာသာရပ်ဆိုင်ရာ အကဲဖြတ်လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များနှင့် အဆို၊ အက၊ အရေး၊ အတီးပညာရှင်ကြီးများက မိမိတို့သက်ဆိုင်ရာ ဘာသာရပ်အလိုက် ဖြည့်စွက်ရှင်းလင်း တင်ပြကြသည်။

ထို့နောက် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီနာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က တင်ပြချက်များကို ပြန်လည်ရှင်းလင်းဆွေးနွေးပြီး နိဂုံးချုပ်အမှာစကား ပြောကြားရာတွင် ယနေ့ ပညာရှင်ကြီးများနှင့် တာဝန်ရှိသူများ၏ ဆွေးနွေးတင်ပြချက်များမှာ အလွန်ပင်ကောင်းမွန်ကြောင်း၊ ယင်းညှိနှိုင်းဆွေးနွေးချက်များအပေါ် အခြေခံလျက် ဒွါဒသမအကြိမ်(၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ရည်မှန်းချက်များနှင့်အညီ အောင်မြင်ဖြစ်ထွန်းအောင် ကျင်းပသွားနိုင်မည်ဟု ယုံကြည်ပြီးဖြစ်ကြောင်း။

မြန်မာ့ရာမာယဏဇာတ်တော်ကြီးမှာ ကကြိုးကကွက် ဟန်ပန်အမူအရာ လှုပ်ရှားမှုများကအစ ဇာတ်ကောင်စရိုက်ကို ထိမိစွာ ဖော်ကျူးတင်ပြနိုင်သော အဆင့်မြင့်ဇာတ်တော်ကြီးဖြစ်သည့်အပြင် ဇာတ်လမ်းဇာတ်အိမ် ထည်ဝါခိုင်ခံ့လှသည့်အတွက် နိုင်ငံတကာကပင် အသိအမှတ်ပြု ချီးကျူးကြရကြောင်း။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှ ရရှိသော ရှေးဟောင်းပစ္စည်းငွေထည်များကို ပစ္စည်းအပ်နှံသူ ရေစကြိုမြို့ ပုခန်းကြီးမြို့ဟောင်း နဂါးတွင်းရပ်ကွက်နေ မသန်းထွေးကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်စဉ်။ (သတင်းစဉ်)

ယခုကဲ့သို့ အမျိုးသားအဆင့် ပြိုင်ပွဲကြီးများတွင် ပြန်လည်ဖော်ထုတ်ယှဉ်ပြိုင်ရာ၌ ရာမာယဏဇာတ်တော်ကြီး၏ အဆင့်အတန်းမြင့်မားမှုကို ထင်ရှားပေါ်လွင်အောင် ဖော်ထုတ်ယှဉ်ပြိုင်နိုင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်ကြရန် လိုကြောင်း။

မြန်မာ့ရုပ်သေးသဘင်သည်လည်း နိုင်ငံတကာက အံ့သြချီးကျူးရသည့် အဆင့်မြင့်ပညာတစ်ရပ်ဖြစ်ကြောင်း၊ ယခင်ကာလက ရုပ်သေးသဘင် တိမ်ကောပပျောက်လုဖြစ်နေခဲ့ရာက မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးများ၏ ကျေးဇူးကြောင့် မြန်မာ့ရုပ်သေးသဘင် ပြန်လည်ထွန်းတောက်လာခဲ့ပြီဖြစ်ရာ ပိုမိုထွန်းတောက် ဝင့်ကြွားနိုင်စေရအောင် ကြိုးပမ်းယှဉ်ပြိုင်ကြနိုင်ဖို့ စီစဉ်ဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။

နိဂုံးချုပ်အားဖြင့် ဒွါဒသမအကြိမ် (၁၂ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို ယခင်နှစ်များထက် ပိုမို၍ အရည်အသွေးမြင့်မားစွာ ကျင်းပနိုင်စေရအောင်၊ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ပိုမို၍ ထင်ဟပ်ဖော်ကျူးနိုင်စေရအောင် ပညာရှင်ကြီးများနှင့် တာဝန်ရှိပုဂ္ဂိုလ်များအားလုံးက တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားရန် ပြောကြားပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်ထံ ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးအတွက် မြန်မာနိုင်ငံ ဂီတအစည်းအရုံး၏ အလှူငွေကျပ် ၁၀သိန်းကို ဥက္ကဋ္ဌ အကော်ဒီယံ ဦးအုန်းကျော်က ပေးအပ်လှူဒါန်းသည်။

ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပရေးဦးစီးကော်မတီ နာယက၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဒွါဒသမအကြိမ် (၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲတွင် အသုံးပြုမည့် နောက်ခံဒီဇိုင်း အဆိုပြုပုံစံများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ဆက်လက်၍ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်အား ရုပ်သေးပညာရှင် ဦးရဲခွေးက အာရှရာမာယဏ ဇာတ်တော်ကြီးနှင့်ပတ်သက်သည့် မှတ်တမ်းစာအုပ်နှင့် ဂန္ဓဝင်ဂီတနှင့်ပတ်သက်သည့် ဗီဒီယိုအခွေများကို ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှရရှိသော ရှေးဟောင်းပစ္စည်းငွေထည်များကို ပစ္စည်းအပ်နှံသူ ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်း နဂါးတွင်းရပ်ကွက်နေ မသန်းထွေးကိုယ်စား ယဉ်ကျေးမှုဝန်ကြီးဌာနသို့ လွှဲပြောင်းပေးအပ်သည်။

မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှ ရရှိသော ရှေးဟောင်းပစ္စည်း ငွေထည်များမှာ ဘုရင်နှင့်မိဖုရားပုံပါသော ခါးပတ်ခေါင်းတစ်ခု၊ ဝိဓူရဇာတ်တွင် ပုဏ္ဏကဘီလူးမြင်းစီးနေဟန် ခါးပတ်ခေါင်းတစ်ခု၊ ငွေလက်ကြပ် (မြွေစိမ်းခေါင်းပုံ) လေးခု၊ ဖလားစုံ ကွမ်းအစ်တွင် အသုံးပြုသော ဖလားငယ် သုံးလုံးတို့ဖြစ်ပြီး ၂၀၀၃ခုနှစ်တွင် ပုခန်းကြီးမြို့ဟောင်း တောင်မင်းကျောင်းအနောက်ရပ် မောင်သိန်းဇော်အိမ်ဝိုင်းတွင်းမှ သစ်ဆိမ့်ပင် စိုက်ပျိုးရန် မြေကျင်းတူးရာမှ ရရှိခဲ့ခြင်းဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အစည်းအဝေးခန်းမအတွင်း၌ ခင်းကျင်းပြသထားသော ဒွါဒသမအကြိမ်(၁၂ ကြိမ်) မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ၌ အသုံးပြုမည့် နောက်ခံဒီဇိုင်း အဆိုပြုပုံစံများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို မှာကြားသည်။

(သတင်းစဉ်)



မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှ ရရှိသော ဘုရင်နှင့် မိဖုရားပုံပါသော ခါးပတ်ခေါင်းတစ်ခု၊ ဝိဓူရဇာတ်တွင် ပုဏ္ဏကဘီလူး မြင်းစီးနေဟန် ခါးပတ်ခေါင်းတစ်ခု၊ ငွေလက်ကြပ် (မြွေစိမ်းခေါင်းပုံ)လေးခု၊ ဖလားစုံ ကွမ်းအစ်တွင် အသုံးပြုသော ဖလားငယ်သုံးလုံး ငွေထည်များကို တွေ့ရစဉ်။ (သတင်းစဉ်)



မကွေးတိုင်း ရေစကြိုမြို့နယ် ပုခန်းကြီးမြို့ဟောင်းမှ ရရှိသော ဘုရင်နှင့်မိဖုရားပုံပါသော ခါးပတ်ခေါင်းတစ်ခုနှင့် ဝိဓူရဇာတ်တွင် ပုဏ္ဏကဘီလူး မြင်းစီးနေဟန် ခါးပတ်ခေါင်းတစ်ခုကို အနီးကပ် တွေ့ရစဉ်။ (သတင်းစဉ်)

...မှု၊ အမျိုးသားရိုးရာ အနုပညာ ...းသိမ်းသော မျိုးဆက် သစ်များ ... မြန်မာ့ရိုးရာယဉ်ကျေးမှု အနု ...က်ဆင့်ကမ်း ထိန်းသိမ်းစောင့် ...ခြင်းဆိုသည့် အမျိုးသားရေး ... အခြေခံကောင်းတစ်ရပ် မိမိတို့ ...စ်ထွန်းနေ။

စိုက်ပျိုးရေးသာမက လူမှုစီးပွားရေးကဏ္ဍများမှာပါ မကွေးတိုင်းသည် အရှိန်ရတိုးတက်နေ စက်မှုလုပ်ငန်းဖွံ့ဖြိုးမှုကို ပခုက္ကူစက်မှုဇုန်မှာရော နိုင်ငံပိုင် စက်မှုကဏ္ဍမှာပါ မြင်တွေ့ခံစားနေရ

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူလေဆိပ်ဖွင့်ပွဲ အခမ်းအနားတွင် အမှာစကား ပြောကြားစဉ်။ (သတင်းစဉ်)

❍ ပခုက္ကူမှ

ပခုက္ကူလေဆိပ်ဖွင့်ပွဲ အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူးဗိုလ်ချုပ်သာအေး၊မန္တလေးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်အောင်မင်း၊ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ဆန်း၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ တွဲဖက်စစ်ထောက်ချုပ် ဗိုလ်မှူးချုပ်ခင်မောင်ထွန်း၊ ကာကွယ်ရေးဝန်ကြီးဌာန စစ်အင်ဂျင်နီယာ ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်တင်ထွန်း၊အမှတ်(၁၀၁)ခြေမြန်တပ်မဌာနချုပ် ခေတ္တတပ်မမှူး ဗိုလ်မှူးကြီးသိန်းတန်၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်း၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သက်ဆိုင်ရာ ဌာနများမှ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ မကွေးတိုင်း ပခုက္ကူခရိုင်နှင့် မြို့နယ်များမှ အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာများ၊ ပခုက္ကူခရိုင်နှင့် ပခုက္ကူ၊ ရေစကြို၊ မြိုင်မြို့နယ်တို့မှ ဒေသခံပြည်သူများ၊ ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မင်္ဂလာစည်တော်အဖွဲ့၊ ဘင်ခရာအဖွဲ့၊ ပန်းဖွားအကအဖွဲ့၊ ကဗျာလွတ်အက အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အမှာစကားပြောကြား

ထို့နောက် ဖွင့်ပွဲအစီအစဉ်အရ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာ၌ ယခင်က တည်ရှိခဲ့သော ပခုက္ကူလေယာဉ်ကွင်းမှာ အလျားပေ ၃၆၀၀ ရှိသည့် မြေသားလေယာဉ်ပြေးလမ်း အမျိုးအစား ဖြစ်ကြောင်း၊ ယင်းလေယာဉ်ကွင်းဟောင်း ပတ်ဝန်းကျင်၌ လူနေအိမ်ခြေများ တိုးချဲ့လာသည့်အပြင် ကျေးရွာများနှင့် မလွတ်ကင်းတော့သည့်အတွက် နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်ချက်အရ လေယာဉ်ကွင်းဟောင်းကို အဆင့်မြှင့်တိုးချဲ့ခြင်း မပြုလုပ်တော့ဘဲ လေယာဉ်ပြေးလမ်း အသစ် တည်ဆောက်နိုင်သည့် မြေနေရာကိုရှာဖွေခဲ့ပြီးယခုကဲ့သို့လေယာဉ်ပြေးလမ်းအသစ်နှင့် လေဆိပ်ကို တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း။

ယခုဖွင့်လှစ်လိုက်သော ပခုက္ကူလေဆိပ်သည် သေသပ်လှပသည့် လေဆိပ်အဆောက်အအုံ၊ လေကြောင်းထိန်းမျှော်စင်တို့ဖြင့် ခေတ်မီခံ့ညားထည်ဝါနေသည်ကို တွေ့မြင်ကြရမှာဖြစ်ကြောင်း၊ လေယာဉ်ပြေးလမ်းသည်လည်း အလျားပေ ၈၅၀၀ ရှိသည့် နိုင်လွန်ကတ္တရာခင်းလေယာဉ်ပြေးလမ်းကြီးဖြစ်သဖြင့် ဖော်ကာ အက်ဖ်-၂၈ ဂျက်လေယာဉ်ကြီးများ လွယ်လင့်တကူဆင်းသက်နိုင်မှာဖြစ်ကြောင်း၊ ဆက်လက်၍လည်း လေယာဉ်ပြေးလမ်းကို အလျားပေ ၁၀၀၀၀အထိ တိုးချဲ့မည်ဆိုလျှင် တိုးချဲ့ဆောင်ရွက်သွားနိုင်အောင် စီမံထားပြီးဖြစ်ကြောင်း။

အခြေခံဒေသ

ဧရာဝတီမြစ်အနောက်ဘက်ခြမ်း၌ တည်ရှိသည့် ပခုက္ကူဒေသသည် ချင်းပြည်နယ်တောင်ပိုင်း၏ ထွက်ပေါက်ဖြစ်သကဲ့သို့ ချင်းပြည်နယ် တောင်ပိုင်းနှင့် မကွေးတိုင်း အနောက်ဘက်ခြမ်းဒေသများ၏ ပညာရေး၊ ကျန်းမာရေး အပါအဝင် လူမှုစီးပွားရေးဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အချက်အချာကျသော အခြေခံဒေသကြီးဖြစ်ကြောင်း၊ ထို့ကြောင့် ပခုက္ကူဒေသကို ဧရာဝတီမြစ် အနောက်ဘက်ကမ်း မြို့တော်တစ်ခုဖြစ်အောင် နိုင်ငံတော်၏ ဖွံ့ဖြိုးရေး ဒေသကြီးတစ်ခုအဖြစ် သတ်မှတ်ပြီး ဘက်စုံ ဖွံ့ဖြိုး တိုးတက်အောင် အားထည့်ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း၊ တက္ကသိုလ်၊ကောလိပ်များ၊ အဆင့်မြင့်ဆေးရုံများ ထူထောင်ခဲ့သကဲ့သို့ ဒေသတွင်း ရထားလမ်း၊ကားလမ်းသစ်များကို တိုးချဲ့ဖောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ ပခုက္ကူ-ဂန့်ဂေါ-ကလေး ရထားလမ်း၊ ဟားခါး-ဂန့်ဂေါကားလမ်းများကြောင့် ယနေ့ဒေသခံပြည်သူများ သွားရေးလာရေး များစွာလွယ်ကူနေပြီဖြစ်ကြောင်း၊ ထို့ပြင်နှစ်ပေါင်းကြာမြင့်စွာလေကြောင်းအဆက်အသွယ်ပြတ်နေသော ပခုက္ကူမြို့သည် ယနေ့ဆိုလျှင် လေကြောင်းလိုင်း ပြန်ပွင့်သွားပြီဖြစ်ကြောင်း။

မကွေးတိုင်းအတွင်း၌ ယခင်က အပေါ့စားလေယာဉ်ငယ်များ ဆင်းသက်နိုင်သည့် လေယာဉ်ကွင်းများသာရှိခဲ့ရာမှ လေယာဉ်ကြီးများ ဆင်းသက်နိုင်အောင် အသစ်တည်ဆောက်ခဲ့သည့် မကွေးလေယာဉ်ကွင်း၊ ကျောက်ထုလေယာဉ်ကွင်းနှင့် ပခုက္ကူလေယာဉ်ကွင်းများ ဖြစ်ပေါ်တိုးတက်လာပြီဖြစ်ကြောင်း၊ နိုင်ငံတော်တစ်ဝန်း၌ လေယာဉ်ကွင်းပေါင်း ၃၂ကွင်းရှိသည့်အနက် ဂျက်လေယာဉ်ကြီးများ ဆင်းသက်နိုင်သော လေယာဉ်ကွင်းပေါင်းမှာ ဤပခုက္ကူလေယာဉ်ကွင်း အပါအဝင် ၂၄ကွင်းအထိ ရှိလာပြီဖြစ်ကြောင်း။

အရေးပါ

ယနေ့ခေတ် အချိန်အခါတွင် တိုးတက်ဖွံ့ဖြိုးမှုများသည် လျင်မြန်စွာပြောင်းလဲလာသည်နှင့်အမျှ လမ်းပန်းဆက်သွယ်ရေးအတွက် အချိန်တိုအတွင်း ခရီးဝေးဝေးပေါက်ရောက်နိုင်သည့် လေကြောင်းပို့ဆောင်ရေးသည် ပြည်တွင်းမှာရော ပြည်ပမှာပါ များစွာအရေးပါနေပြီဖြစ်ကြောင်း၊ ထို့ကြောင့်လည်းနိုင်ငံတော်အစိုးရက လေကြောင်းပို့ဆောင်ရေး အဆင့်အတန်း တိုးတက်မြင့်မားလာရေးကို ယခုကဲ့သို့ အရှိန်အဟုန်မြင့် ဆောင်ရွက်ပေးလျက်ရှိနေခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် ယခုကဲ့သို့ လမ်းပန်းဆက်သွယ်မှုလုပ်ငန်းများကို ကိုယ့်အားကိုယ်ကိုးပြီး ကိုယ်ပိုင်အတတ်ပညာများဖြင့် ပေါင်းစပ်ကာ တစ်ခုပြီးတစ်ခု တည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ကွင်းသစ်များ ဖောက်လုပ်ခြင်း၊ လေယာဉ်ကွင်းအဟောင်းများကို အဆင့်တိုးမြှင့်ခြင်း၊ မော်တော်ကားလမ်း၊ ရထားလမ်းများကို တိုးချဲ့ဖောက်လုပ်ခြင်း၊ မြစ်ကူး ချောင်းကူးတံတားများ တည်ဆောက်ခြင်း၊ သင်္ဘောဆိပ်ခံ တံတားများတည်ဆောက်ခြင်းစသည့် လမ်းပန်းဆက်သွယ်မှု၏ အခြေခံကောင်းများကို မြန်မာ အင်ဂျင်နီယာများ ကိုယ်တိုင်အားကြီးမာန်တက် တည်ဆောက်ခဲ့ကြခြင်းဖြစ်ကြောင်း။

သွားလာမှုအဆင်ပြေ

မကွေးတိုင်းအတွင်း၌ ယခုကဲ့သို့ လေယာဉ်ကွင်းသစ်ကြီးများ တိုးတက်ပြောင်းလဲဖြစ်ပေါ်နေသကဲ့သို့ ဧရာဝတီမြစ်ကူး(မကွေးတံတား)၊ အနော်ရထာတံတား(ချောက်)၊ ချင်းတွင်းမြစ်ကူးဆင်ဖြူရှင်တံတား စသည့် မြစ်ကူးတံတားကြီးများအပြင် ယောချောင်း၊ မန်းချောင်း၊ မုန်းချောင်း၊ စလင်းချောင်းစသည့် ချောင်းကူးတံတားများ တည်ဆောက်နိုင်သည့်အတွက် ဒေသအတွင်း သွားလာမှုသည် ယခင်ကနှင့်မတူ အလွန်အဆင်ပြေလာခဲ့ကြောင်း။

မကြာမီကာလကလည်း ကျောက်ထုလေယာဉ်ကွင်းကို ဖွင့်လှစ်ပေးနိုင်ခဲ့ပြီး ယခု ပခုက္ကူလေယာဉ်ကွင်းကို နိုင်ငံတော်က ငွေကျပ်သန်းပေါင်းများစွာ ကုန်ကျခံ၍ တည်ဆောက် ဖွင့်လှစ်ပေးလိုက်ပြီဖြစ်သည့်အတွက် ချင်းပြည်နယ်နှင့် မကွေးတိုင်းတို့၏ ဖွံ့ဖြိုး တိုးတက်မှုကို ဆက်စပ်ဆောင်ရွက်ပေးနေသည့် နိုင်ငံတော်၏ မွန်မြတ်သောစေတနာကိုနားလည် သဘောပေါက်နိုင်ကြမှာဖြစ်ကြောင်း။

ပခုက္ကူခရိုင်ပါဝင်နေသည့် မကွေးတိုင်းသည် နယ်မြေအကျယ်အဝန်းအရရော စီးပွားရေး အင်အားအရပါ နိုင်ငံတော်အတွက် အရေးပါသည့် တိုင်းကြီးတစ်တိုင်းဖြစ်ကြောင်း။

ပခုက္ကူလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီး ဇော်မင်းနှင့် လေဆိပ်တည်ဆောက်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာ တို့က ပခုက္ကူလေဆိပ်မုခ်ဦးကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

စိုက်ပျိုးရေးကဏ္ဍသာမက အခြားလူမှုစီးပွားရေးကဏ္ဍများမှာပါ မကွေးတိုင်းသည် အရှိန်ရတိုးတက်နေပြီ ဖြစ်ကြောင်း၊ ပခုက္ကူဒေသမှာဆိုလျှင် နိုင်ငံတော်နှင့် ပုဂ္ဂလိကတို့၏ စက်မှုလုပ်ငန်းပိုင်း ဖွံ့ဖြိုးတိုးတက်မှုများကို ပခုက္ကူစက်မှုဇုန်မှာရော၊ နိုင်ငံပိုင် စက်မှုကဏ္ဍမှာပါ မြင်တွေ့ ခံစားနေရပြီဖြစ်ကြောင်း၊ မကြာမီနှစ်ပိုင်းမှာလည်း ပခုက္ကူချည်မျှင်နှင့် အထည်စက်ရုံကြီး၊ ပွင့်ဖြူချည်မျှင်နှင့် အထည်စက်ရုံကြီးများ ပေါ်ထွက်လာတော့မှာ ဖြစ်ကြောင်း၊ မကွေးတိုင်းနည်းတူ နိုင်ငံတော်ကြီး၏ နယ်မြေအစိတ်အပိုင်းအားလုံးဖြစ်နိုင်သမျှ မျှတစွာ တစ်ပြိုင်တည်း ဖွံ့ဖြိုးလာစေရေးအတွက် နိုင်ငံတော်အစိုးရသည် မှန်ကန်သည့် ဖွံ့ဖြိုးရေးစီမံကိန်းများ ချမှတ်ပြီး ပညာရေး၊ ကျန်းမာရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေး၊ စက်မှုစသည့် ကဏ္ဍအားလုံး ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လာအောင် ကွက်ပြည့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့်လည်း ယနေ့ဆိုလျှင် ပြည်နယ်/တိုင်း အားလုံးသည် သိသိသာသာ ဖွံ့ဖြိုးတိုးတက်လာနေပြီဖြစ်ကြောင်း။

မူဝါဒလမ်းစဉ်(၇)ရပ်

ယင်းကဲ့သို့ နိုင်ငံတော်၏ ဒေသအားလုံး ကွက်လပ်မကျန် ဘက်စုံ၊ ကဏ္ဍစုံက ဖွံ့ဖြိုးတိုးတက်အောင် လူမှုရေး၊ စီးပွားရေးဆိုင်ရာ အခြေခံ လိုအပ်ချက်များကို အခြေချ ဖန်တီး တည်ဆောက်ပေးနေသည့်အပြင် တစ်ဖက်တွင်လည်း စစ်မှန်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် မူဝါဒ လမ်းစဉ်(၇)ရပ်ကို ချမှတ် အကောင်အထည်ဖော် ဆောင်ရွက်နေကြောင်း။

ယင်းမူဝါဒလမ်းစဉ်များသည် နိုင်ငံတော်၏ဖြစ်ပေါ်နေသည့် ပကတိ နိုင်ငံရေးအခြေအနေများနှင့် ညီညွတ်မျှတစွာ ဆက်စပ်ထားသည့် ဒီမိုကရေစီအသွင် ကူးပြောင်းရေးဆိုင်ရာ ကိုယ်ပိုင်လမ်းကြောင်းမှန်ပင်ဖြစ်ကြောင်း။

ယင်းမူဝါဒလမ်းစဉ်များ အောင်မြင်ရေးအတွက် နိုင်ငံတော်တစ်ဝန်း၌ တည်ငြိမ်အေးချမ်းပြီး တရားဥပဒေ စိုးမိုးရန်လိုအပ်ကြောင်း၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းနေမှလည်း စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုး တိုးတက်လာနိုင်သကဲ့သို့ စီးပွားရေးနှင့် လူမှုရေး ဖွံ့ဖြိုးတိုးတက်လာမှလည်း တရားဥပဒေစိုးမိုးရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးကို ပိုမိုအထောက်အကူပြုမှာဖြစ်ကြောင်း၊ ထို့ကြောင့် နယ်မြေတည်ငြိမ် အေးချမ်းရေး၊ စီးပွားဖွံ့ဖြိုးရေးနှင့် ပညာရေး၊ ကျန်းမာရေးမြင့်မား တိုးတက်ရေးတို့ကို အလေးထား လုပ်ဆောင်သွားရမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပခုက္ကူလေဆိပ်ကို တာဝန်ယူတည်ဆောက်ပေးခဲ့သည့် ပို့ဆောင်ရေးဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဆောက်လုပ်ရေးကုမ္ပဏီနှင့် ဝိုင်းဝန်းကူညီ စောင့်ရှောက်ပေးကြသည့် ဝန်ကြီးဌာနများ၊ ဒေသအုပ်ချုပ်ရေးဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံပြည်သူများ အားလုံးကို ကျေးဇူးတင်ရှိပါကြောင်းဖြင့် ပြောကြားသည်။ **စာမျက်နှာ ၁၁ ကော်လံ ၁ သို့** *

အဖိတ်နေ့နှိုးဆော်ချက်

ဗုဒ္ဓဘာသာဝင် သူတော်စင်အပေါင်းတို့-

ယနေ့သည် ဗုဒ္ဓဘာသာဝင်တို့၏ အဖိတ်နေ့ဖြစ်ပါသည်။ မနက်ဖြန် ဥပုသ်နေ့တွင် သီတင်းသီလ ဆောက်တည်လိုကြသူများအတွက် ကြိုတင်သိရှိနိုင်ကြပါရန် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ပခုက္ကူလေဆိပ် ဖွင့်ပွဲအခမ်းအနားတွင် ပခုက္ကူလေဆိပ် ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်ဖြင့် ပက်ဖျန်းပေးစဉ်။ (သတင်းစဉ်)

✻ စာမျက်နှာ ၁၀ မှ

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက အမှာစကားပြောကြားရာတွင် ပခုက္ကူမြို့သည် မြန်မာပြည်အလယ်ပိုင်း မကွေးတိုင်းအတွင်းတည်ရှိပြီး ဧရာဝတီမြစ်၏ အနောက်ဘက်ရှိ အချက်အချာကျသည့် မြို့တစ်မြို့ဖြစ်ခြင်းကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပခုက္ကူမြို့ကို ဧရာဝတီအနောက်ဘက်ခြမ်း မြို့တော်အဖြစ် သတ်မှတ်လမ်းညွှန်မှုပြုခဲ့ပြီး မြို့တော်အင်္ဂါရပ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာအောင် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင်ဒေသများ ဖွံ့ဖြိုးတိုးတက်ရေးအစီအမံများ အစဉ်တစိုက်ဆောင်ရွက်ပေးလျက် ရှိနေကြောင်း၊ မကွေးတိုင်းနှင့် ချင်းပြည်နယ်တို့ကို တစ်ဆက်တစ်စပ်တည်း ဖွံ့ဖြိုးတိုးတက်လာစေရေး၊ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး ကုန်သွယ်စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေးနှင့် ဒေသခံပြည်သူများ လူနေမှု အဆင့်အတန်း မြင့်မားလာစေရေးတို့အတွက် အထောက်အကူ ဖြစ်ခြင်းတို့ကြောင့် ပခုက္ကူလေယာဉ်ကွင်း တည်ဆောက်ရေးစီမံကိန်းကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန်ချမှတ်ပြီး တည်ဆောက်စေခဲ့ခြင်းဖြစ်ကြောင်း။

ပခုက္ကူမြို့အနီး၌ စစ်ကြိုခေတ်က အသုံးပြုခဲ့သော ပခုက္ကူလေယာဉ်ကွင်း အဟောင်းနေရာ ရှိခဲ့သော်လည်း လေယာဉ်ပြေးလမ်းကို တိုးချဲ့တည်ဆောက်ရန် မလုံလောက်သည့်အတွက် ပခုက္ကူမြို့အနီးဝန်းကျင်၌ လေယာဉ်ကွင်းတည်ဆောက်နိုင်မည့် မြေနေရာသစ်ကို ရှာဖွေတိုင်းတာဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ လေယာဉ်ကွင်း တည်ဆောက်ရေး လုပ်ငန်းများကို ၂၀၀၂ခုနှစ် ဇူလိုင် ၂၈ ရက်တွင် စတင်ခဲ့ခြင်းဖြစ်ကြောင်း။

ဖွဲ့စည်းတည်ဆောက်

ယခုအခါ ပခုက္ကူလေယာဉ်ကွင်း၏ လေယာဉ်ပြေးလမ်းသည် အလျားပေ ၈၅၀၀၊ အကျယ်ပေ ၁၀၀၊ ဒု ၂၇ လက်မရှိနိုင်လွန်ကတ္တရာခင်း လေယာဉ်ပြေးလမ်းအဖြစ် တည်ဆောက်ပြီးဖြစ်သည့်အတွက် ပြည်တွင်းလေယာဉ်များ စတင်ပြေးဆွဲတော့မှာ ဖြစ်ကြောင်း၊ ထို့အပြင် လေယာဉ်စီးခရီးသည်များ အဆင်ပြေစေရေးအတွက် အလျားပေ ၁၈၀၊ အနံပေ ၆၀ ရှိ တစ်ထပ်သံကူကွန်ကရစ် ခေတ်မီလေဆိပ်အဆောက်အအုံကိုပါ တည်ဆောက်ထားပြီး ဖြစ်ကြောင်း၊ ဤလေဆိပ်အဆောက်အအုံ၌ အဝင်ခရီးသည်နှင့် အထွက်ခရီးသည် သီးခြားစွာသွားလာနိုင်ရန် စီစဉ်ထားရှိပြီး အဝင်ခရီးသည် ၂၅၀နှင့် အထွက်ခရီးသည် ၂၅၀ တစ်ပြိုင်နက် အသုံးပြုနိုင်မှာဖြစ်ကြောင်း၊ အဆောက်အအုံ၏အတွင်းပိုင်းမှာခရီးသည်ဆိုက်ရောက်ခန်းမ၊ ခရီးသည် ထွက်ခွာခန်းမ၊ အရေးကြီးပုဂ္ဂိုလ် နားနေဆောင်၊ လေကြောင်းလိုင်းရုံးခန်းများ၊ အမှတ်တရပစ္စည်းအရောင်းဆိုင် စသည်ဖြင့် ဖွဲ့စည်းတည်ဆောက်ထားကြောင်း။

ပခုက္ကူ လေယာဉ်ကွင်းသစ်အပြင် မြန်မာနိုင်ငံ၏ အဓိကကျသည့် ဒေသကြီးများဖြစ်သည့် မန္တလေးတိုင်း၌ ညောင်ဦးလေယာဉ်ကွင်း၊ စစ်ကိုင်းတိုင်း၌ ခန္တီးလေယာဉ်ကွင်း၊ ရှမ်းပြည်နယ်၌ လားရှိုးလေယာဉ်ကွင်း၊ ကျိုင်းတုံလေယာဉ်ကွင်း၊ ကချင်ပြည်နယ်၌ ဗန်းမော်လေယာဉ်ကွင်း၊ တနင်္သာရီတိုင်း၌ ထားဝယ်လေယာဉ်ကွင်း တို့ကိုလည်း စီမံကိန်းဖြင့် ဆက်လက်အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

နိဂုံးချုပ်အနေဖြင့် နိုင်ငံတော်က ငွေကြေးမြောက်မြားစွာ အကုန်အကျခံ တည်ဆောက်ပြီးစီးခဲ့သည့် ပခုက္ကူ လေဆိပ် ကြာရှည်ခိုင်မြဲစေရန်နှင့် လေဆိပ်စိမ်းလန်းစိုပြည်ရေး၊ သာယာလှပစေရေးတို့အတွက် သက်ဆိုင်ရာ ဌာနများနှင့် နယ်မြေခံပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းသွားကြရန်မှာကြားလိုကြောင်းဖြင့် ပြောကြားသည်။

စီးပွားရေးအချက်အချာ

ဆက်လက်၍ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကားပြောကြားရာ၌ ပခုက္ကူဒေသသည် စက်မှုကုန်ကြမ်းသီးနှံဖြစ်သည့် ဝါ၊ ပဲမျိုးစုံနှင့် ဆီထွက်သီးနှံများ အဓိကစိုက်ပျိုးဖြစ်ထွန်းသောဒေသဖြစ်သဖြင့် စီးပွားရေးအရ အချက်အချာကျသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထို့အပြင် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်များဖြစ်ထွန်းရာ ရှေးဟောင်းတန်ခိုးကြီးဘုရားများ တည်ရှိပြီး ဘာသာ၊ သာသနာထွန်းကားရာဒေသလည်း ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အစီအမံများကို အစဉ်တစိုက် စီမံဆောင်ရွက်ပေးနေသကဲ့သို့ ဒေသအုပ်ချုပ်ရေးတာဝန်ခံများ၊ ဝန်ထမ်းများ၊ ပြည်သူများအနေဖြင့်လည်း မိမိတို့ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ညီညီညွတ်ညွတ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားလိုကြောင်း။

နိုင်ငံတော်အကြီးအကဲက နိုင်ငံတော်အတွင်း မဖွံ့ဖြိုး၊ မတိုးတက်သေးသည့် ပြည်နယ်၊ တိုင်းများကို မျှမျှတတဖွံ့ဖြိုးတိုးတက်အောင်၊ စီးပွားရေး၊ လူမှုရေးကွာဟမှုများ လျော့နည်းလာအောင် ဘက်ပေါင်းစုံက ဆောင်ရွက်ပေးနေခြင်းဖြစ်သည့်အတွက် ပခုက္ကူလေယာဉ်ကွင်းသစ်ကြီးကို အောင်မြင်စွာ တည်ဆောက်ဖွင့်လှစ်နိုင်ခဲ့ခြင်းသည် နိုင်ငံတော်အကြီးအကဲ၏ တိုင်းရင်းသားပြည်သူများအပေါ် ထားရှိသည့် မွန်မြတ်သန့်စင်သောစေတနာ မေတ္တာတရား၏အကျိုးရလဒ်များဖြစ်ကြောင်း၊ ဤကဲ့သို့ ရလဒ်ကောင်းများသည် နိုင်ငံတော်အတွင်း၌ တစ်ခုပြီးတစ်ခု ဖြစ်ထွန်းအောင်မြင်လာနေခြင်းဖြစ်ပြီး မကြာသောကာလ၌ ဘက်စုံခေတ်မီ ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ကြီး ဖြစ်ထွန်းလာတော့မှာ ဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ်လိုက်သည့် ပခုက္ကူလေဆိပ်ကြီးသည် မကွေးတိုင်းအတွင်းရှိ တိုင်းရင်းသားပြည်သူများအတွက် စိတ်အေးချမ်းမြေ့စွာ ခရီးသွားလာနိုင်မှု၊ ကူးသန်းရောင်းဝယ်ရေးတိုးတက်ဖြစ်ထွန်းမှု၊ စီးပွားရေး၊ လူမှုရေး၊ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အကျိုးရလဒ်ကောင်းများရရှိမည့်အပြင် ပခုက္ကူမြို့နှင့် ပတ်ဝန်းကျင် ဒေသများ စီးပွားရေး၊ လူမှုရေး တိုးတက်ဖြစ်ထွန်းမှုများအရှိန်အဟုန်ကို ထူးခြားထိရောက်စွာ ပိုမိုမြှင့်တင်ပေးနိုင်မည်ဟု ယုံကြည်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် မကွေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းက မကွေးတိုင်းအတွင်း၌ လေကြောင်းပို့ဆောင်ရေးကဏ္ဍအနေဖြင့် ယခင်က မကွေးလေယာဉ်ကွင်း၊ ဂန့်ဂေါလေယာဉ်ကွင်း၊ ဆောလေယာဉ်ကွင်း၊ ထီးလင်းလေယာဉ်ကွင်း၊ လမ်းရွာ လေယာဉ်ကွင်း၊ ပေါက်လေယာဉ်ကွင်းနှင့် စေတုတ္တရာ လေယာဉ်ကွင်းများတွင် အပေါ့စားလေယာဉ်များ ပျံသန်းဆင်းသက်အသုံးပြုခဲ့ကြောင်း၊ ယနေ့ဆိုလျှင် ခေတ်မီလေယာဉ်ကြီးများ ဆင်းတက်ရန်အတွက် မကွေးတိုင်းအတွင်းတွင် မကွေးလေယာဉ်ကွင်းကို ၂၀၀၃ ခုနှစ် ဇွန်လ ၆ ရက်တွင် လည်းကောင်း၊ ကျောက်ထုလေယာဉ်ကွင်းကို ၂၀၀၄ ခုနှစ် ဇူလိုင် ၁၀ ရက်တွင် လည်းကောင်း အောင်မြင်စွာ ဖွင့်လှစ်ပေးနိုင်ခဲ့ကြောင်း၊ ယနေ့ဖွင့်လှစ်သည့် ပခုက္ကူလေယာဉ်ကွင်းနှင့်ဆိုလျှင် မကွေးတိုင်းအတွင်း လေယာဉ်ကွင်းသစ်ကြီး သုံးကွင်း တည်ရှိနေပြီဖြစ်ကြောင်း။

ပခုက္ကူ လေဆိပ်ကိုအခြေခံ၍ ပတ်ဝန်းကျင်ဒေသတစ်ခုလုံး ဖွံ့ဖြိုးတိုးတက်လာတော့မှာဖြစ်၍ ဒေသခံပြည်သူလူထုအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်လာမှုနှင့် တစ်ပြေးညီ မိမိတို့ရဲ့ စီးပွားရေး၊ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး အခြေခံများ တိုးတက်လာအောင် ဆောင်ရွက်သွားစေလိုကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် ဒေသခံ ပြည်သူများကိုယ်စား ပခုက္ကူမြို့နယ်မှ ဒေသခံပြည်သူတစ်ဦးဖြစ်သည့် ဦးကျော်တင့်က ပခုက္ကူလေယာဉ်ကွင်းသစ်ကြီး တည်ဆောက်ပြီးစီးခြင်းအတွက် နိုင်ငံတော်အစိုးရအား ကျေးဇူးတင်ဝမ်းမြောက်စကားပြောကြားသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊အစိုးရအဖွဲ့-အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများသည် ဖဲကြိုးဖြတ်ဖွင့်လှစ်မည့် လေဆိပ်မုခ်ဦးထိပ်၌ နေရာယူကြသည်။

ထို့နောက် ပခုက္ကူလေဆိပ်မုခ်ဦးကို စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ⇨

ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ ပခုက္ကူလေဆိပ်ဖွင့်ပွဲအခမ်းအနားတွင် ပခုက္ကူလေဆိပ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

နဝင်္ဂဥပေါသထ ကိုးပါးသီလ မြန်မာ့ရုပ်မြင်သံကြားမှ ဟောကြားချီးမြှင့်မည်

ရန်ကုန် စက်တင်ဘာ ၅

၁၃၆၆ခုနှစ် ဝါခေါင်လပြည့်ကျော် ၈ ရက်၊ ၂၀၀၄ ခုနှစ် စက်တင်ဘာ ၇ရက် (အင်္ဂါနေ့)တွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ ပြည်မြို့ ဇောတိကာရုံပါဠိတက္ကသိုလ် ကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တကုဏ္ဍလဇောတိ က နဝင်္ဂဥပေါသထ ကိုးပါးသီလတရားတော်မြတ်ကို မြန်မာ့ရုပ်မြင်သံကြား နံနက်ပိုင်းအစီအစဉ်များအပြီးတွင် ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၀၄ (တနင်္လာနေ့)

၁၃၆၆ခုနှစ်၊ ဝါခေါင်လပြည့်ကျော်(၇)ရက် (အဖိတ်နေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇ မဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ **မင်းကွန်းဆရာတော်ကြီး၏ ထေရုပ္ပတ္တိမော်ကွန်း (တတိယဆယ်စုနှစ်)(အပိုင်း-၁)**
၇:၅၅ ၅။ သံသာချိုအေးမင်္ဂလာတေး
၈:၀၅ ၆။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာတေးသံသာ
၈:၁၅ ၇။ ချစ်စရာ့အရွယ်ကကြိုးသွယ်
၈:၃၀ ၈။ International News.
၈:၄၅ ၉။ Let's Go.
၉:၀၀ ၁၀။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ Practice in Reading.
၄:၄၅ ၄။ ရန်ကုန်တိုင်း အမှတ်(၃) အခြေခံပညာဦးစီးဌာန ဆဋ္ဌမအကြိမ် ဓမ္မစကြာဝတ်ရွတ်ပူဇော်ပွဲ (ဒုတိယဆု)(အထက-၁၊ ဒဂုံ) (အမျိုးသမီးဝတ်ရွတ်အဖွဲ့)
၅:၀၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ - တတိယနှစ် (ရူပဗေဒအထူးပြု)(ရူပဗေဒ)
၅:၁၅ ၆။ အကပဒေသာ
၅:၂၅ ၇။ စက်မှုစွမ်းအားခေတ်ကျော်လွှား
၅:၃၅ ၈။ ပြည်ထောင်စု တိုင်းရင်းသားရိုးရာ အဆို၊ အကများ
၅:၄၀ ၉။ တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့ ဖျော်ဖြေခန်း)
၅:၅၅ ၁၀။ မြန်မာစာ၊ မြန်မာစကား
၆:၀၅ ၁၁။ Discovery.
၆:၁၀ ၁၂။ **နိုင်ငံခြားကာတွန်းဇာတ်လမ်းတွဲ "မျောက်မင်းဝူခုန်း" (အပိုင်း-၂၁)**
၆:၃၀ ၁၃။ ညနေခင်းသတင်း
၇:၀၀ ၁၄။ မိုးလေဝသအခြေအနေ
၇:၀၅ ၁၅။ အာဟာရပြည့်လျှင် ရောဂါစင် ပျော်ရွှင်ကျန်းမာ စိတ်ချမ်းသာ
၇:၂၀ ၁၆။ တေးဂီတအစီအစဉ်
၇:၃၅ ၁၇။ **သမိုင်းဝင် ရှင်ကိုးရှင်ဘုရားများ (တနင်္သာရီတိုင်း၊ထားဝယ်ခရိုင်)**
၈:၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "တစ်ရံရောအခါ" (အပိုင်း-၁၉)**
၂၂။ နောက်တစ်နေ့အစီအစဉ်
၂၃။ အစီအစဉ်ပြီး၏။

✧ **အတွင်းရေးမှူး(၂)မှ**

စစ်ရေးချုပ်ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က အဖွင့်အမှာစကား ပြောကြားသည်။

ကြည့်ရှုအားပေး

ဆက်လက်၍ ပြိုင်ပွဲဝင် တပ်မတော်သားများက ဂါရဝပြု တေးသီချင်းများဖြင့် ဖျော်ဖြေတင်ဆက်ကြပြီး အငြိမ့်ပြိုင်ပွဲကို ကျင်းပရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်နှင့် တက်ရောက်လာကြသူများက အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေးတပ်ခွဲ၏ ပြိုင်ပွဲဝင်အငြိမ့် ကပြမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဖွင့်ပွဲအခမ်းအနားကို ည ၉နာရီတွင် ရုပ်သိမ်းလိုက်ပြီးနောက် ပြိုင်ပွဲများကို အစီအစဉ်များအတိုင်း ဆက်လက်ကျင်းပသည်။(သတင်းစဉ်)

➪ **စာမျက်နှာ ၁၁ မှ**

မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေ၊ မကွေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဗိုလ်မှူးကြီးဖော်မင်းနှင့် လေဆိပ် တည်ဆောက်ရေးကုမ္ပဏီမှ အထွေထွေမန်နေဂျာတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

စက်ခလုတ်နှိပ်ဖွင့်

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက ပခုက္ကူလေဆိပ် ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ပခုက္ကူလေဆိပ်ဆိုင်းဘုတ်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးကြသည်။

ယင်းနောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပခုက္ကူလေဆိပ် ကမ္ပည်းမော်ကွန်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးပြီး ကမ္ပည်းမော်ကွန်း ကျောက်စာတိုင်ကို အမွှေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

ထို့နောက် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်၊ အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများသည် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသော ဒေသခံပြည်သူများနှင့်အတူ လေဆိပ်ဖွင့်ပွဲ မှခ်ဦးထိပ်၌ အမှတ်တရမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး ဖွင့်ပွဲအခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်နှင့်အဖွဲ့ဝင်များသည် ပခုက္ကူလေဆိပ် အဆောက်အအုံသစ်ကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ပြေးလမ်းအရှည်ပေ ၈၅၀၀

ယနေ့ဖွင့်လှစ်လိုက်သော ပခုက္ကူလေဆိပ်သည် ကတ္တရာကွန်ကရစ် အမျိုးအစားပြေးလမ်းဖြစ်ပြီး ပြေးလမ်းအထူ ၂၇လက်မ၊ အရှည်မှာပေ ၈၅၀၀၊ အကျယ်ပေ၁၀၀ရှိသည်။

(သတင်းစဉ်)

နိုင်ငံအဝန်းကျေးရွာစာကြည့်တိုက်များပေါ်ထွန်းရေး စာအုပ်၊စာစောင်များ ဝိုင်းဝန်းကူညီလှူဒါန်းကြမည်

ရန်ကုန် စက်တင်ဘာ ၅

ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနက အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များဖွင့်လှစ်ရေး ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနား(ဒုတိယအကြိမ်)ကို စက်တင်ဘာ ၇ရက်(အင်္ဂါနေ့) မွန်းလွဲ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသွားမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးသို့ ပုဂ္ဂလိက စာပေတိုက်များ၊ မဂ္ဂဇင်း၊ ဂျာနယ်၊ ရုပ်ပြကာတွန်းတိုက်များနှင့် စာအုပ်စာပေဖြန့်ချိရေးလုပ်ငန်းတို့မှ ပုဂ္ဂိုလ်များပါဝင်တက်ရောက်ပြီး စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကြမည်ဖြစ်သည်။

အဆိုပါ ညှိနှိုင်းအစည်းအဝေးနှင့် စာအုပ်လှူဒါန်းပွဲ အခမ်းအနားသို့ ပြန်ကြားရေးဝန်ကြီးဌာနဝန်ကြီး တက်ရောက်၍ စာအုပ်စာစောင်များနှင့် စာပေဒါန ငွေပဒေသာပင်များကို လက်ခံမည်ဖြစ်ရာ ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်များအတွက် ပါဝင်လှူဒါန်းလိုကြသည့် စေတနာရှင်၊ အလှူရှင်များအနေဖြင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ပြန်/ဆက်ဌာနခွဲ ဖုန်း(၀၁-၂၅၂၄၅၇၊ ၀၁-၂၅၂၄၅၈၊ ၀၁-၃၇၁၃၃၉၊ ၀၁-၃၇၉၇၆၉၊ ၀၁-၃၇၉၇၇၁နှင့် ၀၁-၂၅၂၄၅၁)တို့သို့ ဆက်သွယ်စုံစမ်း တက်ရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။

(သတင်းစဉ်)

စာပေဒါန

ကျေးရွာကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များအတွက် သုတ/ရသ စာအုပ်များနှင့် စာပေဒါန ငွေပဒေသာပင်လှူဒါန်းပွဲကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပပါမည်-

နေ့ရက် - ၇-၉-၂၀၀၄ (အင်္ဂါနေ့)
အချိန် - မွန်းလွဲ (၂)နာရီ
နေရာ - **ပြန်ကြားရေးဝန်ကြီးဌာန၊အစည်းအဝေးခန်းမ**

စာပေဒါနပြုလိုကြသော စေတနာရှင်အလှူရှင်များ အချိန်မီ တက်ရောက်လှူဒါန်း နိုင်ကြပါရန် နိုးဆော်ဖိတ်ကြားအပ်ပါသည်။

ပြန်ကြားရေးဝန်ကြီးဌာန
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန
၂၂-၂၄၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။
ဖုန်း-၃၇၁၃၃၉/၃၇၉၇၆၉/၃၇၉၇၇၁/၂၅၂၄၅၁

ဝံသာနုသတင်းလွှာ အမှတ်(၁၈)ထုတ်ဝေ

ရန်ကုန် စက်တင်ဘာ ၅

တက္ကသိုလ်၊ ကောလိပ်ကျောင်းသား၊ ကျောင်းသူများ အမိတက္ကသိုလ်ရင်ခွင်တွင် အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနေကြသော ပုံရိပ်ဖြစ်သည့် "အလှသွေးဝေဖြာ တို့တက္ကသိုလ်မြေမှာ" မျက်နှာဖုံးအလှဖြင့် "ဝံသာနု"သတင်းလွှာ အတွဲ ၁၃၊ အမှတ် ၁၈ ကို ယနေ့ထုတ်ဝေလိုက်သည်။

"ဝံသာနု"သတင်းလွှာတွင် မင်းခမ္မကုန်းတော်ပေါ်မှ ဘုရားဖူးတဲ့မြေ့တစ်ကောင်၊ သဘာဝအန္တရာယ်ကို ပြည်သူ့အားဖြင့်ကာကွယ်ခဲ့သည့် မိုးထဲရေထဲ အောင်ပွဲဆင်ပြုပြင်နိုင်ခဲ့ပြီ၊ နိုင်ငံခြားဘောလုံးလောင်းကစားသူများ ဖမ်းဆီးအရေးယူ၊ ရန်ကုန်ဘူတာကြီးမှာဖမ်းမိလိုက်တဲ့ တွံတေးက လူမှောင်ခိုအမျိုးသမီး၊ မုံရွာမြို့ ချင်းတွင်းမြစ်ကမ်းမှ စက်လှေမီးလောင်၊ ဝံသာနုစားပွဲပေါ်ရောက်လာသော စာတစ်စောင်(သတင်းဆောင်းပါး)တို့နှင့်အတူ အမေရိကန်နိုင်ငံရေးမဲဆွယ်စည်းရုံးမှုများ၊ ဝန်ကြီးချုပ် တိုနီဘလဲလက်ထက် ဗြိတိန်နိုင်ငံ ဆင်းရဲချမ်းသာကွာဟမှု ပိုမိုနက်ရှိုင်း၊ ပါကစ္စတန်ဝန်ကြီးချုပ်အား အသေခံဗုံးခွဲလုပ်ကြံမှု အယ်လ်ကေဒါအကြမ်းဖက်အဖွဲ့နှင့် ဆက်သွယ်မှုရှိသူများ ဖမ်းဆီး၊ ဗြိတိသျှစစ်တုရင် အကျော်အမော်ကို အသက် ၁၂နှစ်အရွယ် ထိုင်းစစ်တုရင်ချန်ပီယံလေးက အနိုင်ယူခဲ့၊ FBI တာဝန်ရှိသူများ အသက် ၇၀ကျော် အဘိုးအိုအား မှားယွင်းဖမ်းဆီးပြီး ဘွာခတ်တောင်းပန်၊ ထိုင်းနိုင်ငံ ချွန်ပွန်ပြည်နယ် ရေလွှမ်းမိုးမှုမြင်ကွင်း၊ ကမ္ဘာ့အိုလံပစ်ရေကူးပြိုင်ပွဲ အမှတ်တရ အပါအဝင် ပြည်တွင်းပြည်ပ နိုင်ငံရေး၊ စစ်ရေး၊ စီးပွားရေး၊ လူမှုရေး သတင်းရသများကို ဖော်ပြထားပြီး ဆင်တောင်ကြီးစာပေ၊ အမှတ်(၄၁)၊ (၂၉)လမ်း၊ ရန်ကုန်မြို့က ဖြန့်ချိကြောင်း သိရသည်။

(က-ပ)

ရန်ကုန်မိုး

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ် နှစ်ကြိမ် ထစ်ချုန်းရွာမည်။

ရွာရန် ရာနှုန်း (၈၀)ဖြစ်သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၅-၉-၂၀၀၄)

ဟုမ္မလင်း - ၃ ဒသမ ၁၅ လက်မ
မော်ဘီ - ၂ ဒသမ ၉၉ လက်မ
ပူတာအို - ၂ ဒသမ ၈၄ လက်မ

မြန်မာနယူးစ်ဝိဇက်ဂျာနယ် အမှတ်(၁၇)ဖြန့်ချိ

ရန်ကုန် စက်တင်ဘာ ၅

ပြည်တွင်း စက်မှုဇုန်ထုတ်ကားဘော်ဒီများ မိုဖိစက်ဖြင့် စတင်ထုတ်လုပ်၊ မြန်မာပြည်၏ ပထမဆုံးပြောင်းဖူးထွက်စားကုန်ပစ္စည်းစက်ရုံ၊ မြန်မာ့ရေချိုငါးများ ဘင်္ဂလားဒေ့ရှ်နှစ်သက်၊ ငမိုးရိပ် ရေလယ်ကျွန်းက အကြီးဆုံး ပရဆေးစိုက်ခင်း၊ ပန်းပုထုရန်အသုံးဝင်သော ကုက္ကိုပင်ကြီးများ စသည့် ပြည်တွင်းသတင်း ဝေဝေဆာဆာဖြင့် မြန်မာနယူးစ်ဝိဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၁၇)ကို ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုတစ်ပတ်ထုတ် ဂျာနယ်တွင် စားသုံးသူများကို လှည့်စားသည့် ကြော်ငြာများ၊ စင်ကာပူဆေးရုံ နှုန်းထားများလျှော့ချ၊ ဖိုးလှချင်တွေပိုများလာ၊ တစ်ခါသုံးဒစ်ဂျစ်တယ်ကင်မရာ စသည့်နိုင်ငံတကာစီးပွားရေးရာသတင်းများ၊ အပတ်စဉ်ပါနေကျ နယ်စပ်ကုန်သွယ်ရေးနှင့် ကုန်စည်ဒိုင်သတင်းများ၊ နိုင်ငံတကာ ပညာရေးမိတ်ဆက်၊ တစ်ပတ်အတွင်း အပန်းဖြေအညွှန်း၊ သုံးသပ်ချက် ဆောင်းပါးများပါရှိကာ e-Empire Media House ဖုန်း-၇၀၃၈၀၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသည်။

(က-ပ)

ဒုဋ္ဌဝတီမြစ်ရေ စိုးရိမ်ရေမှတ်ကျော်

ရန်ကုန် စက်တင်ဘာ ၅

ဒုဋ္ဌဝတီမြစ်ရေသည် မြစ်ငယ်မြို့တွင် ၅ စင်တီမီတာ စိုးရိမ်ရေမှတ် အထက်တွင် ရှိနေသည်။

အဆိုပါမြစ်ရေသည် အနည်းငယ်ဆက်လက်တက်နေပြီး ယနေ့မွန်းတည့်မှ နောက်နှစ်ရက်အတွင်း စိုးရိမ်ရေမှတ်အထက်တွင် ဆက်လက်တည်ရှိနိုင်သည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၆-၉-၂၀၀၄ (တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာ ပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၁၅ ၁၀။ အပိတ်နှုတ်ဆက်စကား
၈:၁၆ ၁၁။ ပြီးပါပြီ။

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြပဟန်ဂီတသံ
၄:၂၅ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၅ ၆။ မျိုးချစ်တပ်မတော်
၄:၄၅ ၇။ ကြည်နူးရွှင်ပျော်တေးသရုပ်ဖော်
၅:၀၀ ၈။ **အဝေးသင်ပညာရေးပို့ချမှု အစီအစဉ်** -ASEAN Economic (စီးပွားရေး)
၅:၃၀ ၉။ ပညာခေတ်
၅:၄၅ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၆:၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၂။ နိုင်ငံတကာသတင်း
၆:၂၀ ၁၃။ မိုးလေဝသသတင်း
၆:၂၅ ၁၄။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၆:၃၀ ၁၅။ မြန်မာ့ရှုခင်း
၆:၄၀ ၁၆။ လျှပ်တစ်ပြက်ရိုက်ချက်
၆:၅၀ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မျက်ရည်မိုး (အပိုင်း-၂၃)**
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်ရိုက်ချက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
၂၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း ရတနာသိုက်နဲ့ ရန်နိုင်စား (အပိုင်း-၅)**
၂၅။ သင့်အတွက်မနက်ဖြန်
၂၆။ အပိတ်နှုတ်ဆက်စကား
၂၇။ ပြီးပါပြီ။

လျှပ်စစ်ဓာတ်အား ခြိုးခြံချွေတာရေး

❋ **သဘာဝအလင်းရောင်ကိုသာ အဓိကထား သုံးစွဲပါ။**

❋ **သဘာဝအလင်းရောင် မလုံလောက်မှသာ အနည်းဆုံး လိုအပ်သော လျှပ်စစ်ဓာတ်အားကို သုံးစွဲပါ။**

❋ **ကုန်ထုတ်လုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများတွင်လည်း လိုအပ်သည့် အနည်းဆုံးဓာတ်အားကို သုံးစွဲပါ။**

❋ **ဓာတ်အားအလေအလွင့်နှင့် ပြုန်းတီးမှုမရှိအောင် သုံးစွဲခြင်းဖြင့် မိမိနှင့် အများအတွက်ပါ အကျိုးရှိစေနိုင် ပါသည်။**

ရန်ကုန်မြို့တွင် လျှပ်စစ်ဓာတ်အား သုံးစွဲသူအိမ်ထောင်စု ၅သိန်းခန့်ရှိသည်။ လျှပ်စစ်ဓာတ်အား သုံးစွဲသူတိုင်းက ၄ ပေမီးချောင်းတစ်ချောင်းစီ ချွေတာသုံးစွဲခြင်းဖြင့် ၂၀ မဂ္ဂါဝပ်ရှိသည့် ဓာတ်အားပေးစက်ရုံတစ်ရုံ တည်ဆောက်ပေးသည်နှင့် ညီမျှသည်။

မြန်မာ-ဟောင်ကောင် ချစ်ကြည်ရေးခြေစမ်းပွဲ နောက်ဆုံးပွဲစဉ် မြန်မာ့လက်ရွေးစင်အသင်း နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိ

သတင်းဆောင်းပါး-ညီညီစိုးညွန့်၊ ဓာတ်ပုံ-စိုးညွန့် (ကြေးမုံ)

ရန်ကုန် စက်တင်ဘာ ၅

မြန်မာ-ဟောင်ကောင် ချစ်ကြည်ရေးအစီအစဉ်အရ ချစ်ကြည်ရေး နောက်ဆုံးပွဲအဖြစ် မြန်မာ့လက်ရွေးစင်ဘောလုံးအသင်းနှင့် ဟောင်ကောင်ကလပ် Kitcheeအသင်းတို့သည် ယနေ့ညနေ ၄နာရီက လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ယှဉ်ပြိုင်ကစားကြရာ မြန်မာ့လက်ရွေးစင်အသင်းက နှစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိသွားသည်။

ချစ်ကြည်ရေးပွဲ မစတင်မီ နှစ်ဖက်ဘောလုံးအသင်းအား မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်ကိုနှင့် Kitchee အသင်း အမှုဆောင်ဒါရိုက်တာ Mr. Kin Kenneth တို့က လိုက်လံနှုတ်ဆက်ပြီး အမှတ်တရ ဓာတ်ပုံရိုက်ကြသည်။ ထို့နောက် Kitchee အသင်းက မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နိုင်ရန်အတွက် ဘောလုံး ၁၁လုံးကို ပေးအပ်လှူဒါန်းသည်။

မြန်မာ့လက်ရွေးစင်အသင်း -နှစ်ဂိုး။
(ထွန်းမင်းဦးနှင့် စိုးမြတ်မင်း)
Kitchee **အသင်း - ဂိုးမရှိ။**
ဒိုင်လူကြီး - ဦးသိန်းမြိုင်။

မြန်မာ့လက်ရွေးစင် အသင်းသည် ယနေ့ပွဲ အနိုင်ရရှိခဲ့သော်လည်း ခြေစမ်းပွဲပီပီ အရန်ကစားသမားများ အတွေ့အကြုံရရှိရေးကို ဦးစားပေးကစားခဲ့၍ အကောင်းဆုံးခြေစွမ်းခြေစကို ထုတ်မပြနိုင်ခဲ့ပေ။ Kitchee အသင်းမှာလည်း ပုံမှန်သာကစားသွားနိုင်ပြီး ချစ်ကြည်ရေး ခြေစမ်းပွဲလေးပွဲကစားခဲ့ရာတွင် ပထမဦးဆုံးရှုံးပွဲနှင့် ရင်ဆိုင်လိုက်ရသည်။

လက်ရွေးစင်အသင်းမှာ L.G ဖလားပြိုင်ပွဲဝင်ခဲ့သည့် ကစားသမားအများစုကို အခြေခံထားပြီး မင်းမင်းထွန်း၊ ကျော်ဇင်ဝင်း၊ ထွန်းထွန်းဝင်း၊ ကျော်ခိုင်ဝင်းတို့ လေးဦးကို ထပ်မံအားဖြည့်ရွေးချယ်ထားသော်လည်း မင်းမင်းထွန်းနှင့် ကျော်ဇင်ဝင်းတို့နှစ်ဦးကိုသာ အသုံးပြုကစားသွားသည်။ လက်ရွေးစင်အသင်းတွင် အမာခံကစားသမားများဖြစ်သည့် ရန်ပိုင်၊ ဇော်ထိုက်နှင့် ဇော်ဇော်တို့ ဒဏ်ရာရနေ၍ ပါဝင်မကစားနိုင်ခြင်းကြောင့် အသင်းမှာ အနည်းငယ်အားပျော့ခဲ့ရသည်။

လက်ရွေးစင်အသင်းသည် ၄-၃-၂-၁ ကစားကွက်ဖြင့် ပွဲထွက်လာပြီး ဂိုး-အောင်အောင်ဦးဖမ်းသည်။ မင်းမင်းထွန်းက နောက်တန်း ညာအစွန်တွင် ကစားပြီး မိုးကျော်သူနှင့် အသင်းခေါင်းဆောင် စိုးမြတ်မင်းက အလယ်လူနှစ်ဦးအဖြစ်ကစားကာ အောင်ဇော်မျိုး ဘယ်အစွန်တွင် ကစားသည်။ အလယ်တန်းတွင် ဝင်းမင်းထွဋ်၊ မျိုးမင်းထွန်းနှင့် ဘိုဘိုအောင်တို့ ကစားကာ ယင်းသုံးဦးရှေ့၌ မာလနှင့် အောင်ကျော်မိုးတို့ ကစားသည်။ ထွန်းမင်းဦးကို တိုက်စစ်တွင် တင်ကစားထားသည်။

အသင်းကောင်းတစ်သင်းဖြစ်အောင် ပြုပြင်စရာများကို ပြုပြင်သွားမည်ဟု အသင်းအုပ်ချုပ်သူ ဦးခင်မောင်ကြိုင် ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ပွဲစသည်ဆိုသည်နှင့် နှစ်သင်းစလုံး ဂိုးရရှိရေး တိုက်စစ်ကို ဖွင့်ကစားကြသည်။ လက်ရွေးစင်အသင်းမှာ ဂိုးရရှိရေး နေရာစုံမှ တိုက်စစ်ဆင်ကစားသော်လည်း တိုက်စစ်တွင် နားလည်မှုများလွဲနေခြင်း အချိတ်အဆက်မမိဖြစ်နေ၍ တိုက်စစ်မှာ ထင်သလောက် အားမပါဖြစ်နေသည်။

မိနစ် ၂၀ကျော်တွင် မျိုးမင်းထွန်း ဂိုးရနိုင်သည့် အခွင့်အရေးနှစ်ကြိမ်ရရှိရာ မနားတမ်းကန်သွင်းသော်လည်း နှစ်ကြိမ်စလုံး ဂိုးတိုင်ဘေးမှ ကပ်ထွက်သွား၍ လက်ရွေးစင်အသင်း နစ်နာခဲ့ရသည်။ Kitchee အသင်းမှာ တန်ပြန်တိုက်စစ်များမှတစ်ဆင့် ဂိုးရရှိရန်ကြိုးစားခဲ့သော်လည်း လက်ရွေးစင်အသင်းနောက်ခံလူများနှင့် ဂိုးသမား အောင်အောင်ဦးတို့က မလွတ်တမ်း ကာကွယ်ဖျက်ထုတ်နိုင်ခဲ့သည်။ လက်ရွေးစင်အသင်းအတွက် အဖွင့်ဂိုးကို ၃၃ မိနစ်တွင် မာလ နောက်ခံလူများကိုလိမ်ပြီး ဘယ်ကြေးမှ ဂိုးရှေ့သို့ဖြတ်ပို့ရာ ထွန်းမင်းဦးက အနီးကပ် ကန်သွင်းယူခဲ့ခြင်းဖြစ်သည်။ ထွန်းမင်းဦးသွင်းသော ဂိုးဖြင့်ပင် လက်ရွေးစင်အသင်းက ပထမပိုင်းအပြီးတွင် အနိုင်ရရှိနေသည်။

ဒုတိယပိုင်းတွင် နှစ်သင်းစလုံးအပြန်အလှန် ထိုးဖောက်ကစားနိုင်ကြသော်လည်း ကစားကွက်မိမိ၊ အချိတ်အဆက်မိမိဖြင့် မကစားနိုင်ခဲ့ပေ။ ၁၀ မိနစ်တွင် နံပါတ်-၂၂ Mihailo လက်ရွေးစင်နောက်ခံလူများကို လိမ်ခေါက်ပြီး အဝေးမှ မနားတမ်းကန်သွင်းရာ ကန်ချက်ပြင်းသဖြင့် အောင်အောင်ဦး ကာကွယ် ပုတ်ထုတ်လိုက်ရသည်။ လက်ရွေးစင်အသင်းမှာ ဘောလုံးရသည်နှင့် ဂိုးရရှိရေး တိုက်စစ်ဆင်ကစားသော်လည်း Kitchee အသင်း နောက်တန်းက မလွတ်တမ်းဖျက်ထုတ်နေ၍ ဂိုးသွင်းခွင့်မရ ဖြစ်နေသည်။ လက်ရွေးစင်အသင်းမှာ ၁၉ မိနစ်တွင် မာလအစား ကျော်ဇင်ဝင်းကိုထည့်ကာ တိုက်စစ်အား မြှင့်တင်ကစားခဲ့သည်။

မြန်မာအသင်းမှာ အသင်းကောင်းဖြစ်ပြီး လျင်မြန်မှုရှိကြောင်း ဟောင်ကောင် Kitchee နည်းပြ Mr. Cheng Sin Siu Chung က ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

မြန်မာအသင်းအတွက် ဒုတိယဂိုးကို ၂၆ မိနစ်တွင် ဘယ်ထောင့်ကန်ဘောကို အောင်ဇော်မျိုးကန်တင်ရာ အသင်းခေါင်းဆောင်စိုးမြတ်မင်းက ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ထို့နောက်ပိုင်းတွင် လက်ရွေးစင်အသင်းက ဂိုးထပ်မံရရှိရေး Kitchee အသင်းက ချေပဂိုးသွင်းယူနိုင်ရေးတို့အတွက် တိုက်စစ်ကို ဖွင့်ကစားမြဲ ဖွင့်ကစားခဲ့ကြသည်။ မိနစ် ၃၀ တွင် Kitchee အသင်းမှ နံပါတ်-၁၈ Chan Siu Ki အပိုင်ကန်သွင်းရာ ဘေးထွက်သွားသကဲ့သို့ ပွဲပြီးခါနီးတွင် လက်ရွေးစင်အသင်းမှ မင်းသူ ဂိုးသမားနှင့် ရင်ဆိုင်အတွေ့တွင် ကိုယ်တိုင်ကန်သွင်း၍ ရသော်လည်း မကန်ဘဲပေးလိုက်ရာ Kitchee အသင်း နောက်ခံလူဆီရောက်သွား၍ နှစ်သင်းစလုံး အပိုင်ဂိုးများနစ်နာခဲ့ရကာ ပွဲအပြီးတွင် လက်ရွေးစင်အသင်းက နှစ်ဂိုးအသာဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။ မိနစ် ၃၀ကျော်တွင် လက်ရွေးစင်အသင်းမှ အောင်ဇော်မျိုးအစား စိုးလင်းထွန်း၊ မင်းမင်းထွန်းအစား မင်းသူတို့ကို လဲလှယ်ကစားခဲ့သည်။

မိမိအသင်း အနိုင်ရရှိသော်လည်း ကစားကွက်ရော၊ အပေးအယူများ ပျက်နေသေးကြောင်း နည်းပြချုပ် ဦးတင်ဟန်ပြောကြားစဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ချစ်ကြည်ရေးခြေစမ်းပွဲများ ပြီးဆုံးသွားပြီဖြစ်ရာ ဧည့်သည် Kitchee အသင်းမှာ လေးပွဲကစားရာ၌ တစ်ပွဲနိုင်၊ နှစ်ပွဲသရေကျပြီး တစ်ပွဲသာ ရှုံးနိမ့်ခဲ့သဖြင့် ပြည်တော်ပြန် မျက်နှာပန်းလှသွားသည်။

မြန်မာ့လက်ရွေးစင်အသင်းတွင် ဂိုး-အောင်အောင်ဦး၊ နောက်တန်း-မင်းမင်းထွန်း(မင်းသူ)၊ စိုးမြတ်မင်း၊ မိုးကျော်သူ၊ အောင်ဇော်မျိုး (စိုးလင်းထွန်း)၊ အလယ်တန်း- ဝင်းမင်းထွဋ်၊ မျိုးမင်းထွန်း၊ ဘိုဘိုအောင်၊အောင်ကျော်မိုး၊ မာလ(ကျော်ဇင်ဝင်း)၊ရှေ့တန်းတွင် ထွန်းမင်းဦးတို့ ပါဝင်ကစားသွားသည်။

ပွဲအပြီးတွင် ကြေးမုံက ယနေ့ပွဲနှင့်ပတ်သက်၍ နှစ်ဖက်အသင်းအား တွေ့ဆုံမေးမြန်းခဲ့ရာ မြန်မာအသင်း အုပ်ချုပ်သူ ဦးခင်မောင်ကြိုင်က "မိမိတို့အသင်း ကြိုးစားကစားခဲ့သော်လည်း ထင်သလောက်မကစားနိုင်ခဲ့ကြောင်း၊ Kitchee အသင်းမှာ ယခင်ပွဲများလောက် ကစားပုံ မကောင်းဘဲ သာမန်သာ ကစားသွားနိုင်ကြောင်း၊ မိမိတို့အသင်း အခွင့်အရေးများကို အသုံးမချနိုင်၍ နှစ်ဂိုးလောက်နစ်နာခဲ့ရကြောင်း၊ မိမိတို့အသင်းမှာ ရှေ့တန်းအားနည်းနေသေးပြီး အပေးအယူများလည်းလွဲချော်နေကြောင်း၊ ယခုပွဲ နိုင်လိုက်၍ ကလေးတွေကို အားတက်စေပါကြောင်း၊ လက်ရွေးစင်အသင်းကောင်းရန်အတွက် ယခုပွဲအနိုင်ရရှိလိုက်ခြင်းမှာ အသင်းအတွက် အများကြီး အထောက်အကူပြုပါကြောင်း၊ အသင်းကောင်းတစ်သင်းဖြစ်အောင် ပြုပြင်စရာများကို ပြုပြင်သွားမည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

နည်းပြချုပ် ဦးတင်ဟန်က "ယနေ့ပွဲမှာ ပွဲကောင်းတစ်ပွဲ ဖြစ်ပါကြောင်း၊ မိမိတို့အသင်း အနိုင်ရရှိသော်လည်း ကစားကွက်ရော အပေးအယူများပါ ပျက်နေသေးကြောင်း၊ မိမိတို့နိုင်နေသည့်အချိန်မှာပါ ကလေးတွေမှာ ဆန္ဒစောနေ၍ ထင်သလို မဖြစ်ခဲ့ကြောင်း၊ တစ်ဖက်အသင်းမှာ လေးလေးမှန်မှန်သာ ကစားသွားနိုင်ကြောင်း၊ ပထမပိုင်းတွင် မိမိတို့အသင်းကစားပုံပိုကောင်းပြီး ဂိုးသွင်းခွင့်ပိုမိုရရှိခဲ့ကြောင်း၊ ဒုတိယပိုင်းမှာ အမှားနည်းအောင်နှင့် ကောင်းကွက်များကို ပိုကောင်းအောင် ပြုပြင်ခဲ့ကြောင်း၊ မိမိတို့အသင်းမှာ အားထားရသည့် ကစားသမားအချို့ ဒဏ်ရာကြောင့် မပါဝင်နိုင်၍ နစ်နာခဲ့ရကြောင်း၊ တိုက်ဂါးဖလားပြိုင်ပွဲအတွက် လူစာရင်းကို စက်တင်ဘာ ၆ရက်တွင် ရွေးချယ်မည်ဖြစ်ကြောင်း" ပြောကြားသွားသည်။

Kitchee အသင်းနည်းပြ Mr. Cheng Sin Siu Chung က "နှစ်သင်းစလုံး ကစားပုံကောင်းပါကြောင်း၊ မိမိတို့အသင်းရှုံးသည့်အတွက် စိတ်မကောင်းဖြစ်ရကြောင်း၊ မြန်မာအသင်းမှာ အသင်းကောင်းတစ်သင်းဖြစ်ပြီး လျင်မြန်မှုရှိကြောင်း၊ မိမိတို့အသင်းကစားခဲ့သည့် လေးပွဲတွင် တတိယပွဲမှာ ကစားရတာအခက်အခဲဆုံး ဖြစ်ကြောင်း၊ မိမိတို့အသင်းအနေဖြင့် အသင်းကောင်းများနှင့် ကစားခွင့်ရရှိခဲ့သည့်အတွက် အကျိုးရှိပါကြောင်း"ပြောကြားသွားသည်။
(ကြေးမုံ)

မြန်မာ့လက်ရွေးစင် အသင်းမှ ဘိုဘိုအောင်၏ ထိုးဖောက်ဂိုးသွင်းမှုကို Kitchee အသင်း နောက်ခံလူ ကာကွယ်ဖျက်ထုတ်စဉ်။
ဓာတ်ပုံ-စိုးညွန့်(ကြေးမုံ)

ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဒိုင်း ဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၅

(၁၃)ကြိမ်မြောက် ကာကွယ်ရေးဝန်ကြီးဌာန ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူးဒိုင်းဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ယမန်နေ့ ညနေ ၃နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းအားကစားကွင်း (မင်္ဂလာဒုံ)၌ ကျင်းပရာ ထောက်ပံ့နှင့်ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေး၊ ဒုတိယညွှန်ကြားရေးမှူး ဗိုလ်မှူးကြီးလှဌေးနှင့် ဦးစီးအရာရှိများ၊ တပ်ရင်း၊ တပ်ဖွဲ့များမှ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ တက်ရောက်၍ ဗိုလ်လုပွဲ ပွဲစဉ်ယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးကြသည်။

ဗိုလ်လုပွဲအပြီးတွင် ဆုချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ အသင်းလိုက် ပထမဆုနှင့် ဒုတိယဆုရရှိသော ဘောလုံးအသင်းများ၊ နေရာအလိုက် အကောင်းဆုံးရရှိသော အားကစားသမားများနှင့် အသန့်ရှင်းဆုံးအသင်းဆုရရှိသော အသင်းတို့ကို တာဝန်ရှိသူများက ဆုများ အသီးသီးပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ပထမဆုရရှိသော အသင်းအား ထောက်ပံ့နှင့် ပို့ဆောင်ရေး ညွှန်ကြားရေးမှူးရုံး ညွှန်ကြားရေးမှူး ဗိုလ်ချုပ်သန်းဌေးက တံခွန်စိုက် ဒိုင်းဆုပေးအပ်ချီးမြှင့်၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

☆ စင်ကာပူမှ
(၄ x ၄၀၀) အမျိုးသမီး လက်ဆင့်ကမ်းပြိုင်ပွဲတွင် ယဉ်ယဉ်ခိုင်၊ မြင့်မြင့်အေး၊ ကေခိုင်လွင်နှင့် လဲ့လဲ့ဝင်းတို့ပါဝင်သည့် မြန်မာပြေးခုန်ပစ် အမျိုးသမီးအဖွဲ့က ရွှေတစ်ခု စုစုပေါင်း ရွှေတံဆိပ်ကိုးခု ဆွတ်ခူးရရှိခဲ့သည်။ ငွေတံဆိပ်လေးခုကို လဲ့လဲ့ဝင်းက မီတာ ၂၀၀ တွင် တစ်ခု၊ မီတာ ၄၀၀ တွင်တစ်ခု၊ ဖြူဝါသက်က မီတာ ၁၅၀၀ တွင် တစ်ခု ယဉ်ယဉ်ခိုင်က မီတာ ၈၀၀ တွင် တစ်ခု အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

အောင်ပွဲရ မြန်မာပြေးခုန်ပစ်အဖွဲ့သည် စက်တင်ဘာ ၇ရက်တွင် ရန်ကုန်မြို့သို့ ပြန်လည်ရောက်ရှိမည်ဟု သိရသည်။ (ကြေးမုံ)

သန်လျင်ဂေါက်ကွင်း၌ အနီးဆုံးရိုက်ချက်ဆုချီးမြှင့်

ရန်ကုန် စက်တင်ဘာ ၅

တော့ပ်ပွိုင့် ဂေါက်သီးနှင့် PAN ဂေါက်ဖိနပ်ကိုယ်စားလှယ် Premium Marketing Ltd သည် ဩဂုတ် ၂၈ရက်က သန်လျင်ဂေါက်ကွင်း၌ တော့ပ်ပွိုင့် ဂေါက်သီးနှင့် ပတ်သက်သော ဆုပေးပွဲအစီအစဉ်ကို ပျော်ရွှင်ဖွယ်ဖြစ်အောင် စီစဉ်ခဲ့သည်။

ထိုနေ့၌ သတ်မှတ်ထားသောကျင်းတို့တွင် ကျင်းနှင့်အနီးဆုံး ရိုက်နိုင်သူတိုင်းအား တော့ပ်ပွိုင့် ဂေါက်သီးများကို ဆုအဖြစ် ချီးမြှင့်ခဲ့ပြီး **(အပေါ်ပုံ)** ထိုအစီအစဉ်မျိုးကို အခြားဂေါက်ကွင်းများ၌လည်း ဆက်လက်စီစဉ်ကျင်းပသွားမည်ဖြစ်သည်။ (က-ပ)

ဗြိတိန်နိုင်ငံ အနုပညာရှင်များ ဂီတဆည်းဆာ ဖျော်ဖြေပွဲ

အခမဲ့ကြည့်ရှုနိုင်

ဗြိတိန်နိုင်ငံ Cambridge University, St. Catharine's College မှ အနုပညာရှင်များ တင်ဆက်ဖျော်ဖြေမည့် ဂီတဆည်းဆာကို အောက်ပါအစီအစဉ်အတိုင်း ပြုလုပ်မည်ဖြစ်ပါ၍ တေးဂီတမြတ်နိုးသူများ အခမဲ့ လာရောက်ကြည့်ရှုနိုင်ပါသည်။

၆–၉–၂၀၀၄(တနင်္လာနေ့) ညနေ ၆ နာရီ မိနစ် ၃၀	မန္တလေးအမျိုးသားဇာတ်ရုံ
၉–၉–၂၀၀၄ (ကြာသပတေးနေ့) ညနေ ၆ နာရီ မိနစ် ၃၀	ရန်ကုန်အမျိုးသားဇာတ်ရုံ

ဝန်ထမ်းအလိုရှိသည်

(ပြည်တွင်း၌ကျပ်ငွေဖြင့်သာခန့်ထားရန်)

၁။ Marketing Manager — ကျား(၁)ဦး
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိသူဖြစ်ရမည်။
အသက်(၃၅)နှစ်အောက် ရှိသူဖြစ်ရမည်။

၂။ Front Office Manager — ကျား(၁)ဦး
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိသူဖြစ်ရမည်။
အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။

၃။ Food & Beverage Manager — ကျား(၁)ဦး
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိသူဖြစ်ရမည်။
အသက်(၃၅)နှစ်နှင့်အောက် ဖြစ်ရမည်။

၄။ Humen Resource Manager — ကျား(၁)ဦး
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၃)နှစ် ရှိသူဖြစ်ရမည်။
အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။

၅။ Chef — ကျား(၁)ဦး
ဘွဲ့ရ၊ လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိသူဖြစ်ရမည်။
အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။

၆။ Generator Manager — ကျား(၁)ဦး
B.E(E.P) လုပ်ငန်းအတွေ့အကြုံ အနည်းဆုံး(၅)နှစ် ရှိသူဖြစ်ရမည်။
အသက်(၃၅)နှစ်အောက် ဖြစ်ရမည်။

လုပ်ငန်းကျွမ်းကျင်မှုပေါ်မူတည်၍ အသက်နှင့်ပညာအရည်အချင်းကိုလျှော့ပေါ့စဉ်းစားမည်။ ကိုယ်ရေး အကျဉ်း(C.V) ဓာတ်ပုံနှစ်ပုံ၊ အလုပ်သမားမှတ်ပုံတင်၊ ရဲစခန်းထောက်ခံစာ(မူရင်း)၊ အိမ်ထောင်စုဇယားမိတ္တူတို့နှင့်အတူ မက်စ်မြန်မာကုမ္ပဏီလီမိတက် အမှတ်(၁)၊ ရွာမကွေ့၊ ဘုရင့်နောင်လမ်း၊ (၂)ရပ်ကွက်၊ လှိုင်မြို့နယ်သို့ ၂၀–၉–၂၀၀၄ရက်နေ့ နောက်ဆုံးထား၍ ရုံးချိန်အတွင်းလျှောက်ထားနိုင်သည်။ **ဖုန်း–၅၀၀၁၂၃၊ ၅၀၁၆၇၇၊ ၅၀၁၆၇၈၊ ၅၃၁၀၀၉။**

ပြည်နယ် ကြီးကြပ်မှုကော်မတီ လုပ်ငန်းညှိနှိုင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရန် မှာကြား

မြစ်ကြီးနား ဩဂုတ် ၂၅

ကချင်ပြည်နယ် ဒေသဆိုင်ရာ ပြည်နယ် ကြီးကြပ်မှု ကော်မတီ၏ လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဩဂုတ် ၁၇ ရက်က မြစ်ကြီးနားမြို့ ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေး ခန်းမတွင် ကျင်းပသည်။

ပထမဦးစွာ ပြည်နယ်အုပ်ချုပ်ရေးမှူး ဦးရဲမြင့်က ဌာနဆိုင်ရာ လုပ်ငန်းများ စနစ်တကျ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်ရေး၊ ပညာရေး၊ စိုက်ပျိုးရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်မှုများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေးနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်ရန်နှင့် ကျေးလက်ဖွံ့ဖြိုးရေး အခြေခံမူငါးရပ်ကိုစနစ်တကျဖြင့် ပူးပေါင်းညှိနှိုင်း အကောင်အထည်ဖော် ဆောင်ရွက်ရန် မှာကြားသည်။

ထို့နောက် အစည်းအဝေး တက်ရောက်လာသည့် ပြည်နယ်အဆင့်ဌာနဆိုင်ရာများက သက်ဆိုင်ရာ လုပ်ငန်းများအလိုက် မြို့နယ်များ၌ အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှု လုပ်ငန်းများကို ရှင်းလင်းတင်ပြကြသည်။ **(ခရိုင်ပြန်/ဆက်)**

စပါးခင်းများအတွင်း ငါးမျိုးစိုက်ထည့်

ဒိုက်ဦး ဩဂုတ် ၃၁

ဒိုက်ဦးမြို့နယ် သားငါးကဏ္ဍ တိုးတက်ရေးကို မျှော်မှန်း၍ မြို့နယ်ငါးလုပ်ငန်း ဦးစီးဌာနက စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ခြင်း အခမ်းအနားကို ဩဂုတ် ၂၈ ရက် နံနက် ၉ နာရီတွင် ဒိုက်ဦးမြို့နယ် ပေါက်တပင်ကျေးရွာ မျိုးသန့်ခြံတွင် ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်စိန်၊ မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဥမ္မာထွန်းနှင့် တာဝန်ရှိသူများ၊ မြို့နယ်ငါးလုပ်ငန်းအသင်းဥက္ကဋ္ဌ ဦးသိန်းမြင့်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း အဖွဲ့ဝင်များ တက်ရောက်အားပေးကြပြီး စပါးစိုက်ခင်းများအတွင်း ငါးမျိုးစိုက်ထည့်ပေးကြသည်။

ထို့နောက် မြို့နယ်ငါးလုပ်ငန်းဦးစီးမှူး ဒေါ်ဥမ္မာထွန်းနှင့် ဝန်ထမ်းများက စပါးစိုက်ခင်းဧက ၁၅၀အတွက် ငါးမျိုးကောင်ရေ ၇၅၀၀၀ ကို သက်ဆိုင်ရာ ကျေးရွာအုပ်စုများရှိ လယ်သမားကြီး ၄၈ ဦးတို့အား ငါးမျိုးများ ဖြန့်ဝေပေးကြသည်။ မျိုးစိုက်ထည့်ဖြန့်ဝေပေးသော ငါးမျိုးများမှာ ပဲခူးတိုင်း ငါးလုပ်ငန်းစခန်းမှ ထုတ်လုပ်သည့် တီလားဗီးယားနှင့် ငါးခုံးမကြီး ငါးမျိုးများဖြစ်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

မြောင်းမြမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမြင့်လွင် ဩဂုတ် ၂၁ ရက်က မြကန်သာပန်းခြံ သန့်ရှင်းသာယာလှပရေး မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ဝန်ထမ်းများ ရှင်းလင်းနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်

အရာတော် ဩဂုတ် ၃၀

မုံရွာခရိုင် အရာတော်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ဩဂုတ် ၂၃ ရက် နံနက် ၆ နာရီက သလဲဘာကျေးရွာအုပ်စု စပါးတွင်းကျေးရွာ၌ ပညာစွမ်းရည် ကျေးလက်ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်ပွဲ အခမ်းအနားကို ကျင်းပသည်။

ရှေးဦးစွာ ပညာစွမ်းရည် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်အား ရွာဦးကျောင်းဆရာတော် ဦးဉာဏဝရ၊ မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ကြည်နှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစန်းလွင်ဦးတို့က ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးသည်။ **(အပေါ်ပုံ)** ထို့နောက် စာကြည့်တိုက်သို့ အလှူရှင်ခုနစ်ဦးတို့က သုတ၊ ရသစာအုပ်မျိုးစုံ ၁၅၀ အုပ်တို့ကို လှူဒါန်း၍ ကျေးရွာဥက္ကဋ္ဌ ဦးလှဝင်းက လက်ခံရယူသည်။ **(မြို့နယ်ပြန်/ဆက်)**

စက်ပစ္စည်းထိန်းသိမ်းရေး ဆွေးနွေးပွဲ ကျင်းပ

ရွှေဘို ဩဂုတ် ၂၃

စစ်ကိုင်းတိုင်း ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ ရန်ကြီးအောင်ခန်းမတွင် ရေရရှိရေးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ရေတွင်းနှင့် စက်ပစ္စည်းများ ကြံ့ခိုင်ထိန်းသိမ်းရေး ပညာပေး ဆွေးနွေးပွဲကို ဩဂုတ် ၁၃ ရက်က ကျင်းပသည်။ ဆွေးနွေးပွဲသို့ စစ်ကိုင်းတိုင်းစည် ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးခင်မောင်ဆွေ၊ ရွှေဘိုမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးဆန်းမော်ခင်၊ အင်ဂျင်နီယာ ဦးအောင်မောင်းနှင့် ကျေးရွာဥက္ကဋ္ဌများ၊ ကျေးလက်ရေပေးရေးကော်မတီဝင်များ တက်ရောက်ကြသည်။ **(က-ပ)**

ရေတော်မိုးတော်ထွန်တုံးပိတ်ပွဲနှင့် ကောက်စိုက်ပွဲ အခမ်းအနား ကျင်းပ

လယ်ဆေး ဩဂုတ် ၂၉

လယ်ဝေးမြို့နယ် ၂၀၀၄-၂၀၀၅ ခုနှစ် စပါးရေတော်မိုးတော် ထွန်တုံးပိတ်ပွဲ အခမ်းအနားကို ဩဂုတ် ၁၄ ရက် နံနက် ၈ နာရီတွင် အမှတ်(၁)မြွေရိုးလေးစခန်း ကွင်းအမှတ် ၁၈၃၅ တွင် ကျင်းပသည်။

ရှင်းလင်းတင်ပြ

အခမ်းအနားတွင် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၂) ဦးမြင့်ဆွေက အမှာစကားပြောကြားပြီး မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးလှမြင့်က မိုးစပါး ထွန်တုံးပိတ်ပွဲကျင်းပမှုနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ထွန်တုံးပိတ် ကောက်စိုက်ပွဲကို (အက်စ်အာရ်အိုင်) မျိုးသက်နု စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် တိုက်ရိုက်အစေ့ချ စိုက်ပျိုးခြင်း၊ ပျိုးဖြင့် စိုက်ပျိုးခြင်းတို့ကို ကျင်းပပြီး ကျေးရွာအုပ်စု ၂၁ အုပ်စုမှ တောင်သူများ တက်ရောက်ကြောင်း သိရသည်။ **(မြို့နယ်ပြန်/ဆက်)**

ကြည့်ရှုစစ်ဆေး

သန်လျင်မြို့နယ် အတွင်းရေးမှူး ရဲကျော်သူကျင်သိန်းနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်အမှုဆောင် အရာရှိ ဦးထွန်းမြိုင်နှင့်အဖွဲ့ ဩဂုတ် ၂၆ ရက်က သူဌေးကွင်း စံပြကျေးရွာအတွင်း အသစ်ဆောက်လုပ်မည့် နေ့ကလေးထိန်းကျောင်း၊ စာကြည့်တိုက်၊ မီးစက်နှင့် ဈေးဆောက်လုပ်မည့် နေရာများအား ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်/ပင်)

ကြေးမုံ The Mirror

မြို့နယ် သတင်းများ

စာတတ်သူတိုင်း စာဖတ်ဖို့ စာကြည့်တိုက်များ ထူထောင်စို့

ပုသိမ်ခရိုင် ကြက်တူရွေးကျေးရွာအုပ်စုတွင် "ထွန်းသစ်" ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၂၀ ရက်က ကျင်းပရာ ပြန်/ဆက် ဦးစီးမှူးနှင့်ကျေးရွာဥက္ကဋ္ဌ တို့က ဖွင့်လှစ်ပေးစဉ်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန် မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် ကဝင်ကျေးရွာတွင် မိုးသောက်ကြယ် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ဖွင့်ပွဲကို ဩဂုတ် ၂၇ရက်က ကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မြင့်မြင့်နိုင်က စာအုပ်၊ မဂ္ဂဇင်း၊ ဂျာနယ်များ လှူဒါန်းရာ ကျေးရွာဥက္ကဋ္ဌ ဦးမျိုးသိန်းက လက်ခံရယူစဉ်။ (မြို့နယ်ပြန်/ဆက်)

ဩဂုတ် ၂၂ ရက်က ရှမ်းပြည်နယ် (တောင်ပိုင်း) ဟိုပုံးမြို့နယ် ရန်ကင်းကျေးရွာတွင် ပညာ့ဗိမာန် စာကြည့်တိုက် ဖွင့်ပွဲကို မြို့နယ် ပြန်/ဆက်ဦးစီးမှူးနှင့် ကျေးရွာဥက္ကဋ္ဌ တို့က ဖွင့်လှစ်ပေးစဉ်။ (မြို့နယ် ပြန်/ဆက်)

အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနား ကျင်းပ

ဟိုပင် စက်တင်ဘာ ၃

ကချင်ပြည်နယ် ဟိုပင်မြို့ မြို့မတောင်ရပ်ကွက်ရှိ အလင်းရောင် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် နှစ်ပတ်လည်အခမ်းအနားကို ဩဂုတ်၂၂ ရက် နံနက် ၉ နာရီက အဆိုပါစာကြည့်တိုက် အဆောက်အအုံ၌ ကျင်းပသည်။

အလင်းရောင် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ကို ၂၀၀၂ ခုနှစ် ဩဂုတ် ၂၀ရက်တွင် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၏ ကြီးကြပ်မှု စေတနာရှင်အလှူရှင်များ၏ လှူဒါန်းမှုဖြင့် စတင်ဖွင့်လှစ်ခဲ့ခြင်းဖြစ်ရာ သုတ ရသစာအုပ်များ နေ့စဉ်ဌားရမ်းပေးလျက်ရှိပြီး စာကြည့်တိုက်အား စိတ်ပါဝင်စားသည့် အလှူရှင်များ စာအုပ်စာတမ်းများ လာရောက်လှူဒါန်းနိုင်ကြောင်း သိရသည်။ (မြို့နယ်ပြန်/ဆက်)

ပေးအပ်လှူဒါန်း

ညောင်တုန်းမြို့ အရှေ့ပိုင်း အမှတ်(၁)ဘက်စုံစံပြ အခြေခံပညာ မူလတန်းကျောင်းသို့ အလှူငွေနှင့် မာလ်တီမီဒီယာပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ယင်းကျောင်းတွင် ဩဂုတ် ၂၈ ရက်က ကျင်းပရာ ၂၁လက်မ တီဗွီ၊ ဗွီစီဒီ၊ ကက်ဆက် အပါအဝင် မီဒီယာပစ္စည်းများနှင့် အလှူငွေများကို အလှူရှင်များက မြို့နယ် ပညာရေးမှူး ဦးစိုးဝင်းသန်း၊ ကျောင်းအုပ်ဆရာကြီး ဦးစိုးကြည်နှင့် တာဝန်ရှိသူများထံ ပေးအပ်လှူဒါန်းစဉ်။ (၁၆၁)

ချောင်းဦးမြို့ အခြေခံပညာ အထက်တန်းကျောင်း၏ ၂၀၀၃-၂၀၀၄ ပညာသင်နှစ် မိဘဆရာအသင်း နှစ်ပတ်လည် အစည်းအဝေးနှင့် ပညာရည်ချွန်ဆုနှင်းသဘင် အခမ်းအနားကို စက်တင်ဘာ ၁ ရက်က ဘုရင့်နောင်ခန်းမတွင် ကျင်းပရာ ရန်ကုန်မြို့ မှန်ချိုဆေးတိုက်ပိုင်ရှင် ဦးလှရွှေ-ဒေါ်တင်နွယ်ဦးမိသားစုတို့က ခြောက်ဘာသာဂုဏ်ထူးရှင် မသက်သက်အား ကျပ်တစ်သိန်းချီးမြှင့်စဉ်။ (၄၃၇)

လှိုင်လင်၌ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်ဖွင့်

လှိုင်လင် စက်တင်ဘာ ၂

လှိုင်လင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ခရိုင်နှင့်မြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့ ပူးပေါင်းလျက် ကျေးရွာအုပ်စုနှင့် ကျေးရွာများတွင် နယ်လှည့်စာကြည့်တိုက် ဖွင့်လှစ်ခြင်း၊ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များ ဖွင့်လှစ်ခြင်းလုပ်ငန်းများကို စီမံချက်များရေးဆွဲ ဆောင်ရွက်လျက်ရှိသည်။

ဩဂုတ် ၂၈ ရက် နံနက်ပိုင်းက လှိုင်လင်မြို့ နောင်ကော့ကျေးရွာ ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက် ကို ဦးထွန်းအောင်၏ နေအိမ်တွင် ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးသောင်းဝင်း၊ ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း အတွင်းရေးမှူး ဦးစိုင်းပါနှင့် ဦးထွန်းအောင် တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ ထို့နောက် ခရိုင်ပြန်/ဆက်နှင့် ခရိုင်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့က စာအုပ်၊ စာစောင်များ ပေးအပ်လှူဒါန်းကြရာ ကျေးရွာလူကြီး ဦးထွန်းအောင်က လက်ခံရယူသည်။ လှိုင်လင်ခရိုင်လှိုင်လင်မြို့တွင် ကျေးရွာအုပ်စုတိုင်း ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်များကို ၂၀၀၄ ခုနှစ် အတွင်း အပြီးဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။(မြို့နယ်ပြန်/ဆက်)

ပြင်ဦးလွင်ခရိုင် စဉ့်ကူးမြို့နယ် ကျည်တောက်ပေါက်ကျေးရွာတွင် မြို့နယ်အေးချမ်းသာယာရေး နှင့်ဖွံ့ဖြိုးရေးကောင်စီ၏ ကြီးကြပ်မှုဖြင့် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်ဖွင့်ပွဲကို ဩဂုတ်၃၀ ရက်ကကျင်းပရာ မြို့နယ်ပြန်/ဆက် ဦးစီးမှူး ဦးစောထွဋ်နောင်နှင့် ရှောက်ပင်ရိုးကျေးရွာ အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီအဖွဲ့ဝင် ဦးလှဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်စဉ်။ (က-ပ)

နိဗ္ဗာန်ရည်မှန်း ရွှေသက်န်း

❊ မိမိသုံးဆောင်သည်နှင့် တစ်တန်းစားတည်း လှူခြင်းသည် **'ဒါနသဟာယ'** မည်၏။

❊ မိမိသုံးဆောင်သည်ထက် မြင့်မြတ်သည်ကို လှူခြင်းသည် **'ဒါနသာမိ'** မည်၏။

ဒါနသာမိ၊ တုမရှိအောင်
မုနိဆင်မြန်း၊ ရွှေသင်္ကန်းကို
လှူဒါန်းကုသိုလ်ယူပါစို့။

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ၏ဦးဆောင်မှုဖြင့် **"မဟာဇေယျအတုလမာရဇိန်"** ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ခြင်းလုပ်ငန်းများ ပြီးစီးအောင်မြင်ခဲ့၍ ၁-၈-၂၀၀၄ရက်နေ့တွင် ရေစက်ချ ဖွင့်ပွဲ အလှူတော်မင်္ဂလာအခမ်းအနားကြီးကို ကျင်းပခဲ့ပြီးဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ကြေးပိဿာ ဒုတိယအများဆုံးဖြစ်ပြီး ကမ္ဘာတွင် တတိယအကြီးဆုံးဖြစ်သည့် ကြေးသွန်းရုပ်ပွားတော်ကြီးကို ယခုအခါ **ရဟန်းရှင်လူပြည်သူအများနိဗ္ဗာန်ရည်မှန်း၍ရွှေသင်္ကန်းတော်များ ကိုယ်တိုင်ကိုယ်ကျကပ်လှူပူဇော်နိုင်ကြပါပြီ။**

ကိန်းဝပ်စံပယ်ရာ	–	ရွှေတိဂုံစေတီတော် အရှေ့ဘက်စောင်းတန်းကြီးအနီး
ပုံတော်	–	ဘူမိဖဿ မုဒြာပုံတော်
ဥဏှတော်	–	၂၄ပေ ၉လက်မ
ပလ္လင်တော်	–	အလျား ၂၂ပေ၊ အနံ ၁၅ပေ
မျက်နှာတော်အလေးချိန်	–	ရွှေ၊ ငွေ၊ မိုးကြိုး၊ ကြေး ၁၂၅ ပိဿာ
ကိုယ်လုံးတော်အလေးချိန်	–	၁၉၇၅၀ ပိဿာ
စုစုပေါင်းအလေးချိန်	–	၁၉၈၇၅ ပိဿာဖြစ်ပါသည်။

ရွှေကိုလှူလျှင် ရွှေဆင်းသွင်သို့
ဘဝပင်မခြား တူအကျိုးပွား၏
ဘူမိဖဿ မုဒြာမြတ်ကို
မပြတ်သန့်စင် ရောင်ဝါလွင်သော
ရွှေစင်သင်္ကန်း ဒါနပန်းဖြင့်
လှူဒါန်းပူဇော် နိဗ္ဗာန်မျှော်လျက်
နှီးဆော်သတင်း ပေးဝေနှင်းသည်
ကောင်းခြင်းဖြာဖြာ ပြည့်စေသော် ...

(၁)ရွှေဆိုင်းဌာန	–	ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး တန်ဆောင်းတော်
(၂)ရွှေအရည်အသွေး	–	ရွှေစင် ၉၉ ရာခိုင်နှုန်း
(၃)ကပ်လှူပူဇော်ချိန်	–	နေ့စဉ်နံနက် ၆ နာရီမှ ညနေ ၆ နာရီအထိ
(၄)ဆက်သွယ်စုံစမ်းရန်	–	ဂေါပကအဖွဲ့ရုံး၊ ကြေးသွန်းရုပ်ပွားတော်မြတ်ကြီး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၁-၅၄၁၆၈၁။

"ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေး လုပ်ငန်းကော်မတီ"

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ပို့ဆောင်ရေးဝန်ကြီးဌာန
ရေကြောင်းပညာသိပ္ပံ

ကြော်ငြာစာ

၁။ ရေကြောင်းပညာသိပ္ပံတွင် ၂၀၀၄-၂၀၀၅ခုနှစ်အတွင်း ဖွင့်လှစ်မည့် အောက်ဖော်ပြပါသင်တန်းများကို တက်ရောက်လိုသော ပြည်ထောင်စုမြန်မာနိုင်ငံသားမိဘနှစ်ပါးမှ မွေးဖွားသော နိုင်ငံသားအိမ်ထောင်မရှိ(လူပျို)များသည် ရန်ကုန်မြို့၊ ဘုရင့်နောင်လမ်း၊ ဆင်မလိုက်၊ တက္ကသိုလ်စာတိုက်၊ ကမာရွတ်ရေကြောင်းပညာသိပ္ပံ ကျောင်းအုပ်ကြီးထံသို့ ၁၅-၁၀-၂၀၀၄နေ့ နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။
- (က) ကုန်သွယ်ရေကြောင်းအရာရှိလောင်းသင်တန်း
  Nautical Cadet
- (ခ) ကုန်သွယ်ရေကြောင်းအင်ဂျင်နီယာအရာရှိလောင်းသင်တန်း
  Engineering Cadet

၂။ ပညာအရည်အချင်းကန့်သတ်ချက်
တက္ကသိုလ်ဝင်စာမေးပွဲတွင် ရူပဗေဒ၊ ဓာတုဗေဒဘာသာများပါဝင်သော ဘာသာတွဲဖြင့် အောင်မြင်ပြီး စုစုပေါင်းအမှတ် အနည်းဆုံး(၃၆၀)ရှိရမည်။

၃။ အသက်နှင့်အခြားကန့်သတ်ချက်
- (က) ၂၀၀၄-ခုနှစ်၊ ဒီဇင်ဘာလ(၃၁)ရက်နေ့တွင် အသက်(၁၉)နှစ်ထက် မကျော်စေရ။
- (ခ) အရပ်အမောင်း (၅ပေ၄လက်မ) အနည်းဆုံးရှိရမည်။
- (ဂ) ကိုယ်အလေးချိန်(၁၀၀)ပေါင်အနည်းဆုံးရှိရမည်။
- (ဃ) ရင်အုပ် (၃၂လက်မ) နဂိုအနေအထားအနည်းဆုံးရှိရမည်။
- (င) မျက်မှန်၊ မျက်ကပ်မှန်တပ်ထားသူမဖြစ်စေရ။ (အင်ဂျင်နီယာအရာရှိလောင်းများမပါ။)

၄။ ရွေးချယ်ရေးအဖွဲ့မှ အောက်ပါများကို ဆက်လက်စစ်ဆေးသွားမည်။
- (က) နားစစ်ဆေးခြင်း၊ အထွေထွေကျန်းမာရေးစစ်ဆေးခြင်း။
- (ခ) မျက်စိစစ်ဆေးခြင်း (အရောင်ခွဲခြားနိုင်မှု ရှိ၊ မရှိစစ်ဆေးခြင်း)။
- (ဂ) လူတွေ့စစ်ဆေးခြင်း။

၅။ လျှောက်ထားရာတွင် အောက်ပါအချက်အလက်များကို ဖော်ပြရမည်။
- (က) တက်ရောက်ရန် သင်တန်းတစ်မျိုးတည်းကိုသာ လျှောက်ထားရမည်။ (သင်တန်းတစ်မျိုးထက်ပို၍ လျှောက်ထားပါက လက်ခံစဉ်းစားမည်မဟုတ်ပါ။)
- (ခ) အမည်
- (ဂ) နိုင်ငံသားစိစစ်ရေးအမှတ်
- (ဃ) မွေးနေ့သက္ကရာဇ်
- (င) လူမျိုးနှင့်ကိုးကွယ်သည့်ဘာသာ
- (စ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သော ခုနှစ်၊ ခုံအမှတ်၊ မြို့နယ်၊ တိုင်း၊ ဘာသာရပ်အလိုက် ရရှိသည့်အမှတ်စာရင်းနှင့် စုစုပေါင်းအမှတ်
- (ဆ) အဘအမည်နှင့်အလုပ်အကိုင်
- (ဇ) အမိအမည်နှင့်အလုပ်အကိုင်
- (ဈ) နေရပ်လိပ်စာအပြည့်အစုံ
- (ည) ဆက်သွယ်ရန်စကားပြောကြေးနန်းအမှတ်နှင့်နေရပ်လိပ်စာ

၆။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်။
- (က) လိုင်စင်ဓာတ်ပုံ(၂)ပုံ၊
- (ခ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း သက်ဆိုင်ရာပြည်နယ်၊ တိုင်း၊ မြို့နယ်ပြည်သူ့ရဲတပ်ဖွဲ့စခန်းတစ်ခုခုမှ ထောက်ခံစာမူရင်း၊
- (ဂ) မိမိအောင်မြင်ခဲ့သော အခြေခံပညာအထက်တန်းကျောင်းမှ တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်ကြောင်း ကျောင်းအုပ်ကြီးကိုယ်တိုင် လက်မှတ်ရေးထိုးသည့် ထောက်ခံစာမူရင်းတင်ပြရမည်။ ယင်းထောက်ခံစာတွင် ကျောင်းတံဆိပ်ရိုက်နှိပ်ထားသော ဓာတ်ပုံပါရှိရမည်။
- (ဃ) တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သည့် ဘာသာရပ်အလိုက် အမှတ်စာရင်းမူရင်း၊ (မြန်မာနိုင်ငံစာစစ်အဖွဲ့မှထုတ်ယူရန်)
- (င) မိဘနှစ်ပါးစလုံးနှင့် မိမိကိုယ်တိုင် ပြည်ထောင်စုမြန်မာနိုင်ငံသားဖြစ်ကြောင်း ကတိခံဝန်ချက်၊ (နိုင်ငံသားစိစစ်ရေးကတ်မိတ္တူများ ပူးတွဲတင်ပြနိုင်ရမည်)
- (စ) ပဏာမအဆင့် ရွေးချယ်ခြင်းခံရသော သင်တန်းသားများသည် ရေကြောင်းပညာသိပ္ပံ၏ စီစဉ်မှုဖြင့် ဆေးစစ်ပြီး၍ ပြန်လည်သတင်းပို့သည့်အခါ မြန်မာနိုင်ငံစာစစ်အဖွဲ့၏ တက္ကသိုလ်ဝင်စာမေးပွဲအောင်လက်မှတ်မူရင်းနှင့် မိတ္တူတင်ပြရမည်။ သတ်မှတ်သည့်ရက်တွင် မတင်ပြနိုင်ပါက ရွေးချယ်ခြင်းခံရသော ပဏာမစာရင်းမှ ပယ်ဖျက်ခြင်းခံရမည်။

၇။ သတ်မှတ်ထားသည့်အချက်အလက်များကို တိကျပြည့်စုံစွာရေးသားဖော်ပြခြင်းမပြုသော လျှောက်လွှာများ၊ မမှန်မကန်ဖြည့်စွက်ရေးသားဖော်ပြထားသော လျှောက်လွှာများနှင့် အချိန်မီမရောက်ရှိသော လျှောက်လွှာများအား စဉ်းစားမည်မဟုတ်ပါ။

၈။ လျှောက်ထားသူသည် အစိုးရဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားကြရမည်။ သက်ဆိုင်ရာဌာနမှတစ်ဆင့် လျှောက်ထားခြင်းမရှိသူများအား ရွေးချယ်ခြင်းခံရစေကာမူ ရွေးချယ်ခြင်းမှပယ်ဖျက်မည်။

၉။ ရွေးချယ်ခံရသူများသည် သင်တန်းတက်နေစဉ်အတွင်း သင်တန်းကြေး၊ အဆောင်ကြေး၊ ဝတ်စုံစရိတ်နှင့် လစဉ်စားစရိတ်အစရှိသည်တို့ကို ကိုယ်တိုင်ကျခံရမည်။

၁၀။လျှောက်လွှာနှင့်အတူပူးတွဲပေးပို့သော စာရွက်စာတမ်းများကို ပြန်လည်ပေးပို့ခြင်း၊ ရွေးချယ်ခြင်းမခံရသူများထံသို့ မရွေးချယ်ကြောင်း ပြန်ကြားခြင်းပြုမည်မဟုတ်ပါ။ မိမိတို့လျှောက်လွှာတင်သည့် ရေကြောင်းပညာသိပ္ပံတွင် ရွေးချယ်ခြင်းခံရသည်/မခံရသည်ကို ချိန်းဆိုထားသည့်နေ့တွင် စုံစမ်းမေးမြန်းနိုင်သည်။

၁၁။သင်တန်းတက်ရောက်ရန် ရွေးချယ်ခြင်းခံရပြီး သင်တန်းတက်ရောက်နေစဉ်အတွင်း အခြားသင်တန်းတစ်ခုပြောင်းတက်ရန်အတွက် ဤသင်တန်းမှ နှုတ်ထွက်ခွင့်ပြုမည်မဟုတ်ပါ။

၁၂။သင်တန်းကိစ္စရပ်များကို အသေးစိတ်သိလိုပါက ရေကြောင်းပညာသိပ္ပံ၊ သင်တန်းဌာန၊ တယ်လီဖုန်းအမှတ်(၅၃၆၁၆၆/၅၃၆၁၃၈/၅၃၉၄၆၄/၅၃၉၄၆၅၊ လိုင်းခွဲ-၁၂၀)တွင် စုံစမ်းမေးမြန်းနိုင်သည်။

ကျောင်းအုပ်ကြီး
ရေကြောင်းပညာသိပ္ပံ။

ရွှေရတုမြောက်မွေးနေ့နှင့် ငွေရတုမြောက် မင်္ဂလာဆုတောင်း

မိသားစုအပေါ် တာဝန်ကျေပွန်သော ချစ်ဖေဖေ နိုင်ငွေရ(တရားရုံးချုပ်ရှေ့နေ)၏ (၆-၉-၂၀၀၄)နေ့တွင် ကျရောက်သော ရွှေရတုမြောက် မွေးနေ့မင်္ဂလာနှင့် ချစ်ဖေဖေ နိုင်ငွေရနှင့် ချစ်မေမေ ဒေါ်လှလှသန်းတို့၏ ၆-၉-၂၀၀၄နေ့တွင် ကျရောက်သော ငွေရတုမြောက် မင်္ဂလာရက်မြတ်မှသည် ချစ်သောမိသားစုနှင့်အတူ ကိုယ်စိတ်နှစ်ပါး ပျော်ရွှင်ချမ်းမြေ့စွာဖြင့် သက်ဆုံးတိုင်နေထိုင်နိုင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလျက်။

ချစ်ဇနီး - ဒေါ်လှလှသန်း
သမီးကြီး - ငွေသော်တာထွန်း B.A, Dip in IT
သားကြီး - နေဇော်ထွန်း First Year (Geology)
သားငယ် - နေမင်းထွန်း Final Year (Physics)
သမီးငယ် - ငွေပြည့်ဖြိုး Grade XI (C) အထက(၂)လသာ

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်
တတိယအကြိမ် ဘွဲ့နှင်းသဘင်ခေါ်ယူခြင်း

ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ်မှ ကျင်းပခဲ့သော ဝိဇ္ဇာဘွဲ့သင်တန်း အောင်မြင်ကြသူများအတွက် တတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကို အောက်ပါအတိုင်း ကျင်းပမည်ဖြစ်ပါသည်။

ကျင်းပမည့်နေ့	- ၃၁-၁၀-၂၀၀၄ (တနင်္ဂနွေနေ့)
ကျင်းပမည့်နေရာ	- ဘွဲ့နှင်းသဘင်ခန်းမ(ရန်ကုန်တက္ကသိုလ်)
ကျင်းပမည့်အချိန်	- (၀၉:၀၀)နာရီ
ဘွဲ့နှင်းသဘင်ကြေး	- ၁၅၀၀ိ(ကျပ်တစ်ထောင့်ငါးရာတိတိ)
အဝေးရောက်ဘွဲ့ကြေး	- ၁၀၀၀ိ(ကျပ်တစ်ထောင်တိတိ)
အစမ်းလေ့ကျင့်မည့်ရက်အချိန်	- ၃၀-၁၀-၂၀၀၄(စနေနေ့) (၁၀:၀၀)နာရီ
လျှောက်လွှာလက်ခံမည့်ရက်	- ၁-၉-၂၀၀၄မှ ၃၀-၉-၂၀၀၄ရက်နေ့အထိ သတ်မှတ်လျှောက်လွှာပုံစံဖြင့် လျှောက်ထားရန်၊

(၁) မှတ်ပုံတင်မိတ္တူကို လျှောက်လွှာတင်သည့်ရက်တွင် ယူလာရပါမည်။
(၂) ဝိဇ္ဇာဘွဲ့ (၁၉၉၈ အခြေခံပညာအထက်တန်းအောင်အသုတ် နိုင်ငံခြားသားအပါအဝင်) ၂၀၀၄ခုနှစ် ဇူလိုင်လအောင် ကျောင်းသား၊ကျောင်းသူများ။
(၃) ဒီပလိုမာ အချိန်ပြည့် (၂၀၀၄ ခုနှစ်၊ ဩဂုတ်လအောင် ကျောင်းသား၊ ကျောင်းသူများ၊ နိုင်ငံခြားသားအပါအဝင်)
(၄) မဟာဝိဇ္ဇာဘွဲ့ (၂၀၀၄ခုနှစ် ဩဂုတ်လအောင် ကျောင်းသား၊ကျောင်းသူများ)
(၅) ဒီပလိုမာ (၁၉၉၇ မှ ၂၀၀၃ထိ) အောင်မြင်ပြီးသူများသည် အဝေးရောက်ဘွဲ့အတွက်သာ လျှောက်ထားနိုင်သည်။
(၆) ဘွဲ့ဝတ်စုံငှားရန် ထောက်ခံစာကို (၂၅-၁၀-၂၀၀၄) (တနင်္လာနေ့)မှစ၍ ရန်ကုန်နိုင်ငံခြားဘာသာတက္ကသိုလ် ဘွဲ့နှင်းဌာနတွင် ထုတ်ပေးပါမည်။
(၇) ဘွဲ့နှင်းသဘင်တက်ရောက်မည်ဟု တင်သွင်းပြီး တက်ရောက်ရန် ပျက်ကွက်ပါက ဘွဲ့လက်မှတ်ကို အဝေးရောက် ဘွဲ့လက်မှတ်များ ထုတ်ပေးသည့် အချိန်မှသာ ထုတ်ပေးပါမည်။
(၈) အသေးစိတ်ကို ဘွဲ့နှင်းသဘင်ဌာနတွင် စုံစမ်းနိုင်ပါသည်။

ကြည်ကြည်ဆွေ
မော်ကွန်းထိန်း
စာမေးပွဲနှင့် ဘွဲ့နှင်းဌာနခွဲ။

ရေချိုပုစွန်မွေးမြူရေးအခြေခံသင်တန်း

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၊ ငါးလုပ်ငန်းဦးစီးဌာန၊ မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း တို့ပူးပေါင်းဖွင့်လှစ်မည့် ရေချိုပုစွန်မွေးမြူရေးအခြေခံသင်တန်း တက်ရောက်ခွင့် လျှောက်လွှာခေါ်ယူခြင်း-

သင်တန်းစတင်ဖွင့်လှစ်မည့်ရက်-၂၀၀၄၊ စက်တင်ဘာနောက်ဆုံးပတ်
သင်တန်းဖွင့်လှစ်မည့်နေရာ- မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်ရုံး၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။
လက်ခံမည့်သင်တန်းသားဦးရေ- (၅၀)ဦး
လျှောက်လွှာစတင်လက်ခံမည့်ရက်- ၇-၉-၂၀၀၄
လျှောက်လွှာပိတ်မည့်ရက်- ၁၆-၉-၂၀၀၄
ဆက်သွယ်ရန်လိပ်စာ- မြန်မာနိုင်ငံပုစွန်လုပ်ငန်းရှင်များအသင်း၊ အမှတ်(၆၉)၊ ဒုတိယထပ်၊ (၂၉-အေ/ဘီ)၊ ယုဇနတာဝါ၊ ကမ္ဘာအေးစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၀၁-၅၅၉၈၄၉
E-mail:fish-fed@mff.com.mm.

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး၊ အင်ဂျင်နီယာဌာန
(အခြေစိုက်အလုပ်ရုံ-၃၊ မရမ်းကုန်း)

အခြေစိုက်အလုပ်ရုံအမှတ်(၃)တွင် ဖွင့်လှစ်သော အမျိုးသား၊ အမျိုးသမီး အခြေခံယာဉ်မောင်းသင်တန်းကို ၄-၁၀-၂၀၀၄နေ့တွင် ဖွင့်လှစ်ပါမည်။ ၁၃-၉-၂၀၀၄နေ့မှစ၍ စာရင်းပေးသွင်းနိုင်ပါသည်။

အင်ဂျင်နီယာမှူးများနှင့် ဝါရင့်နည်းပြဆရာများမှ သင်ကြားပေးပါသည်။ သင်မောင်းလိုင်စင်နှင့် (ခ)လိုင်စင်ရရှိရေးအတွက် ကူညီဆောင်ရွက်ပေးပါသည်။

သင်တန်းသားဦးရေကန့်သတ်ထားပါသည်။ ၎င်းအပြင် အခြေခံလျှပ်စစ် ဂဟေဆက်သင်တန်း၊ အင်ဂျင်ထိန်းသိမ်းပြုပြင်မှုသင်တန်း၊ တွင်ခုံသင်တန်းများကို ၆-၁၀-၂၀၀၄နေ့တွင် စတင်ဖွင့်လှစ်ပါမည်။ အင်ဂျင်နီယာမှူးများနှင့် ဝါရင့်ပညာရှင်များမှ စာတွေ့/လက်တွေ့ကို အနီးကပ်ကြီးကြပ်ပို့ချပေးမည်ဖြစ်ပါသည်။

ဆက်သွယ်ရန်- ပြည်လမ်း၊ (၈)မိုင်လမ်းဆုံနှင့် မြို့ပြဟောဝန်ပန်းခြံအနီး၊ မရမ်းကုန်းမြို့နယ်၊ ဖုန်း-၆၆၀၈၅၁။



ပြည်ထောင်စုမြန်မာနိုင်ငံတော်
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့

ရက်စွဲ၊ ၂၀၀၄ခုနှစ် ဩဂုတ်လ ၂၅ရက်

ချိပ်ပိတ်ဈေးနှုန်းလွှာများခေါ်ယူခြင်း

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ လုပ်ငန်းသုံးအတွက် အောက်ဖော်ပြပါပစ္စည်းများကို ဌာနအရောက်ကျပ်ငွေဖြင့် ပေးချေဝယ်ယူရန် ချိပ်ပိတ်ဈေးနှုန်းလွှာများဖိတ်ခေါ်ပါသည်-

(က) စက်ယန္တရားအရန်ပစ္စည်းများ
(ခ) ရေတွန်းစက်အရန်ပစ္စည်းများ

ဈေးနှုန်းလွှာပိတ်ရက်မှာ ၁၆-၉-၂၀၀၄နေ့ (၁၆:၀၀)နာရီဖြစ်ပြီး ဈေးနှုန်းတင်သွင်းလွှာပုံစံတစ်စုံလျှင် ကျပ်၁၀၀၀/-(ကျပ်တစ်ထောင်တိတိ)နှုန်းဖြင့် ဘတ်ဂျက်နှင့်ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရောင်းချရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ်-၂၈၂၅၃၄၊ ၂၄၈၁၁၂(လိုင်းခွဲ)၂၃၅တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

ဥက္ကဋ္ဌ
ပစ္စည်းဝယ်ယူရောင်းချရေးအဖွဲ့။

ရောင်းမည်

လက်ရှိအသုံးပြုဆဲ
(၁) ကော်ကရင်ဘွိုင်လာ
(၂) 11' တန်ဂျီ အင်ဂျင်
၀၄၂-၂၁၈၄၁
၀၉-၅၀-၂၁၅၄၉။

အိမ်ရောင်းမည်(ပွဲစားမလို)

တောင်ဒဂုံဂိတ်ဟောင်းအနီး (၁၉)ရပ်ကွက်၊ အောင်ဆုပန်လမ်း၊ ၄၁'x၆၀'၊ ဂရန်၊ မီး+ အိမ် အသင့်နေ (ညှိနှိုင်းဈေး) **ဖုန်း-၅၇၇၉၃၀။**



NEW MOTION TRAVELS CO., LTD.

Air Bag, Aircon Bus, Standard Hotel, Restaurant, Medical Care, Guide Service

Sept ; 9, 23 Oct ; 14, 28

Sept ; 28

Ph : 725 799, 537 024

MT&K Tourism Co., Ltd.

09-3043015, 09-5006937

အိမ်ငှားမည်

ပေ၂၀X ပေ၆၀၊ ပျဉ်ထောင်အိမ်၊ ရေမီးစုံ သစ္စာလမ်းမကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ စီးပွားရေးလုပ်ငန်းအတွက်ကောင်း၊ (ပွဲစားမလို)။

ဖုန်း-၅၆၀၂၀၄။

အမည်ပြောင်းခြင်း

ဦးခင်မောင်လှ၏သား အထက (၂)၊ တာမွေ၊ ပဉ္စမတန်း(B)မှ မောင်စောလတ်ဝင်းအား ကျော်ဇင်ဟိန်းဟုလည်းကောင်း၊ အထက(၂)တာမွေ၊ ဒုတိယတန်း(A)မှ မောင်မျိုးဝင်းသန်းအား ကျော်စည်သူဟိန်းဟုလည်းကောင်း ပြောင်းလဲခေါ်ပါရန်။

အမည်ပြောင်းလဲခြင်း

ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ အထက (၁)၊ ဒသမတန်း(ဘီ)မှ ဦးသန်းဝင်း(ခ) ဦးသန်းထွင်၏သမီးဖြစ်သူ မဆုမြတ်မွန်အား ယနေ့မှစ၍ မဆုနွယ်ဦးလှိုင်ဟု ပြောင်းလဲခေါ်ပါရန်။

ရောင်းရန်

၁။ John Robinson (England) (၁)လုံး၊လျှာထိုးခုံ(လက်ရှိအသုံးပြုနေသည်)

၂။ 36" Japan Band Saw (၁)လုံး(Mari-godown) With coveyor လက်ရှိအသုံးပြုနေသည်။ **ဖုန်း-၀၉၈၀-၂၁၃၇၄။**

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မိတ္ထီလာမြို့၊သာယာကုန်း(၁)နေ ဦးခင်မောင်ကြီး၏သား မောင်ခွန်စန်းဦး (ခ)ကိုသားကြီး [၉/မထလ(နိုင်)၂၁၅၀၂၅]သည်မိဘစကားကိုနားမထောင်ဘဲ ၁၂-၈-၂၀၀၄ရက်နေ့တွင် အိမ်မှဆင်းသွားပါသဖြင့် ယင်းနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သည့်ကိစ္စများ တာဝန်မယူပါ။

ဦးခင်မောင်ကြီး၊ ဒေါ်ကျင်စန်းမင်း။

စားပွဲနှင့်ကုလားထိုင်များ ငှားရန်

အလှူ၊ ထိမ်းမြားမင်္ဂလာ၊ အစည်းအဝေး အခမ်းအနားများတွင် ခေတ်မီ ပလတ်စတစ်စားပွဲနှင့် ကုလားထိုင်များ ဈေးနှုန်း သက်သာစွာဖြင့် ငှားရမ်းနေပါသည်။ နံနက် ၉:၃၀နာရီမှ ညနေ ၄:၃၀နာရီအတွင်း ဆက်သွယ်နိုင်ပါသည်။

၂၂၈၊ သိမ်ဖြူလမ်း၊ ဗိုလ်တထောင်မြို့နယ်၊ ဖုန်း-၂၄၅၆၄၅။

အမေတစ်ယောက်ရဲ့လက်ရာနဲ့မခြား စားချင့်စဖွယ် အိမ်ထမင်းဟင်းရဲ့ ကောင်းသတင်းကို လက်ဆင့်ကမ်းပေးသော စားသုံးသူမိတ်ဆွေများ စံပြဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၊ Today Groupနှင့် Co.,Ltd.များအား

အမေ့အိမ် ထမင်းချိုင့်မှ

ကျေးဇူးတင်ရှိပါသည်။

ဖုန်း -၅၇၁၅၄၇၊ ၅၇၈၈၂၀၊ ၀၉၅၀၁၇၅၅၁။

ဝမ်းဗိုက်နှင့်ဗိုက်ငှလက်မအထက် အဆီကျလိုပါသလား?

Queen's Rose

BODY FITNESS CENTRE

542613, 09-80-25264

Career Opportunity
(For Local Service Only) Kyats
Urgent Requirement

Our Company is now urgently looking for the qualified employee in the trading fields for the following posts.

I . Administration Department

1. Deputy Manager **(1) Post/Female**
   - MBA/DMA
   - must have good command in English
   - Able to operate office automation
   - At least 3 years Experience

II. Administration Department

1. Executive **(1) Post/Male**
   - Age 30-35 Years
   - Good Command in communication and dealing
   - Able to operate office automation

III. Logistic Department

1. Assistant Manager (Cargo & Clearance) **(1) Post/Male**
   - BE/AGTI (Mechanical Power or EP)
   - Age 30-35 years

IV. Project Development Department

1. Assistant Manager **(1) Post/Male**
   - BE(Mechanicel)
   - must have good command in English
   - Able to operate office automation
   - At least 3 years working experience in the related field.

V. Marketing Department

1. Marketing Executive **(1) Post/Male**
   - BE/AGTI (EP)
   - Age 30-35 years
   - At least 3 years experience in techinal field.
   - Able to operate office automation

All position require a good command of both spoken & written English and Computer literate as compulsory.

To be attached with C.V in details of experience, qualifications, contact telephone number with recent photograph, labor registration card and recommendation of good characters & free from criminal record by 10 th Sept 2004 latest attention to 'Manager, Admin Department, 22(A), Kaba Aye Pagoda Road, Bahan Township, Yangon.'

Please contact the following Telephone Number within 16 th Sept to 17 th Sept 2004 for personal interview. Ph No, 543443, 541533, 558672 Ext:(0,34).

LIVING COLOR

The VOICE Weekly

1.Assistant General Manager
- MBA / DMA

2.Admin / HR Manager

3.Chief Accountant
- B.Com, CPA ACCA
- Computerized Accounting

4.Assistant Sales & Marketing Manager
- ICT Electronics
- IT Diploma

5.Sales & Marketing Executive
- ICT Electronics
- IT Diploma

6.Sales Engineer
- ICT Electronics
- IT Diploma

7.Accountant
- B.Com LCCI Level (III)

8. IPStar Engineer
- A.G.T.I (Electrical, Electronics)

9. Network Engineer
- IT Diploma
- Networking

10.Systems Engineer
- IT Diploma

11.Computer/ Systems Technician
- Computer

12. IPStar Technician
- Computer

13. Web Developer
- HTML, DHTML, ASP.Net, VB Script, JavaScript, Visual Studio.net 2003, Dreamweaver, Flash, Web Authoring tools

14. Web Designer
- Web themes, Design, Animation, Adobe Suit, Macromedia Flash

15.Lecturer
- MCP/ MCSE/ A+ Certified/ CCNA
- Certificate

16.Office Staff

17. Driver

BLK-7, R-1, MICT Park, Hlaing Tsp, Yangon

ရုပ်မြင်သံကြားကြော်ငြာ ... ဖုန်း-၆၆၁၅၁၆ ၊ ၆၆၃၅၉၆

GRACE TRAINING AND SERVICE CENTRE

SHORE JOBS PROFESSIONAL

6.9.04 11:00 1:00

707956

အလှစိုက်၊ အပြစိုက်၊ အရစိုက် သူများအတွက် အမျိုးမှန် အသီးမြန်မည့်

- ၁၂ ရာသီပိန္နဲ (၁၈လနှင့်သီး)
- သုံးရာသီ ပျားလိမ္မော်
- မာလကာ(ကီလို၊ အစေ့မှည့်၊ ပန်းနုရောင်)
- သရက်၊ ကျွဲကော(ပြည်တွင်း၊ ပြည်ပ)
- အသင့်စိုက်ပြီး ဥယျာဉ်ခြံများ (စီးပွားဖြစ် အရစိုက်သူများအတွက် အထူးနှုန်း)

ဘဝမြှင့်ပေး "ဝင်း" စိုက်ပျိုးရေး

မြောင်းတကာ စံပြကျေးရွာ၊ မှော်ဘီမြို့နယ်၊ တာဥကျေးရွာ၊ တိုက်ကြီးမြို့နယ်၊ ရန်ကုန်တိုင်း။

ဖုန်း-၆၈၀၁၇၂၊ ၆၈၁၁၁၇၊ ၀၉-၅၀၀ ၂၂၁၅

လူနဲ့ အရက်

ဦးကြည် (၈၁)နှစ်

(ကံခင်းမြို့)

ကံခင်းမြို့၊မြို့မရပ်နေ (ဦးအင်းတင်–ဒေါ်သန်း)တို့၏သားကြီး၊ ကိုအေးမင်း–မမာမာ၊မသင်းသင်းရည်၊မမွေးမွေးကြည်တို့၏ဖခင်၊ (ဒေါ်မြသွင်)၏ခင်ပွန်း၊ (ဒေါ်ကျင်ရွှေ)ဦးစိန်–ဒေါ်ခင်စန်း၊ ဦးချင်းစိန်–ဒေါ်သန်းစိုး၊(ဦးပိုးဟုတ်)–ဒေါ်ခင်တီ၊ တိုင်းရင်းဆေးညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်၊ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင်တင်ထွေး၊ ဦးသိန်းအောင်–ဒေါ်တီတီဝင်းတို့၏အစ်ကိုကြီး ဦးကြည်သည် ၄–၉–၂၀၀၄ရက်ညနေ ၃နာရီတွင် ကံခင်းမြို့၌ ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ရက်တွင် ကံခင်းမြို့၌ သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများအား သိစေအပ်ပါသည်၊

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည်
အသက်(၈၁)နှစ်

(ကံခင်းမြို့)

တိုင်းရင်းဆေးပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တိုင်းရင်းဆေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင်တင်ထွေးတို့၏ အစ်ကိုကြီးဖြစ်သူ ဦးကြည်၊ အသက်(၈၁)နှစ်၊ ကံခင်းမြို့သည် ၄–၉–၂၀၀၄ ရက်တွင် ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

တိုင်းရင်းဆေးကောင်စီ။

ဝမ်းနည်းကြေကွဲခြင်း
ဦးကြည် (၈၁)နှစ်

(ကံခင်းမြို့)

တိုင်းရင်းဆေးပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဦးသိန်းဆွေ–ဒေါ်တင် တင်ထွေးတို့၏အစ်ကိုကြီးဖြစ်သူဦးကြည် အသက်(၈၁)နှစ်ကံခင်းမြို့သည် ၄–၉–၂၀၀၄ရက်တွင်ကွယ်လွန်သွားသည့်အတွက် မိသားစုနှင့်ထပ်တူဝမ်းနည်းကြေကွဲရပါကြောင်း။

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း။

ဘုရား၊ရဟန်း၊ကျောင်း ဒါယကာကြီး
ဦးရင်မြင့်(ခ)အကျုတ်ကူ
အသက်(၇၂)နှစ်

(ဒေးဒရဲ)

ရန်ကုန်မြို့၊လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊အမှတ်(၄၉)နေ (ဦးစံ–ဒေါ်တင်ကြည်)တို့၏သား၊ (ဒေါ်ကျင်နိုင်)၏ခင်ပွန်း၊ ကိုမြင့်နိုင်–မနွယ်နွယ်၊ ကိုရဲနိုင်–မခင်သီတာမိုး၊ မနီလာ–ကိုသန်းစိန်၊ မသန္တာ–ကိုပြုံးနိုင်၊ မသီတာ၊မသီဂီမြင့်–ကိုဝင်းထွင့်တို့၏မွေးသဖခင်၊ မြေးရှစ် ယောက်တို့၏အဘိုးသည် ၄–၉–၂၀၀၄ ရက်နံနက်၂နာရီတွင် ၁၅လမ်းနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၆–၉–၂၀၀၄ ရက်နံနက်၁၁နာရီတွင်နေအိမ်မှ ရေဝေးသုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်ပါ မည်။ (နေအိမ်မှကားများ နံနက်၉း၄၅ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ကျောင်း ဒါယကာ
ဦးဖိုးထောင်(၁၀၂)နှစ်

(တောင်ကြီး)

တောင်ကြီးမြို့နေ (ဒေါ်အေးစိန်)၏ခင်ပွန်း၊ ဦးပြအေး–ဒေါ်သန်းရွှေ၊ ဦးကြီးညို–ဒေါ်လုံး၊ ဦးဖိုးစိ–ဒေါ်သန်းမေ၊ ဦးချစ်ရီ–ဒေါ်စန်းရီ၊ ဦးမောင်နီ–ဒေါ်ရွှေချည်၊ (ဦးစံဝင်း)–ဒေါ်ဝင်းတို့၏ ချစ်လှစွာသောဖခင်၊ မြေး၃၁ယောက်၊ မြစ် ၃၃ ယောက်၊ တီတစ်ယောက်တို့၏ အဘိုးသည် ၄–၉–၂၀၀၄ရက် ည ၁၀း၅၀နာရီတွင် နေအိမ်၌ ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ ရက် မွန်းလွဲ ၂နာရီတွင် တောင်ကြီးမြို့ တိုင်းရင်းသားပေါင်းစုံ သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊
ကျောင်းဒါယိကာမကြီး
ဒေါ်တလုတ်မ (ခ)
ဒေါ်ငွန်လန်း

(ကျုံတနီး)

အသက် (၉၂)နှစ်

ဧရာဝတီတိုင်း၊ ဓနုဖြူမြို့နယ်၊ ကျုံတနီးရွာနေ (ဦးအဝေး–ဒေါ်စိန်ညွှန့်)တို့၏သမီး၊ (ဦးဘိုးတုတ်)၏ ဇနီး၊ ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၁၁)ရပ်ကွက်၊ လမ်းသစ်ရိပ်သာ တိုက် ၈၊ အခန်း ၅ နေ ဦးစိန်ကြည်–ဒေါ်ခင်လှတို့၏မိခင်၊ ဦးတင်အောင်ဝင်း၊ ဒေါ်ခင်အေးမူ (ဗိုလ်ချုပ်ဈေးသစ်)တို့၏ အဘွား၊ မခင်ချိုချိုဆင့်၏ ဘွားဘွားကြီးသည် ၅–၉–၂၀၀၄ရက်တွင် အထက်ပါ နေအိမ်၌ ကွယ်လွန်သွားပါ၍ ၇–၉–၂၀၀၄ (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ထိန်ပင် အအေးတိုက်မှ ထိန်ပင် သုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးအောင်စိန် (၆၅)နှစ်

ရဲတပ်ကြပ်ကြီး(ငြိမ်း)

(မုဒုံ)

မွန်ပြည်နယ်၊ မုဒုံမြို့နယ်နေ (ဦးရွှေခိုင်–ဒေါ်အေးမြိုင်)တို့၏ သားကြီး၊ ဦးငွေထွန်း–ဒေါ်ညွှန့်ညွှန့်တင်တို့၏ ညီ/မောင်၊ ဒေါ်ခင်သန်း(မုဒုံ)၊ (ဦးချစ်ဟန်)၊ (ဦးအေးကို)တို့၏ အစ်ကိုကြီး၊ (ဒေါ်တင်ရွှေ)၏ ခင်ပွန်း၊ ရဲတပ်ကြပ်ကြီးစိုးလွင်–မသီတာဦး၊ ကိုကိုအောင်–မမာလာဦး၊ ကိုမျိုးအောင်၊ ကိုမျိုးဇော်ဦး–မနီလာဝင်း၊ မသူဇာအောင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုးသည် ၄–၉–၂၀၀၄ ရက်တွင် ရန်ကုန်မြို့၊ အခန်း(၁)၊ တိုက်(၃)၊ ဘိုးရာဇာလမ်း၊ (၉)ရပ်ကွက်၊ လမ်းမတော်မြို့နယ်နေအိမ်၌ ကွယ်လွန်ပါ၍၈–၉–၂၀၀၄ရက် မွန်းလွဲ ၁ နာရီတွင် ထိန်ပင်သုသာန်သို့ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းတို့အား သိစေအပ်ပါသည်။ (နေအိမ်မှ ကားများ နံနက် ၁၁း၃၀နာရီ ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

အလ္လာသျှင်မြတ်အမိန့်တော်ခံယူခြင်း
ဟာဂျီမဒေါ်တီ(မော်လမြိုင်)
အသက်(၇၈)နှစ်

ရန်ကုန်မြို့၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ ၁၂၅လမ်း၊အမှတ်(၄၃)နေ(ဦးဘာရစ်)၏ ဇနီး၊ ဦးသန်းနိုင်၊ ဒေါ်ချိုလှိုင်ဝင်း၊ ဟာဂျီဦးသောင်းညွှန့်၊ ဦးခင်မောင်–ဒေါ်ကြူကြူ၊ ဦးတင်ထွန်း–ဒေါ်ခင်ဝင်း၊ ဦးခင်မောင်တင့်–ဒေါ်မာမာလွင်၊ ဦးကျော်ရဲသွင်–ဒေါ်သက်သက်မာ၊ ဒေါ်အေးအေးမော်၊ ဒေါ်ငွေငွေမော်(ရန်ကုန်တိုင်းစက်မှုဦးစီးဌာန)၊ဦးခင်မြင့်–ဒေါ်ဝင်းဝင်းမော်၊ ဦးကျော်စိုးမိုးတို့၏ ချစ်လှစွာသောမိခင်၊ မြေး ၂၆ယောက်၊ မြစ်လေးယောက်တို့၏အဘွားသည် ၅–၉–၂၀၀၄(တနင်္ဂနွေနေ့)ည ၆း၄၅နာရီ တွင် အလ္လာသျှင်မြတ်အမိန့်တော် ခံယူသွားပါ၍ ၆–၉–၂၀၀၄ (တနင်္လာနေ့) ညနေ ၃နာရီတွင် ရေဝေးစွန်နီမွတ်စလင် ကဘာရ်စတန်၌ ဒါဖနာပြုလုပ်မည် ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးနေဆွေမျိုး မိတ်သင်္ဂဟတို့အား အကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူသား၊သမီးများ။

အရာခံဗိုလ်ချစ်တင်(ငြိမ်း)
အသက်(၇၆)နှစ်

အုပ်ချုပ်ရေးမှူး(ငြိမ်း)၊မြို့တော်စည်ပင်

ကျိုက်ထိုမြို့၊ ကျိုက်ပိကျေးရွာနေ (ဦးဘိုးရုံး–ဒေါ်အေးရင်)တို့၏ သား၊ ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘူတာရုံလမ်း၊ ခြံအမှတ်(၁)နေ (ဒေါ်လှရွှေ)၏ခင်ပွန်း၊ ဒေါ်မြနွဲ့၊ ဦးစန်းဦး–ဒေါ်တင်တင်ငွေ၊ ဦးအောင်နိုင်–ဒေါ်ခင်သီတာ၊ ဦးသန်းနိုင်(လက်ထောက်ညွှန်ကြားရေးမှူး၊ စစ်ကိုင်းတိုင်း၊ ထီးချိုင့်မြို့နယ်၊ နယ်စပ်စည်ပင်)၊ ဦးဝင်းမြင့်(ဌာနစုမှူး၊ မြေယာဌာန၊ မြို့တော်စည်ပင်)–ဒေါ်အေးအေးစံ၊ ဦးခင်ဇော်–ဒေါ်စိုးစိုးနွယ်တို့၏ မွေးသဖခင်၊ မြေးရှစ်ယောက်တို့၏ အဘိုးသည် ၅–၉–၂၀၀၄ (တနင်္ဂနွေနေ့) နံနက် ၇း၂၀ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ ကွယ်လွန်ပါ၍ ၇–၉–၂၀၀၄ (အင်္ဂါနေ့) ညနေ ၄ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်မြစိန်
အသက် (၇၂)နှစ်

ပဲခူးတိုင်း၊ လက်ပံတန်းမြို့၊ ဘီးလင်းတန်းရပ်ကွက်၊အမှတ်(၂)ကျောင်းလမ်းနေ (ဦးဘိုးရင်–ဒေါ်ညိမ်)တို့၏ သမီး၊ ဦးထွေးကြည် (MR၊ ငြိမ်း)၏ ဇနီး၊ ဦးတင်သိန်း (MR၊ ငြိမ်း)မန္တလေး၊ (ဦးသန်းကြွယ်)–ဒေါ်ကျင်ရွှေ၊ ဦးချစ်ဆွေ (MR၊ ငြိမ်း)၊ ဦးတင်သန်း [တကကစာရေး(ပ)ရန်ကုန်တိုင်းစစ်ဌာနချုပ်]–ဒေါ်မြင့်မြင့်တို့၏ အစ်မ၊ ဦးခင်မောင်အေး–(ဒေါ်သန်းသန်းဦး)၊ ဒေါ်တင်တင်ဦး၊ ဦးခင်မောင်ကြည် (MR) –ဒေါ်ခင်မာရွှေ(တောင်ညွှန့်ရထား)၊ ဦးမြင့်သိန်း(MR)–ဒေါ်မြမြစန်း (တောင်ညွှန့်ရထား)–ဦးဝင်းနိုင်စိုး (MR)–ဒေါ်စန္ဒာသိန်း(ပြည်မြို့)တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်နှစ်ယောက်တို့၏ အဘွားသည်၄–၉–၂၀၀၄(စနေနေ့)နံနက် ၇း၁၅ နာရီတွင် ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၁း၃၀ နာရီတွင် အနောက်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်စောရင်
အသက်(၈၅)နှစ်

(ညောင်လေးပင်)

ညောင်လေးပင်မြို့၊ မန္တလေးလမ်းနေ (ဦးရွှေအိ)၏သမီး၊ (ဦးကောက်)၏ ဇနီး၊ ဦးအေးသိန်း၊ ဒေါ်ဖြူဖြူခိုင်(အောင်သိဒ္ဓိဆေးဆိုင်၊ ညောင်လေးပင်)၊ (ဦးတင်မြင့်)၊ ဒေါ်လှသန်းရီ(ကြည့်မြင်တိုင်)၊ (ဒေါ်သန်းသန်းရီ)၊ ဦးမျိုးဝေ(MSTRD)၊ ဒေါ်အေးအေးသန်း(အထက–၁၊ဗဟန်း)၊ ဦးစိုးဝင်း–ဒေါ်မြင့်မြင့်သန်း (တက္ကသိုလ်စာရေးကိရိယာဆိုင်၊ ပျဉ်းမနား)၊ ဒေါ်ခင်မြင့်မြင့် (မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၊ ညောင်လေးပင်)၊ ဒေါ်စိုးစိုးမြင့်(အမှတ်–၂၊ သကြားစက်၊ ပျဉ်းမနား)တို့၏ မိခင်၊ မြေးရှစ်ယောက်တို့၏ အဘွားသည် ၄–၉–၂၀၀၄(စနေနေ့) ည ၉း၄၅နာရီတွင် ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (တိုက်–၁၁၇၊ အခန်း–၁၊ အရှေ့ရန်ကင်းနေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်စိန်ဝင်း(ခ)ဒေါ်ရီစီ
အသက်(၆၉)နှစ်

ရန်ကုန်မြို့၊ ဒဂုံဆိပ်ကမ်းမြို့နယ်၊ ယုဇနဥယျာဉ်မြို့တော်၊ အမှတ်(၃၀၂)၊ တိုက်(၁၈)၊ ၃လမ်း၊ အေ–တတိယ ထပ်နေ (ဦးလှဝင်း–ဒေါ်ကျော့)တို့၏ သမီး၊ (ဦးမြင့်စိုး)–ဒေါ်အေးမူ၊ (ဦးလှရှိန်)–ဒေါ်ခင်ဝင်းမြတ်(လသာ သ/မဦးစီးဌာန)တို့၏ အစ်မ၊ ကိုထွန်းထွန်းလင်း (ပန်းဘဲတန်း သ/မထွေစီးစု)၊ မမို့မာလာ၊ ဒေါက်တာ ဇော်ဝင်း–ဒေါက်တာအိဉ္စမ္မာ၊ ကိုရဲဆန်းဝဏ္ဏ–မနန်းမွန်(လားရှိုး ဆေးရုံကြီး)၊ကိုမြင့်ဆွေ–မစောစန္ဒာ၊မောင်ဇေယျာ၊ မမေယမုံ(ဆာကူရာဆေးခန်း)၊(မောင်အောင်ဆန်းဇေရာ)တို့၏ ချစ်လှစွာသောမိခင်၊ မြေးကိုးယောက်တို့၏အဘွားသည် ၅–၉–၂၀၀၄(တနင်္ဂနွေနေ့)တွင် ဆာကူရာ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါ၍ ၇–၉–၂၀၀၄(အင်္ဂါနေ့) နံနက် ၁၁ နာရီတွင်ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။

(နေအိမ်မှကားများ နံနက်၉း၃၀နာရီတွင်ထွက်ပါမည်။) ကျန်ရစ်သူမိသားစု။

ဘုရား၊ကျောင်း၊သိမ်၊
ရဟန်းဒါယကာကြီး
ဦးသန်းမြင့်
အသက်(၆၃)နှစ်

ကျောင်းအုပ်ဆရာကြီး(ငြိမ်း)

(ပြင်ဦးလွင်)

ပြင်ဦးလွင်မြို့နေ (ဦးအုန်းကျော်–ဒေါ်သိန်းတင်)တို့၏ သားကြီး၊ ပြင်ဦးလွင်မြို့နေ (ဦးလှဖေ–ဒေါ်အေးစု)တို့၏သားသမက်၊ ရန်ကုန်မြို့၊ တ/၇၇၊ မင်းရဲကျော်စွာလမ်း၊ (၃၈)ရပ်ကွက်၊ ဒဂုံမြောက်ပိုင်းနေ ဒေါ်သန်းသန်း၏ ချစ်လှစွာသောခင်ပွန်း၊ ကိုဝင်းနိုင်၊ မအေးအေးသက်၊ ကိုရန်မျိုးနိုင်–မမီမီခင်၊ ဒေါက်တာသန်းစိုးနိုင်၊ ကိုမျိုးချစ်– မခင်ချောစုလှိုင်တို့၏မွေးသဖခင်၊ မြေးသုံးယောက်တို့၏အဘိုး ဦးသန်းမြင့်သည် ၄–၉–၂၀၀၄(စနေနေ့) နံနက်၁၀နာရီတွင် ကွယ်လွန်သွားပါ၍ ၈–၉–၂၀၀၄ (ဗုဒ္ဓဟူးနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ရဟန်းဒါယကာကြီး
ဦးဟန်သိန်း
အသက်(၆၀)

စီးပွား/ကူးသန်းဝန်ကြီးဌာန(ငြိမ်း)

(မြောင်းမြ)

မြောင်းမြမြို့နေ (ဦးသွယ်သေး–ဒေါ်မမလေး)တို့၏သား၊ ဦးလှအောင်–ဒေါ်ခင်ထွေးတို့၏ သားသမက်၊ ရန်ကုန်မြို့၊ မြောက်ဥက္ကလာပမြို့နယ်၊ ဥဇ္ဇနာ (၁၁)လမ်း၊ (၄)ရပ်ကွက်၊ အမှတ် (၁၀၅)နေ ဒေါ်ခင်မာတင် (SATအထက–၄၊ မ/ဥက္ကလာ)၏ခင်ပွန်း၊ မောင်ဝင်းအောင်–မရတနာဟန်၊ မဝင်းပပဟန်တို့၏ ဖခင်၊ ဆုမြတ်နိုးအောင်၊ ဧဝတီအောင်၊ နှင်းရတီအောင်တို့၏ ချစ်လှစွာသောအဘိုးသည် ၅–၉–၂၀၀၄ (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၃၅နာရီတွင် ကွယ်လွန်ပါသဖြင့် ၇–၉–၂၀၀၄ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်တင်ကြည်(ခ)အုံအမ်ဖုံ
အသက်(၇၃)နှစ်

ရန်ကုန်မြို့နေ (ဦးအောင်ဘွန်ကျန်)–ဒေါ်စွန်နီတို့၏ သမီး၊ ရန်ကုန်တိုင်း၊ လမ်းမတော်မြို့နယ်၊ (၁၅)လမ်း၊ အမှတ် (၉၀)၊ ပထမထပ်နေ ဦးဟုတ်ကျွမ်း၏ဇနီး၊ ဦးထွန်းစန်–နန်းစန်းစန်းဝေ၊ မခင်သန်းဝေ၊ ဦးအောင်လင်း–မညွှန့်ညွှန့်ဝေတို့၏ မွေးသမိခင် ကျေးဇူးရှင်၊ မဖူးပွင့်သူ၏အဘွားသည် ၅–၉–၂၀၀၄ (တနင်္ဂနွေနေ့)တွင် ကွယ်လွန်သွားပါ၍ ၇–၉–၂၀၀၄ (အင်္ဂါနေ့) နံနက် ၁၁နာရီတွင် ရေဝေးအအေးတိုက်မှရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၉း၃၀တွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ခင်ဆွေ
(အထက်တန်းပြ)

အထက(၃)၊မြစ်ကြီးနားမှ ကျောင်းအုပ်ဆရာကြီး ဦးဘထွန်း၏ဇနီး ဒေါ်ခင်ဆွေ (အသက်၅၀)သည် ၃၁–၈–၂၀၀၄ရက်တွင် မြစ်ကြီးနားမြို့နေအိမ်၌ ကွယ်လွန်ကြောင်း သိရသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဗိုလ်မှူးရဲရင့်ဝင်း–ဒေါ်လှမြတ်သူ။

ဒေါ်မြတ်ညွှန့်
အသက်(၆၃)နှစ်

(ပျဉ်းမနား)

ပျဉ်းမနားမြို့နေ(ဦးဘကြည်–ဒေါ်ရွှေသိန်း)တို့၏သမီး၊ ရန်ကုန်မြို့နေ (ဦးခင်မောင်၊မြို့နယ်မှူး၊ငြိမ်း)၏ ချစ်လှစွာသော ဇနီး၊ ဒေါ်အတော်ကြီးစိန်၊ ဦးကျော်ရင် (လ/ထစက်ရုံမှူး၊ငြိမ်း) – ဒေါ်စန်းကြူ (ရေတာရှည်သကြားစက်)၊ ဦးကျော်ခင် (ထွေ/အုပ်၊ ဝက်လက်၊ ငြိမ်း)–ဒေါ်ခင်ဆွေတို့၏ ညီမ၊ (ဦးထွန်းကျော်)–ဒေါ်အေးအေးပြုံး(ကြယ်ငါးပွင့်)၊(ဗိုလ်ကြီးမျိုးကျော်ငြိမ်း)–ဒေါ်မာလာဝင်း၊ တည်းကုန်းအုတ်စက်ရုံ အမှတ်–၁)၊ ဒေါ်အမာကြည်(ဂျုံလုပ်ငန်းစက်ရုံ)၊ ဦးဝင်းမော်–ဒေါ်ကြည်ကြည်ဝေ (အထက–၂၊ ပျဉ်းမနား)၊ ဦးကျော်သန်း–ဒေါ်ကြည်ကြည်မြင့် (ရွှေအိုးကြီးစားတော်ဆက်၊ ပျဉ်းမနား)ဦးမြင့်ဝင်း(ပျဉ်းမနား သကြားစက်) – ဒေါ်ထွေးထွေးကြည်၊ ဦးစိုးသောင်း–ဒေါ်မော်မော်ကြည် (စက်မှု/စားကုန်)တို့၏အစ်မသည် ၄–၉–၂၀၀၄ (စနေနေ့)ည ၁၁နာရီတွင် တိုက်(၃၇၁)၊ အခန်း(၄) အနောက်ရန်ကင်း နေအိမ်၌ ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄(တနင်္လာနေ့) မွန်းလွဲ၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။(အထက်ပါနေအိမ်မှ ကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဆရာကြီးဦးဝင်းရှိန်
အသက်(၅၈)နှစ်

ကျောင်းအုပ်(အလက၊ကျားမား)သန်လျင်

ကျောက်တန်းမြို့၊ ဆင်ကန်ရပ်ကွက်၊ နေပြည်တော်လမ်းနေ (ဦးကြင်ရွှေ)–ဒေါ်အေးလှတို့၏သားကြီး၊ သန်လျင်မြို့၊ ဂြိုဟ်တုဆက်သွယ်ရေးဝင်းနေ ဒေါ်ကြူကြူတင် (အထက–၄၊သန်လျင်)၏ ခင်ပွန်း၊ ဒေါ်ညွှန့်မေ၊ ဦးကျော်ဝင်း–ဒေါ်စန်းနွဲ့၊ ဒေါ်သိန်းကြည်၊ ဒေါ်လှရွှေ၊ ဦးနေဝင်း၊ ဦးသိန်းဝင်း၊ ဦးကျော်အောင်ဝင်း–ဒေါ်အေးအေးစိုးတို့၏ အစ်ကိုကြီးသည် ၅–၉–၂၀၀၄ရက်တွင် သန်လျင်ဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၉–၉–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် သန်လျင်ဆေးရုံမှ ပျဉ်ထောင်ကျောင်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်ဝေ
အသက် (၄၃)နှစ်

မြင်းခြံမြို့၊ အမှတ်(၃)ရပ်ကွက်၊ အေးစေတီဘုရားအနီး (ဦးချို–ဒေါ်ခင်မြ)တို့၏သမီး၊လယ်ဝေးမြို့နယ်၊ သာဝတ္ထိမြို့နေ ဦးစိန်ဝင်း–ဒေါ်ခင်ဝင်းကြည်တို့၏ ညီမ၊ ဦးမြဝေ–ဒေါ်ခင်မာလွင် တို့၏ အစ်မ၊ ဦးထွန်းမြင့်အောင်၏ ဇနီး၊ ကိုမျိုးသန့်၊ ကိုသိန်းထိုက်တို့၏ မိခင် ဒေါ်ခင်ခင်ဝေသည် ၃–၉–၂၀၀၄ ရက် နံနက် ၁၁ နာရီတွင် ကွယ်လွန်သွားပါ၍ ၄–၉–၂၀၀၄ရက်တွင် မြင်းခြံမြို့၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း မိတ်သင်္ဂဟ အပေါင်းတို့အား အကြောင်းကြား သိစေအပ်ပါသည်။

ကျန်ရစ်သူမိသားစု။

ဘုရား၊သိမ်၊ကျောင်း၊ရဟန်းဒါယကာကြီး
ဦးသိန်းချစ်(ခ)ဦးချစ်
အသက်(၇၂)နှစ်

(သုံးခွ–ညောင်လန်းကုန်း)

ရန်ကုန်တောင်ပိုင်းခရိုင်၊သုံးခွမြို့နယ်၊ ညောင်လန်းကုန်းကျေးရွာနေ (ဦးကျော်ညွှန့်–ဒေါ်ကျေး)တို့၏သား၊ ညောင်လန်းကုန်းကျေးရွာနေ (ဦးပု–ဒေါ်စိန်ခင်)တို့၏ သားသမက်၊ ဒေါ်ညွှန့်ရင်၏ခင်ပွန်း၊ ကိုတင်သန်း–မနီ၊ ကိုစိန်လှ၊ ကိုကျင်ထွန်း–မမြသန်း၊ကိုတင်သောင်း–မငွေရီ၊ ကိုမြင့်စိန်–မခင်ခင်ငြိမ်း၊ကိုခင်ချို–မမိုး၊ မောင်မျိုးလွင်–မအေး၊ မောင်ဖြိုးဝေ–မခင်လတ်လတ်ဝင်းတို့၏ မွေးသဖခင်၊ မြေး ၁၀ယောက်တို့၏အဘိုးသည် ၅–၉–၂၀၀၄ရက်တွင် ကွယ်လွန်သွားပါ၍ ၇–၉–၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် (၂၉)၊ နံ့သာကုန်း၊ (၁)လမ်း၊ အုတ်ဖိုစုရပ်ကွက်၊ သန်လျင်မြို့ ဦးချစ်၏နေအိမ်မှ သန်လျင်မြို့၊ ပျဉ်ထောင်ကျောင်း သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပါမည်။(နေအိမ်မှ ကားများ မွန်းလွဲ၁၂း၃၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်သောင်းကြည်(ခ)
ဒေါ်သောင်း(၆၃)နှစ်

(ကညွတ်ကွင်း)

ပဲခူးတိုင်း၊ဖြူးမြို့နယ်၊ကညွတ်ကွင်းမြို့နေ (ဦးမောင်–ဒေါ်ပု)တို့၏သမီးကြီး၊ ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ စံပယ် လမ်း၊ အမှတ်၁၄နေ ဦးမဲ့၏ ဇနီး၊ (ဦးညွှန့်သန်း)၏ ညီမ၊ ဦးတင်ထွန်း၊ ဦးကျော်ငြိမ်း၊ဒေါ်မုန်းတို့၏ အစ်မ၊ ဦးစိုး လွင်–ဒေါ်သန်းသန်းမြင့်၊ Kevine Kline–မရီရီအေး(သူနာပြု)၊မောင်အောင်ဇော်ဝင်း၊ မောင်လှမိုး–မသန္တာဖြူ၊ မောင်တိုး မြင့်၊ မခင်သက်ထား၊မောင်ရဲသီဟ (UNDP)–မငြိမ်းငြိမ်းဝေ၊ မနှင်းနှင်းဝေ၊ မသူဇာ၊ မနှင်းအိဖြူတို့၏ မိခင်၊ မြေးငါးယောက်တို့၏ အဘွားသည် ၂–၉–၂၀၀၄ရက်တွင် မြောက်ဥက္ကလာပဆေးရုံကြီး၌ ကွယ်လွန်ပါ၍ ၆–၉–၂၀၀၄ရက်တွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများနံနက် ၉း၄၅ နာရီထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ကိုဖုန်းအောင်(၃၆)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ဇောတိကလမ်း၊ အမှတ်(၅၆)၊ ၅–လွှာခေါင်းရင်းနေ ဦးယဉ်အောင်(ဆောက်လုပ်ရေးရုံးချုပ်)–ဒေါ်နုနုဝင်းတို့၏သား၊ ဦးတင်ဦး–(ဒေါ်ခင်ရွှေ)၊ ဦးဝင်းမြင့်၊ ဦးမြင့်ဦး (ရေနံရုံးချုပ်)တို့၏တူ၊ ဒေါ်နီလာဝင်း၏ ခင်ပွန်း၊ မမေစပယ်ထွန်း၊ မဆုရတီလင်းတို့၏ မွေးသဖခင်၊ ဦးထွန်းထွန်းဝင်း–ဒေါ်ချိုချိုအောင်၊ ဦးခင်မောင်ဇော်ဦး–ဒေါ်စန်းစန်းမိုးတို့၏ ညီ/မောင်၊ မမျိုးမျိုးထွေး၏ အစ်ကို၊ တူ၊ တူမခြောက်ယောက်တို့၏ဦးလေးသည်၅–၉–၂၀၀၄ ရက် နံနက်၆း၃၅နာရီတွင် ကွယ်လွန်ပါ၍၇–၉–၂၀၀၄ရက် နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပါမည်။ (နေအိမ်မှ ကားများ နံနက်၁၀နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့် စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ၅၂လမ်း၊ အမှတ်–၇၇၊ (မဟာဗန္ဓုလလမ်းထောင့်) ကြေးမုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာ အမှတ်–၁၁၈၈၊ကြေးနန်းလိပ်စာကြေးမုံ၊စာတည်းမှူး၂၉၁၈၃၂၊စာတည်းများ၂၉၂၈၃၂၊ သတင်းထောက်မှူး၂၉၂၈၃၃၊ မန်နေဂျာ၂၉၁၈၃၃၊ စီမံ/ငွေစာရင်း၂၉၁၄၅၄၊ ဖြန့်ချီရေး ၂၉၂၈၃၀၊ ကြော်ငြာ၂၉၉၄၂၇၊ ပုံနှိပ်၂၉၂၈၃၁။ R/184

အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး စတုတ္ထအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ ပြဇာတ်နှင့်မျက်လှည့် ပြိုင်ပွဲဖွင့်ပွဲ အခမ်းအနားသို့ တက်ရောက် အမှာစကားပြောကြား

ရန်ကုန် စက်တင်ဘာ ၅

ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊အက၊အတီး၊အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ည ၇နာရီတွင် မန္တလေးမြို့ အမှတ်(၃)နယ်လှည့်ပြည်သူ့ဆက်ဆံရေးတပ်ခွဲရှိ ကဇာတ်ခန်းမဌကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် တက်ရောက်ပြီး အဖွင့်အမှာစကား ပြောကြားသည်။

တက်ရောက်

အခမ်းအနားသို့ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ရဲမြင့်နှင့်ဇနီး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးများ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ် ရန်သိမ်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့်ဦးစီးအရာရှိများ၊ မန္တလေးတပ်နယ်မှ တပ်ရင်း၊ တပ်ဖွဲ့မှူးများနှင့် ၎င်းတို့၏ဇနီးများ၊ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်ရှိ တပ်/ကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ တပ်မှူးများ၊ မန္တလေးမြို့ ယဉ်ကျေးမှုတက္ကသိုလ်နှင့်အနုပညာဦးစီးဌာနတို့မှ အကဲဖြတ်ဒိုင်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အမှာစကားပြောကြား

အစီအစဉ်အရ ရှေးဦးစွာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✧

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၂)၊ စစ်ရေးချုပ် ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် ကာကွယ်ရေးဝန်ကြီးဌာန ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေး ညွှန်ကြားရေးမှူးရုံး၏ စတုတ္ထအကြိမ် အဆို၊ အက၊ အတီး၊ အငြိမ့်၊ပြဇာတ်နှင့် မျက်လှည့်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားတွင် အမှတ်(၃) နယ်လှည့် ပြည်သူ့ဆက်ဆံရေး တပ်ခွဲ၏ ပြိုင်ပွဲဝင် အငြိမ့်ကပြမှုကို ကြည့်ရှုအားပေးစဉ်။(သတင်းစဉ်)

ပခုက္ကူကို ရှေ့ဝတီအနောက်ဘက်ကမ်းမြို့တော်ဖြစ်အောင် ဆောင်ရွက်ပေးနေ မကွေးတိုင်းတွင် ပခုက္ကူလေယာဉ်ကွင်းအပါအဝင် လေယာဉ်ကွင်းသစ်သုံးခု ဖွင့်လှစ်နိုင်ခဲ့

ပြည်တွင်းလေယာဉ်များ မကြာမီ စတင်ပြေးဆွဲတော့မည်

ရန်ကုန် စက်တင်ဘာ ၅

မကွေးတိုင်း ပခုက္ကူမြို့၌ တည်ဆောက်ပြီးစီးသွားသည့် ပခုက္ကူလေဆိပ် ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈နာရီတွင် အဆိုပါလေဆိပ်ရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက် အမှာစကားပြောကြားသည်။

စာမျက်နှာ ၁၀ ကော်လံ ၁ သို့ ❍

ပခုက္ကူလေဆိပ် ဖွင့်ပွဲအခမ်းအနားတွင် လေယာဉ် ဆင်းသက်လာစဉ်။ (သတင်းစဉ်)

စက်မောင်းဆီ ချွေတာဖို့ သဘာဝဓာတ်ငွေ့ယာဉ်များ သုံးစွဲစို့

- ❋ **မော်တော်ယာဉ်များတွင် ဓာတ်ဆီ၊ ဒီဇယ်ဆီအစား သဘာဝဓာတ်ငွေ့ အစားထိုး သုံးစွဲနိုင်သည်။**
- ❋ **သဘာဝဓာတ်ငွေ့သုံးစွဲခြင်းဖြင့် စက်မောင်းဆီ ချွေတာနိုင်သည့်အပြင် အင်ဂျင်သက်တမ်းကိုလည်း ပိုရှည်စေသည်။**
- ❋ **ပြည်တွင်းထွက် သဘာဝဓာတ်ငွေ့ကို အကျိုးရှိရှိ၊ လုံခြုံစိတ်ချစွာ အသုံးပြုနိုင်သည်။**
- ❋ **သဘာဝဓာတ်ငွေ့သည် ရာနှုန်းပြည့် လောင်ကျွမ်းမှုရှိသဖြင့် ပတ်ဝန်းကျင် သန့်ရှင်းမှုကို အထောက်အကူပြုသည်။**
- ❋ **အလုံအလောက်သုံးစွဲနိုင်သဖြင့် ခရီးသည်ပို့ဆောင်ရေးနှင့် ကုန်စည်စီးဆင်းမှု ပိုမို မြန်ဆန်သွက်လက်စေသည်။**

စင်ကာပူ တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲ မြန်မာ ရွှေတံဆိပ် ၉ ခု၊ ငွေတံဆိပ် ၄ ခု ဆွတ်ခူး

ရန်ကုန် စက်တင်ဘာ ၅

(၆၆)ကြိမ်မြောက် စင်ကာပူ တံခွန်စိုက် ပြေးခုန်ပစ်ပြိုင်ပွဲကို စင်ကာပူနိုင်ငံတွင် စက်တင်ဘာ ၄ ရက်နှင့် ၅ ရက်က ကျင်းပရာ မြန်မာပြေးခုန်ပစ်အဖွဲ့က ရွှေတံဆိပ် ကိုးခု၊ ငွေတံဆိပ်လေးခု ဆွတ်ခူးရရှိကာ နိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်ခဲ့သည်။

မြန်မာပြေးခုန်ပစ်အဖွဲ့အတွက် ရွှေတံဆိပ်ဆုများကို အောင်သီဟက မီတာ ၅၀၀၀ တွင် တစ်ခု၊ မီတာ ၁၀၀၀၀ တွင်တစ်ခု၊ ကေခိုင်လွင်က မီတာ ၄၀၀ တွင် တစ်ခု၊ မီတာ ၂၀၀ တွင် တစ်ခု၊ မြင့်မြင့်အေးက မီတာ ၁၅၀၀ တွင် တစ်ခု၊ မီတာ ၈၀၀ တွင် တစ်ခု၊ ကေခိုင်မျိုးထွန်းက မီတာ ၅၀၀၀ လမ်းလျှောက်ပြိုင်ပွဲတွင် တစ်ခု၊ ဖြူဝါသက်က မီတာ ၅၀၀၀ တွင်တစ်ခု၊

စာမျက်နှာ ၁၃ ကော်လံ ၅ သို့ ☆